# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၃၅၈)


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ချမှတ်ထားသည့် လူ့အခွင့်အရေးယန္တရားများနှင့် ကျင့်ဝတ်ပျက်ပြားသော ကောက်ချက်ချမှုများကို ပယ်ချ

နေပြည်တော် စက်တင်ဘာ ၂၅

ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၄၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံအပေါ် ဆန့်ကျင်သည့် ဆွေးနွေးမှု(၃)ခုကို သက်ဆိုင်ရာ မြန်မာနိုင်ငံမပါဝင်ဘဲ ကျင်းပခဲ့သည်။ ထိုဆုံးဖြတ်ချက်သည် အပြန်အလှန်ဆွေးနွေးမှုများ၏ အနှစ်သာရကို လျစ်လျူရှုကာ နိုင်ငံတစ်နိုင်ငံ၏မျက်ကွယ်တွင် တစ်ဖက်သတ်ပြုလုပ်သည့် ကိစ္စဖြစ်သောကြောင့် လူ့အခွင့်အရေးကောင်စီတွင် အန္တရာယ်ရှိသော အစဉ်အလာကို ဖြစ်ပေါ်စေခဲ့သည်။ ယင်းအပြုအမူသည် လူ့အခွင့်အရေးကောင်စီကဲ့သို့ မူဝါဒကို စောင့်ထိန်းသည့် ယန္တရားကိုယ်တိုင်က ၎င်းချမှတ်ထားသည့် မူဝါဒများနှင့် ဦးတည်ချက်များကို လေးစားလိုက်နာခြင်း ရှိ-မရှိ မေးခွန်းထုတ်ဖွယ်ပင်ဖြစ်သည်။ မြန်မာကိစ္စ အစီရင်ခံချက်များတွင်ပါရှိသော အကြောင်းအရာများမှာ တိကျမှန်ကန်နိုင်လုံမှုမရှိဘဲ လိုရာဆွဲယူဖော်ပြထားသော စွပ်စွဲချက်များသာဖြစ်သောကြောင့် အဆိုပါ စောင့်ကြည့်အစီရင်ခံရေးယန္တရားများသည် မည်သူ့ကိုမှ အကျိုးမပြုကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား (IIMM) သည် ၁၃-၉-၂၀၂၁ ရက်တွင် လူ့အခွင့်အရေးကောင်စီသို့ အစီရင်ခံခဲ့သည်။ ယင်းယန္တရား၏ လုပ်ပိုင်ခွင့်နှင့် ရည်ရွယ်ချက်များကို

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့ ဖတ်စရာ**

**ကမ္ဘာကြည့်ကြည့်မြင်၍ အမိနိုင်ငံတော်ကြီးကို ကာကွယ်ကြ** ဆောင်းပါး စာ - ၆

**ကိုဗစ် - ၁၉ ကာကွယ်ဆေးရရှိမှု ညီမျှမှုရှိစေရေး အာဖရိကခေါင်းဆောင်များ တောင်းဆို** နိုင်ငံတကာရေးရာ စာ - ၁၄

**မန်းချောင်းနှင့် ရင်းရှည်ရေလှောင်တမံတို့မှ ရေကျော်နေ၍ အရေးပေါ်အခြေအနေ အသိပေးနှိုးဆော်ထား** ပြည်တွင်းသတင်း စာ - ၂၄


## တောင်ကြီး၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၁၅၄၁ ဦးရှိ

တောင်ကြီး စက်တင်ဘာ ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်စေရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် သတ်မှတ်ထားသော ဦးတည်အုပ်စုများအား ဦးစားပေး အစီအစဉ်အလိုက် ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၄ ရက်အထိ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ စုစုပေါင်း ၁၁၅၄၁ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှ သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❐






# ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး

ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာတွင် ကူးစက်ပျံ့နှံ့လာသည့်အခါ ဦးစွာအထိနာသည့် စီးပွားရေးလုပ်ငန်းတို့တွင် ခရီးသွားလုပ်ငန်းက ထိပ်ဆုံးမှ ပါဝင်သည်။ ကပ်ရောဂါ ကာလရှည်ကြာလာသည်နှင့်အမျှ ထိခိုက်ဆုံးရှုံးမှုတို့ များသထက် များလာပြီး ဆက်လက်ရပ်တည်ရှင်သန်နိုင်ရေး ခက်ခဲလာသည့်အခြေအနေသို့လည်း ရောက်ရှိလာကြကြောင်း သိရသည်။ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွား ကုမ္ပဏီများသာမက ယင်းလုပ်ငန်းနှင့် ဆက်စပ်နေသည့် ဒေသခံဧည့်လမ်းညွှန်များ၊ အမှတ်တရပစ္စည်းထုတ်လုပ်ရောင်းချသူများ၊ စားသောက်ဆိုင်များ၊ မြင်းလှည်း၊ စက်လှေ၊ ဆိုက်ကား ပိုင်ရှင်များနှင့် လုပ်သားများ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ စသည့် ခရီးသွားလုပ်ငန်းကို မှီခိုလုပ်ကိုင်နေသူများ အများအပြားလည်း လုပ်ငန်းများ ရပ်ဆိုင်းသွားခြင်းနှင့်အတူ စားဝတ်နေရေးအပေါ် ထိခိုက်ခဲ့ကြသည်။

ယခုအခါ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရာခိုင်နှုန်း တဖြည်းဖြည်းလျော့နည်းလာနေပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုမှာလည်း နေ့စဉ်နှင့်အမျှ ပိုမိုလွှမ်းခြုံလာလျက်ရှိရာ စိတ်ချရသည့် အခြေအနေတစ်ရပ်တွင် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်မည်ဖြစ်သည်။ လက်ရှိအချိန်သည် ကိုဗစ်-၁၉ ကာလအလွန်တွင် ဖြစ်ပေါ်လာမည့် ခရီးသွားလုပ်ငန်း၏ အခွင့်အလမ်းသစ်များ၊ စိန်ခေါ်မှုအသစ်များ၊ အတွေ့အကြုံအသစ်များကို ကြိုတင်မျှော်တွေး ပြင်ဆင်ကြရမည့် အချိန်ဖြစ်သည်။ ကိုဗစ်-၁၉ ကာလအလွန်တွင် ခရီးသွားများသည် လူနေထူထပ်မှု မရှိသော နေရာများကို ရှာဖွေ၍ သွားလာကြမည်ဟု မျှော်လင့်ထားကြရာ မြို့ပြဒေသများထက် ကျေးလက်ဒေသများ၊ လူသူကျဲပါးသည့် သဘာဝနေရာများကို ရှာဖွေသွားလာကြမည်ဖြစ်သည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါ သည် ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည့်အတွက် ခရီးသွား ဧည့်သည်များ ယုံကြည်စိတ်ချမှုရရှိနိုင်ရေး ဘေးကင်းလုံခြုံမှုများ ဦးစားပေးဆောင်ရွက်ထားကြရမည်ဖြစ်ပြီး ဧည့်သည်များအတွက် ဝန်ဆောင်မှုပေးမည့်သူအားလုံး ကျန်းမာရေးအသိပညာ ပြည့်ဝစေရေးအတွက်လည်း လေ့ကျင့်ပေးထားရန် လိုအပ်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန်တွင် ပြန်လည်စတင်ရမည့် ခရီးသွားလုပ်ငန်းသည် ပြည်တွင်းခရီးသည်များအတွက် ရည်ရွယ်သည့် ပြည်တွင်းခရီးသွားလုပ်ငန်းဖြစ်သည်ဟူ၍ ခရီးသွားလုပ်ငန်းရှင်များက ရှုမြင်ထားကြကြောင်း သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အိမ်တွင်းအောင်းနေခဲ့ရသည့် ပြည်သူအများအပြားမှာ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်မည့်အချိန်ကို စောင့်မျှော်နေကြသလို အခြားတစ်ဖက်တွင်လည်း စီးပွားရေးကျဆင်းထိခိုက်မှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် သုံးစွဲနိုင်မှု လျော့ကျနိုင်သည်ကို တွက်ဆထားရမည်ဖြစ်သည်။ ဈေးနှုန်းသက်သာစွာဖြင့် သွားလာနိုင်သည့် ခရီးစဉ်အသစ်များ၊ လုံခြုံစိတ်ချရပြီး စိတ်ကျေနပ်မှု ပြည့်ဝစွာပေးနိုင်သည့် ဝန်ဆောင်မှုများဖြင့် ခရီးသွားများကို ဆွဲဆောင်ကာ တာထွက်ကောင်းမွန်မည်ဆိုပါက ခရီးသွားလုပ်ငန်းများ အလျင်အမြန်နာလန်ထူလာနိုင်မည်ဖြစ်သည်ဟု ယုံကြည်မိသည်။

စက်တင်ဘာ ၂၇ ရက်နေ့သည် ယခုနှစ်၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day-2021) ဖြစ်ပြီး "ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး"(Tourism For Inclusive Growth) ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် ကျယ်ပြန့်သော လုပ်ငန်းဖြစ်ပြီး ကဏ္ဍပေါင်းစုံတို့ ဆက်စပ်ပါဝင်နေကာ လူအများအပြား ဝင်ရောက်လုပ်ကိုင် အသက်မွေးနေကြရသည့် လုပ်ငန်းဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ကြီးကြီးမားမား အထောက်အကူပြုနိုင်သည့် လုပ်ငန်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတို့က မိမိတို့နိုင်ငံ၏ အရင်းအမြစ်အခြေအနေများပေါ်တွင် မူတည်ကာ ဝင်ငွေရှာဖွေနေကြသည့် လုပ်ငန်းလည်းဖြစ်သည်။

ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးခြင်းသည် ၎င်းနှင့်ဆက်စပ်နေသည့်လုပ်ငန်းများကိုပါ လည်ပတ်လာစေမည်ဖြစ်ရာ ကိုဗစ်-၁၉ ကာလအလွန်တွင် ပြန်လည်စတင်နိုင်ရန် ကြိုးပမ်းရမည်ဟု ယုံကြည်မိသည်။ ယင်းသို့ စတင်နိုင်ရန်မှာလည်း ဒေသများအလိုက် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ကပ်ရောဂါကူးစက်မှုကင်းစင်ရေးဟူသော လုံခြုံမှုနှစ်ရပ် မဖြစ်မနေ လိုအပ်မည်ဖြစ်ရာ သက်ဆိုင်ရာအားလုံးနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ပါဝင်သူအားလုံးတို့ ပူးပေါင်းဆောင်ရွက်နိုင်ရေး တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၅**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ဂိုဏ်းထောက် ပရိယတ္တိစာသင်တိုက်၊ ကင်ပွန်းတန်းတောရကျောင်းတိုက်၊ ဇေတဝန်ပရိယတ္တိစာသင်တိုက်၊ ရွှေမြို့ကြီးဂိုဏ်းထောက်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာရှိ မြသိန်းတန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သမဂ္ဂရာမကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့၌ အသက် ၄၀ နှစ်အထက်နှင့် ဦးစားပေးအဆင့်လိုက် ပြည်သူများအား ကာကွယ်ဆေးပထမအကြိမ်အဖြစ် ထိုးနှံပေး

**တပ်ကုန်း စက်တင်ဘာ ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် အသက် ၅၅ နှစ်အထက်နှင့် ဦးစားပေးအဆင့်လိုက် ပြည်သူများအား ကိုဗစ်ကာကွယ်ဆေး ပထမအကြိမ်ဖြစ် ထိုးနှံပေးလျက်ရှိရာ စုစုပေါင်းလူဦးရေ ၇၅၂၂ ဦး လာရောက်ထိုးနှံခဲ့ကြပြီး အသက် ၄၀ နှစ်အထက်နှင့် ဦးစားပေး အဆင့်လိုက် ပြည်သူများ ကာကွယ်ဆေး ပထမအကြိမ်ဖြစ် ပထမရက် ဆက်လက်ထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ကာကွယ်ဆေးထိုးစုရပ်၌ ထိုးနှံပေးသည်။

ထိုသို့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမှာ Sinopharm အမျိုးအစားဖြစ်ပြီး ပထမအကြိမ်ကာကွယ်ဆေးအလုံးရေ ၁၆၀၆ လုံး၊ ဒုတိယအကြိမ်ကာကွယ်ဆေး အလုံးရေ ၁၀၀၀ လုံး ထပ်မံရရှိခဲ့သည့် ကာကွယ်ဆေးများဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးထိုးအဖွဲ့၊ တပ်ကုန်းတပ်နယ်မှ ဆေးထိုးအဖွဲ့တို့က အသက် ၄၀ နှစ်အထက်နှင့် ဦးစားပေး အဆင့်လိုက် ပြည်သူများနှင့် အကြောင်း အမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသည့် ပြည်သူများအား ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးစပါးစိုက်ခင်းဧက ၂၀၀ ကျော် ရေနစ်မြုပ်

**ပွင့်ဖြူ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် စက်တင်ဘာ ၂၄ ရက်မှ ယနေ့နံနက်ပိုင်းအထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ မိုးစပါးစိုက်ခင်းဧက ၂၆၃ ဧက ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပွင့်ဖြူမြို့နယ် ကနီကျေးရွာအုပ်စုနှင့် မဒဲကျေးရွာအုပ်စုအတွင်းရှိ စာတင်ချောင်း၊ အင်စုပ်ချောင်းနှင့် ချောင်းမကြီးချောင်းတို့တွင် ရေကြီးရေလျှံမှုဖြစ်ခဲ့ပြီး ကနီကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ်(၇၄၃)တွင် မိုးစပါးစိုက်ခင်း ၃၅ ဧက၊ ကွင်းအမှတ်(၇၄၅)တွင် မိုးစပါးစိုက်ခင်း ဧက ၄၀၊ ကွင်းအမှတ်(၇၄၆)တွင် မိုးစပါးစိုက်ခင်း ဧက ၁၅၀၊ မဒဲကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ်(၇၄၉)တွင် မိုးစပါးစိုက်ခင်း ၂၃ ဧကနှင့် ကွင်းအမှတ် (၇၅၀) တွင် မိုးစပါးစိုက်ခင်း ၁၅ ဧက စုစုပေါင်း မိုးစပါးစိုက်ခင်း ၂၆၃ ဧက ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ရေကြီးရေလျှံမှုကြောင့် မိုးစပါးစိုက်ခင်းများ ရေနစ်မြုပ်မှုအခြေအနေကို သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



### ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၅-၉-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antiviral** | | | | |
| 1 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 2 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 3 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 4 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 5 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 6 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 7 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 8 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 9 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 10 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# လုပ်ငန်းရပ်အသစ်များကို ဆောင်ရွက်ခြင်းထက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းရပ်များအား အောင်မြင်အောင် ဦးစားပေးဆောင်ရွက်

မိမိတို့တာဝန်ယူသည့်ကာလအတွင်း ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရပ်အသစ်များကို ဆောင်ရွက်ခြင်းထက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းရပ်များအား အောင်မြင်အောင် ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလာမှုဆိုင်ရာကိစ္စရပ်များ၊ ပြည်သူများစွမ်းရည်ရှိအောင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား အောင်မြင်အောင် ရည်မှန်းချက်ထား ဆောင်ရွက်ကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❖ *ရှေ့ဖုံးမှ*

စတင်တည်ထောင်ကတည်းက မြန်မာနိုင်ငံမှ အသိအမှတ်မပြုကြောင်း ကြေညာခဲ့ပြီး၊ အကြိမ်ကြိမ် ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်သည်။ အဆိုပါ ယန္တရားမှ တောင်းဆိုချက်များသည် လူ့အခွင့်အရေးကို ယိုးမယ်ဖွဲ့၍ နိုင်ငံရေးသွတ်သွင်းမှုသာဖြစ်ရာ အကျိုးဆက်အနေဖြင့် အခြား အလားတူ ယန္တရားများနှင့် အစီရင်ခံစာများကဲ့သို့ပင် ထပ်ဖန်တလဲလဲ ဖော်ပြထားသော စွပ်စွဲချက်များကိုသာ ထွက်ပေါ်စေသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူက ၂၂-၉-၂၀၂၁ ရက်တွင် နှုတ်ဖြင့် အစီရင်ခံစာတင်သွင်းခဲ့သည်။ အထူးအစီရင်ခံစာတင်သွင်းသူတို့ လိုက်နာရမည့် ကျင့်ဝတ်တွင် ၎င်း၏ကောက်ချက်များကို သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများထံ ပထမဆုံးပေးပို့ရန်နှင့် လူ့အခွင့်အရေး ဆိုင်ရာ စွပ်စွဲချက်များအပေါ် အများပြည်သူသို့ ထုတ်ဖော်ပြောကြားရာတွင် သက်ဆိုင်ရာနိုင်ငံ၏ တုံ့ပြန်ချက်များကို ထည့်သွင်းဖော်ပြရန်ပါရှိသည်ကို ချိုးဖောက်ထားကြောင်း တွေ့ရပါသည်။ အထူးအစီရင်ခံစာတင်သွင်းသူက ၎င်း၏ကျင့်ဝတ်ကို လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းကြောင့် တစ်ဖက်သတ် အစီရင်ခံမှုများ ဖြစ်ပေါ်စေကာ နိုင်ငံတကာအသိုက်အဝန်းကို မြန်မာနိုင်ငံအပေါ် အထင်အမြင် လွဲမှားစေခဲ့ သည်။ ထို့ပြင် NUG အမည်ရှိ အကြမ်းဖက်အဖွဲ့က လက်နက်ကိုင်အကြမ်းဖက်မှုများ အရှိန်မြှင့်တင် တိုက်ခိုက်ရန် ၇-၉-၂၀၂၁ တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်နှင့်ပတ်သက်၍ အများက စိုးရိမ်ပူပန်နေ ကြစဉ်တွင် အထူးအစီရင်ခံစာတင်သွင်းသူက ယင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို အမွှမ်း တင်ထားကြောင်း တွေ့ရသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးသည် ၎င်း၏အစီရင်ခံစာကို ၂၃-၉-၂၀၂၁ ရက်တွင် ကောင်စီသို့တင်ပြခဲ့ပြီး ယင်းအစီရင်ခံစာတွင် ၉-၄-၂၀၂၁ ရက်၊ ပဲခူးတိုင်း၌ ဖြစ်စဉ်ကြောင့် လူပေါင်း (၈၀) ကျော် သေဆုံးခဲ့ကြောင်း စွပ်စွဲထားသည်။ အဆိုပါနေ့တွင် ပဲခူးတိုင်းရှိ နယ်မြေအချို့ကို ထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်လက်နက်ကိုင်များက လမ်းအချို့ကို စီးနင်းထားခဲ့သည်။ လုံခြုံရေး တာဝန်ရှိသူများက အတားအဆီးများကို ဖယ်ရှားစဉ် လက်နက်ကိုင်တစ်ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင် နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍လည်း မြန်မာအစိုးရက ဖြစ်ရပ်မှန်သတင်းများကို တရားဝင်ထုတ်ပြန်ထားခဲ့ပြီး ဖြစ်သည်။ ရည်ရွယ်ချက်ရှိရှိဖြင့် ချဲ့ကားထားသည့် ယင်းကိန်းဂဏန်း၏ သတင်းရင်းမြစ်တွင် သေဆုံးသူများကို "အမည်မသိ ၅၄ ဦး" ဟုသာ ဖော်ပြလျက်၊ ကျန်ထိခိုက်သည် ဆိုသူများနှင့် စပ်လျဉ်း၍လည်း စိစစ်နိုင်သော အချက်အလက်များ မပါဝင်ကြောင်း တွေ့ရှိရသည်။ သတင်းမှားများကိုအခြေခံသည့် စိတ်ခံစားချက်နှင့် အချက်အလက်ကို ခွဲခြားရန်ပျက်ကွက်သော အစီရင်ခံစာရေးသားသူများ၏ ပညာရှင်ဆန်မှုနှင့် အရည်အသွေးမှာ မေးခွန်းထုတ်ဖွယ် ဖြစ်သည်။

မြန်မာနိုင်ငံ၌ လက်ရှိနိုင်ငံရေးအခြေအနေဖြစ်ပေါ်ရသည့် အကြောင်းရင်းဖြစ်သော ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် မဲစာရင်း ၁၁.၃ သန်း (သို့မဟုတ်) တစ်နိုင်ငံလုံးရှိမဲဆန္ဒရှင်များ၏ ၂၉ ရာခိုင်နှုန်းရှိ မဲမသမာမှုများကို ယင်းအစီရင်ခံချက်အားလုံးတွင် သိသာစွာ လျစ်လျူရှုထားသည်။ ထို့ပြင် NUG၊ CRPH နှင့် PDF တို့က ကျူးလွန်သည့် အကြမ်းဖက်မှုများကို လျှော့ပေါ့ဖော်ပြထားသည်။ ဥပဒေနှင့်အညီ တည်ရှိနေသော နိုင်ငံရေးပါတီများမှ ပါတီဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူစုစုပေါင်း ၇၉၉ ဦးသည် နိုင်ငံရေးအမြင်ကွဲပြားမှု Civil Disobedience Movement ခေါ်လှုပ်ရှားမှုတွင် မပါဝင်မှုနှင့် သတင်းပေးဟု စွပ်စွဲခံရမှုတို့ကြောင့် သတ်ဖြတ်ခံရသည့် ကြောက်မက်ဖွယ် ကိန်းဂဏန်းကို ယင်းအစီရင်ခံစာ များတွင် ဖုံးကွယ်လျစ်လျူရှုထားပါသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ နေရာများကို ယင်းအကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် ကျန်းမာရေးဝန်ထမ်းများနှင့် အရပ်သားပြည်သူများ သေကျေဒဏ်ရာရရှိမှုများမှာ မျက်ကွယ်ပြု၍မရအောင် ထင်ရှားသည်။

နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ချမှတ်ထားသည့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် မမျှတသော လုပ်ပိုင်ခွင့်များသည် အောင်မြင်မှုရရှိသည်ကို မြင်တွေ့ခဲလှသည်။ ယင်းယန္တရားများက နိုင်ငံအတွင်း စိတ်ဝမ်းကွဲပြားမှုများနှင့် အထင်အမြင်လွဲမှားမှုများကိုသာ ဖြစ်ပေါ်စေသည်။ ယင်းယန္တရား များသည် မြန်မာနိုင်ငံက ရင်ဆိုင်နေရသော စိန်ခေါ်မှုများကိုဖြေရှင်းရန် အထောက်အကူမပြုသည့်အပြင် အဟန့်အတား ဖြစ်စေပါသည်။ သို့ဖြစ်၍ ယင်းသို့ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားသော ယန္တရား များ၏ အစီရင်ခံစာများနှင့် ပြောကြားချက်များကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်

## ရင်းနှီးမြှုပ်နှံသူများအပေါ် ဝန်ဆောင်မှုများပေးရာတွင် ပိုမိုလွယ်ကူမြန်ဆန်စေရေးအတွက် Online စနစ် အသုံးပြုဆောင်ရွက်ပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၂၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသ ကြီးဦးစီးမှူးရုံးရှိ တစ်နေရာတည်း၌ တစ်စုတစ်စည်း တည်း အလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့ One Stop Service (OSS) ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးနှင့် OSS ရုံး၏ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံသူများအပေါ် ဝန်ဆောင်မှုများပေးရာတွင် ပိုမိုလွယ်ကူမြန်ဆန်စေ ရေးအတွက် Online စနစ် အသုံးပြုဆောင်ရွက်ပေး နိုင်ရေး ပြင်ဆင်ဆောင်ရွက်စေရန်နှင့် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ကာ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်ရေးကိစ္စများကိုလည်းကောင်း၊ စံပြုလုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာလိုက်နာ ဆောင်ရွက်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြန်ဆန်သွက်လက်လာရေးကိစ္စများကို လည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေနှင့်အညီ ပံ့ပိုးဆောင် ရွက်ပေးနိုင်မှုအခြေအနေများ၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို လည်းကောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအသိုက်အဝန်း၏ အားကိုးယုံကြည်ရသည့် မိတ်ဖက်ဌာနများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် အလေးထားမှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် One Stop Service ဌာနအသီးသီးမှ လုပ်ငန်းဆောင်ရွက်နေမှု များနှင့် Online စနစ် ဆောင်ရွက်ရန်အတွက် ပြင်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ နိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်း ရှင်များအသင်းမှ တာဝန်ရှိသူများကို တွေ့ဆုံ၍ ပြည်တွင်း၌ မြေသြဇာထုတ်လုပ်မှုမြှင့်တင်ရေး၊ မြေသြဇာထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များ လွယ်ကူချောမွေ့စေရေး၊ မြေသြဇာထုတ်လုပ်ရေး ကဏ္ဍဖွံ့ဖြိုး တိုးတက်စေရေးနှင့် သီးနှံရာသီအလိုက် လုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးကိစ္စရပ်များကို ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်သည် အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သည်နှင့်အညီ မြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီအောင် ဆောင်ရွက်

## မြို့တော်အား Green City၊ Clean City နှင့် Smart City မြို့တော်ဖြစ်ပေါ်စေရန် ပြည့်စုံကောင်းမွန်သည့် မြို့ပြစီမံကိန်းရေးဆွဲ

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော် ရေရှည်သာယာလှပစေရန် မြို့ပြစီမံကိန်းရေးဆွဲရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် လျာထားဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ တာဝန်ရှိသူများ၊ မြို့ပြစီမံကိန်းရေးဆွဲရေးပညာရှင် ဦးဝင်းမြင့်၊ သက်ဆိုင်ရာ ဌာနမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်က နေပြည်တော်သည် အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သည်နှင့်အညီ မြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီအောင် ဆောင်ရွက်အကောင်အထည်ဖော်ရန်အတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ မြို့များအနက် နေပြည်တော်သည် စံပြမြို့တော်ဖြစ်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ မြို့တော်အား Green City၊ Clean City နှင့်Smart City မြို့တော်ဖြစ်ပေါ်စေရန် ပြည့်စုံကောင်းမွန်သည့် မြို့ပြစီမံကိန်းရေးဆွဲဆောင်ရွက်ရန် လိုအပ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက နေပြည်တော် ရေရှည်သာယာလှပစေရန် မြို့ပြစီမံကိန်းရေးဆွဲရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် လျာထားဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို အကြံပြု ဆွေးနွေးတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောခရိုင်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

## ဘူးသီးတောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ စက်တင်ဘာ ၂၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက မောင်တောခရိုင်အတွင်းရှိ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဘူးသီးတောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

### တက်ရောက်

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မောင်တောခရိုင်အတွင်းရှိ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုးက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုနှင့် ပန်းခင်းစီမံချက်အကြောင်းအား ရှင်းလင်းပြောကြားသည်။




### ဂုဏ်ပြုလက်မှတ်များ ပေးအပ်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် တာဝန်ရှိသူများက မောင်တောခရိုင်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက လက်ခံရယူကြသည်။ ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီးက မောင်တောခရိုင်အတွင်းရှိ ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သော အိမ်ထောင်စုလူဦးရေစာရင်း ၂၇၉ ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅၂၉ ကတ်အားပေးအပ်ရာ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သော မောင်တောခရိုင်ဦးစီးမှူး၊ မောင်တောမြို့နယ်ဦးစီးမှူးနှင့် ဘူးသီးတောင်မြို့နယ်ဦးစီးမှူးတို့အား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

### ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘူးသီးတောင်မြို့နယ်၊ လက်ဝဲဒက်ပြင်ရှည်ကျေးရွာတွင် တောင်သူနှစ်ဦး၏ လယ်ဧက ၁၅ ဧကတွင် ဆင်းသွယ်လတ် မိုးစပါးတောင်သူပညာပေး(Raised Bed)စိုက်ပျိုးထားရှိမှု၊ အီအမ်ဘိုကာရှီ မြေဆွေးပုံပြုလုပ်ထားရှိမှုတို့အား သွားရောက်ကြည့်ရှုအားပေးကြပြီး တောင်သူများနှင့်တွေ့ဆုံကာ တောင်သူများ၏ တင်ပြချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြပြီး တောင်သူများအား သဘာဝမြေဩဇာများ ထောက်ပံ့ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂန္ဓမာ(နတလ)ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀ - ၂၀၂၁ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၅၃၀ ဒသမ ၆၉၉ သန်းဖြင့် ကျေးလက်အိမ်ရာအလုံး ၆၀ ဆောက်လုပ်ပြီးစီးနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ခရိုင်ကျေးလက်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘူးသီးတောင်မြို့နယ် ဆေးရုံအစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များမှ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်း ချီးမြှင့်ထောက်ပံ့ခြင်း၊ အောက်ဆီဂျင်စက်ရုံအတွက် အလှူငွေပေးအပ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မောင်တောနှင့် ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုငွေကျပ်သိန်း ၂၀ စီနှင့် ဂုဏ်ပြုမှတ်တမ်းများအားလည်းကောင်း၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် အောက်ဆီဂျင်စက်ရုံအတွက် အလှူငွေကျပ် သိန်း ၁၀၀ စီအားလည်းကောင်း ထောက်ပံ့ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီးများနှင့် အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများက လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘူးသီးတောင်မြို့နယ် သစ်ခွဖြူလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေနုတ်မြောင်းပြွန်တံတားငယ် လေးစင်းတည်ဆောက်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

❒ ***ရွှေဖုံးမှ***

တောင်ကြီးမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုတွင် သံဃာတော်များ၊ သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် ၅၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါအခံရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ စက်မှုဇုန်ပြင်ပရှိ စက်ရုံ၊ အလုပ်ရုံ ဝန်ထမ်းများနှင့် အလုပ်သမားများ၊ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် စက်တင်ဘာ ၂၄ ရက်အထိ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ စုစုပေါင်း ၃၁၅၄၁ ဦးရှိကြောင်း သိရသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ်အတွင်းရှိ ပြည်သူများအား အသက်အုပ်စုအလိုက် သတ်မှတ်ပြီး ရပ်ကွက်(၂၂)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ခြောက်အုပ်စုကို တောင်ကြီးမြို့ မြို့တော်ခန်းမနှင့် အားကစားခန်းမများတွင်လည်းကောင်း၊ ကျေးရွာအုပ်စု နှစ်အုပ်စုကို မိုဘိုင်းဆေးထိုးအဖွဲ့ဖြင့်လည်းကောင်း၊ တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စုနှင့် ရွှေညောင်မြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူများအား ရွှေညောင်မြို့ ရွှေညီလာခန်းတွင်လည်းကောင်း၊ အေးသာယာမြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများအား အေးသာယာမြို့ မြို့လယ်ဓမ္မာရုံတွင်လည်းကောင်း၊ ကျောက်တလုံးကြီးမြို့နေ ပြည်သူများအား ကျောက်တလုံးကြီးမြို့ အ.ထ.က (လုံကား)နှင့် အ.ထ.က (ကျောက်တလုံးကြီး)တို့တွင်လည်းကောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်းနှင့် တောင်ကြီးမြို့နယ်ရှိ ကျန်ကျေးရွာအုပ်စုများကိုလည်း သတ်မှတ်ရက်များအလိုက် မိုဘိုင်းဆေးထိုးအဖွဲ့မှ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးစိုး(ပြန်/ဆက်)**

# ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနနှင့်ကွပ်ကဲမှုအောက်ရုံး / မီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်မိသားစုများအား ဆန်နှင့်စားသုံးဆီထောက်ပံ့ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်များကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

**ဘားအံ စက်တင်ဘာ ၂၅**

ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနနှင့် ကွပ်ကဲမှုအောက်ရုံး/မီးသတ်စခန်းများရှိ တပ်ဖွဲ့ဝင်မိသားစုများအား ဆန်နှင့် စားသုံးဆီထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိတို့ပြည်နယ်အစိုးရအဖွဲ့ တာဝန်ယူနေစဉ်ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါ တတိယလှိုင်း ကူးစက်ဖြစ်ပွားခဲ့သကဲ့သို့ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ လုံခြုံရေးလုပ်ငန်းများ၌ တပ်မတော်နှင့်ပူးပေါင်း၍ နေ့မအား ညမနား အပင်ပန်းခံ ကြိုးစားဆောင်ရွက်ပေးခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များကို အသိအမှတ်ပြုဂုဏ်ယူလေးစားသောအားဖြင့် ယနေ့ ထောက်ပံ့ပေးအပ်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ နိုင်ငံတာဝန်ကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အဓိကရည်မှန်းချက်တာဝန်ကို အောင်မြင်ပြီးမြောက်သည်အထိ ကြိုးစားထမ်းရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်မီးသတ်ဦးစီးဌာနနှင့် ကွပ်ကဲမှုအောက် ရုံး/မီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်မိသားစုများအား စုစုပေါင်း ငွေကျပ် ၂၈၃၃၀၀၀ တန်ဖိုးရှိဆန်အိတ်များနှင့်စားသုံးဆီပုံးများကို ထောက်ပံ့ပေးအပ်ရာ ပြည်နယ်မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အတွင်း လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်များအား စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို မွန်းလွဲ ၂ နာရီခန့်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့်အခြေအနေများအား ရှင်းလင်းပြောကြားပြီး အကြမ်းဖက်အဖွဲ့များ၏ ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များ ဖောက်ခွဲဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အလစ်အငိုက်ယူတိုက်ခိုက်ခြင်းများ ဆောင်ရွက်လာကြသည်ကို ထိထိရောက်ရောက် တားဆီးကာကွယ်သွားကြရမည်ဖြစ်ကြောင်း၊ ထိုအကြမ်းဖက်အဖွဲ့များ ရှိနေသေးသရွေ့ မိမိတို့ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်နေမည်ဖြစ်ကြောင်း၊ တပ်မတော်နဲ့အတူ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် PDF အကြမ်းဖက် တပ်ဖွဲ့ဝင်အချို့နှင့် လက်နက်ခဲယမ်းများအား




ဖမ်းဆီးရမိခဲ့ကြောင်း၊ ထို့ကြောင့် စွမ်းစွမ်းတမံ လုံခြုံရေးတာဝန်များ ထမ်းဆောင်ပေးပါသော တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်အဖွဲ့ဝင်များကို ယနေ့ ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လက်နက်မျိုးစုံ ၂၁ လက်နှင့် ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိသည့် မြဝတီမြို့နယ်ရဲတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း(**အပေါ်ပုံ**)၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဇော်မင်းအောင်က တပ်မတော်သား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နယ်ခြားစောင့်တပ် BGF လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က နယ်မြေခံရဲတပ်ဖွဲ့နှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများကို ဆန်နှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ပဲခူး စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့ ညနေပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံ သာသနာ့ဗိမာန်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သော ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ဆန်နှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။



### သေဆုံးမှုနှုန်းလျော့ကျ

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရောက်ရှိလာသည်နှင့် မြန်မြန်ဖြန့် မြန်မြန်ထိုးစနစ်ဖြင့် ကြိုးစားဆောင်ရွက်ခဲ့သည့်အပြင် ကိုဗစ်ရောဂါစစ်ဆေးမှုတွင်လည်း များစွာစစ်ဆေးပြီး ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုအခါ ရောဂါကူးစက်မှုသည် တိုင်းဒေသကြီးအတွင်း ၃ ရာခိုင်နှုန်းနှင့် ၄ ရာခိုင်နှုန်းခန့်သာ ရှိတော့ကြောင်း၊ အဓိကအားဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးစားမှုကြောင့် တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုနှုန်းများ အလွန်လျော့ကျလာသဖြင့် ကျေးဇူးတင်ရှိကြောင်းနှင့် ကျန်းမာရေးဆိုင်ရာကဏ္ဍများ၌ လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သော ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ဆန်၊ ကြက်သွန်နီ၊ ကုလားပဲ၊ ဆား၊ ကြက်ဥတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူပြီး ဝန်ထမ်းများကိုယ်စား ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ မြို့မစာသင်တိုက် ပဓာန နာယကဆရာတော်၊ နိုင်ငံတော်ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂန္ဓမာအား သွားရောက် ဖူးမြော်ပြီး ဆန်၊ ဆီ၊ ကုလားပဲ၊ ဆားနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ် နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၅၆ ဦး စုစုပေါင်း ၁၀၀၊ နမ့်ဖာဟော်တံတားမှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၄ ဦးနှင့် ရန်လုံကျိုင်းတံတားမှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၃ ဦးကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၂၃ ဦး၊ အမျိုးသမီး ၇၄ ဦး စုစုပေါင်း ၁၉၇ ဦးကိုလည်းကောင်း အသီးသီးလက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကမ္ဘာကြည့်ကြည့်မြင်၍ အမိနိုင်ငံတော်ကြီးကို ကာကွယ်ကြ

ဇော်လေး

**နိဒါန်း**

ဤလမ်းကြောင်း၏ လားရာသည် နိုင်ငံနှင့် လူမျိုးအတွက် အကျိုးရှိနိုင်ဖွယ်ရာ လုံးဝမပါသော တိုင်းပြည်ကို အလုံးစုံပျက်သုဉ်းရေးဆီသို့ တွန်းပို့နေခြင်းသက်သက် ရည်ရွယ်ချက်ဖြင့် ဆုံးရှုံးနစ်နာဖို့သာ ရှိပါကြောင်း အပြည့်အဝသိကြမြင်ကြဖို့ အချိန်ရောက်ပါပြီ။

ယခုအချိန်အထိ မသိမမြင်သေးဘဲ ရှေ့ဆက်၍သာ တိုးမည်ဆိုပါက မိမိတို့ မြန်မာပြည်သူတို့၏ ဘဝသည် နူရာဝဲစွဲ၊ လဲရာသူခိုးထောင်းဆိုသကဲ့သို့ နိုင်ငံတကာ နိုင်ငံရေးအမြင် ကင်းမဲ့(ကန်း)ကြသော လူအချို့မိုက်မဲမှုကြောင့် ၂၀၂၂ ခုနှစ်သည် အဆင်းရဲဆုံးနိုင်ငံအဖြစ်မှ (သူတို့ဖြစ်စေချင်သည့်အတိုင်း) ကျရှုံးနိုင်ငံအဖြစ်သို့ သက်ဆင်းပြိုကွဲသွားနိုင်ပါတော့သည်။

ဤစာကိုဖတ်ရှု၍ အမှန်တရားကို သတိပြုမိသူသည် မိမိပတ်ဝန်းကျင်ကို မျှဝေအသိပေးကြပါကုန်။ အန္တရာယ်ကင်းဝေးကာ ပြန်လည်ထူထောင်နိုင်အောင် ကြိုးစားကြရပါမည်။

**သူတို့အကြံအစည်**

အကျိုးအကြောင်း ကွင်းဆက်အရှည်ကြီးကို အကျယ်မဖော်ပြတော့ပါ။ သူတို့ ချမှတ်ထားသော လမ်းစဉ်ကိုကြည့်လိုက်ပါ။ ဘာရည်ရွယ်ချက်လဲ တွေ့ရပါလိမ့်မည်။ ဘယ်သူ့အကျိုးအတွက်လဲဆိုသည့် အချက်ကို မြင်ရပါလိမ့်မည်။ သူတို့အကျိုးအတွက် သက်သက်ဖန်တီး စီမံလုပ်ဆောင်နေပါကလားဟု အထင်အရှားနားလည်သဘောပေါက်ပါလိမ့်မည်။ မြင်အောင်ကြည့်၍ သိအောင်သုံးသပ်ကြပါ။

သူတို့သည် မြန်မာတိုင်းရင်းသားများမဟုတ်ပါ။

သင်တို့ ကျွန်ုပ်တို့လေးစားထိုက်သူများလည်း တစ်ယောက်တလေမျှပင် မပါပါ။ (နှာခေါင်းချွန်သူတွေ၊ မုတ်ဆိတ်ထူတွေသာ) နိုင်ငံခြားသားများ ချည်းသာဖြစ်ပါ၏။

သူတို့အကျိုးအတွက်၊ သူတို့စီးပွားအတွက် သူတို့အကျိုးအမြတ်တွက်ကိန်းအရ ချမှတ်စီမံနေကြခြင်းသာ ဖြစ်ကြ၏။ အတိအကျအမှန်ပါ။

သင့်ကိုကောင်းအောင် လုံးဝလုပ်မပေးနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် သင့်အတွက် လုံးဝထည့်စဉ်းစားခဲ့ခြင်းမရှိပါ။

မြန်မာပြည်၏ ကောင်းကျိုးလုံးဝမပါခဲ့ပါ။ မြန်မာပြည်သူများ၏ လူနေမှုဘဝကောင်းမွန်ရေး၊ ဖွံ့ဖြိုးရေး၊ တိုးတက်ရေး၊ အေးချမ်းသာယာရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးများလုံးဝမပါခဲ့ပါ။ ဘာပဲပါသလဲ။ အချင်းချင်းခွပ်ပြီး သေကျေပျက်စီးရေး ရည်ရွယ်ချက်ကြီးသာ ချမှတ်စီမံထားခြင်း ဖြစ်ခဲ့ပေသည်။ ယာလည်း ညက်စေ၊ ကြက်လည်းပန်းစေ။

> ❖ မြန်မာပြည် မြန်မာလူမျိုး၊ မြန်မာနိုင်ငံသား တိုင်းရင်းသားတို့၏ ကောင်းကျိုးဟူ၍ နှမ်းတစ်စေ့မျှမပါခဲ့သော ဤ "တိုင်းပြည်ဖျက် စီမံကိန်း" လူစုလှုပ်ရှားမှုရေလှိုင်းကြီးထဲမှာ မိုက်မဲမှားယွင်းစွာ သင်၏မိသားစုက ဘာကြောင့်လိုက်ပါမျောပါရမည်နည်း။ အမှားသိမြင် အမှန်ပြင်ကြပါကုန်လော့။ အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် အမှန်အမှား ခွဲခြားတတ်အောင် သုံးသပ်စေလို

နှစ်ကောင်စလုံး သေလည်းကြိုက်သည်။ ဤ တောကြက်နှစ်ကောင်လုံးကို ချက်စားဖို့ရာ မီးဖိုပေါ်မှာ ကြက်သားအိုးပင် တည်ထားခဲ့လေပြီ။ အစားခံမလား။

မြန်မာပြည် မြန်မာလူမျိုး၊ မြန်မာနိုင်ငံသား တိုင်းရင်းသားတို့၏ ကောင်းကျိုးဟူ၍ နှမ်းတစ်စေ့မျှမပါခဲ့သော ဤ "တိုင်းပြည်ဖျက် စီမံကိန်း" လူစုလှုပ်ရှားမှုရေလှိုင်းကြီးထဲမှာ မိုက်မဲမှားယွင်းစွာ သင်၏မိသားစုက ဘာကြောင့်လိုက်ပါမျောပါရမည်နည်း။ အမှားသိမြင် အမှန်ပြင်ကြပါကုန်လော့။

အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် အမှန်အမှားခွဲခြားတတ်အောင် သုံးသပ်စေလိုပါသည်။

သူတို့ချမှတ်ထားသော (အကြံ) မဟာဗျူဟာကို သင်သိပါသလား။ သိသည်၊ အားလုံးက မှန်သည် ဆက်လုပ်ထိုက်သည်။ တစ်စုံတစ်ရာကောင်းကျိုးရမည်ဟုများ ထင်သေးလျှင် ဆက်မှားပေရော့။ သွားပေတော့။

> ❍ တာဝန်သိဝန်ထမ်းများကို ရန်ပြုပိတ်ဆို့ဝိုင်းပယ်နေပါက သင်နှင့် သင့်မိသားစုကို တရားဥပဒေနှင့်အညီ အေးချမ်းလုံခြုံအောင် ကာကွယ်ပေးနေသူများအား ကျေးဇူးကန်းရာရောက်နေပြီ မဟုတ်ပါလား။ ကျေးကွင်းစွပ်သူများ၏ မိုက်မဲလွဲမှားမှုကို ဘယ်သူမှ ကယ်နိုင်မည်မဟုတ်။ လူဆိုးလူမိုက်များ၏ ဗိုလ်ကျအနိုင်ကျင့်ခံရ၍ ဘဝပျက်မှ နောင်တရရပေလိမ့်မည်။ နောက်ကျမှရသော နောင်တကား အသုံးမကျ။

မသိသေးလျှင် သိအောင်လေ့လာပါ။

မမြင်မိသေးလျှင် မြင်အောင်ကြည့်ပါ။

**မသိ လမ်းလွဲလိုက်မိနေခဲ့**

"ဒါတွေကို အစက ကျွန်တော်တို့မသိလို့ပါ"

"ဒီလိုမှန်း လုံးဝမသိခဲ့ပါ"

"ဒီလောက်အကြံပက်စက်မှန်းမသိဘူး"

"အဲဒါတွေက ဘာတွေတုံး"

ဆက်လျှောက်ရင် ဒုက္ခရောက်ဖို့သာရှိသော ထိုသူတို့၏ မဟာဗျူဟာအကြံအစည်ကား သင်တို့ကြည်ညိုသူကို အာဏာရစေဖို့လည်း လုံးဝမပါပါ။ ထားရစ်ခဲ့ပြီ။

သင်နှင့် သင့်မိသားစု ကောင်းစားရေးလည်း မပါ။

သင့်လမ်း၊ သင့်ရပ်ကွက်၊ သင့်ရွာ အကျိုးအတွက်လည်း လုံးဝမပါခဲ့ပါ။ (ပါတယ်ဆိုလျှင် လိမ်ညာခံရခြင်းသာ)

အပြည့်အဝသေချာသည်မှာ တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းကျိုးရှိစေမည့် ဦးတည်ချက်၊ ရည်ရွယ်ချက် လုံးဝမပါခဲ့ဘဲ အလုံးစုံပျက်သုဉ်းရေး ချေမှုန်းဖျက်ဆီးရေးသက်သက်အတွက် စီမံဖန်တီးထားခြင်းသာဖြစ်ကြောင်းပါ။

**အမှားသိလျှင် အမှန်ပြင်ချိန်ရ**

မကြာမီ ဇာတ်ခေါင်းကွဲမည့်ဇာတ်ထဲကို ဆက်လက်ပြီး ပါဝင်ကပြချင်သေးသပဆိုလျှင်လည်း "က" ပေရော့။ ယခုဤလမ်းဆုံမှာ အမှားသိလျှင် အမှန်ပြင်ချိန်ရပါသေး၏။ ရှေ့ခရီးလမ်းဆုံးကား သင့်ဘဝနစ်မွန်းဆုံးရှုံးရန်သာရှိနေပါ၏။ ရှေ့ကိုမျှော်ကြည့်လိုက်ပါ။

အမှားဘက်ကိုလိုက်၍ လူကြိုက်များအောင် မလုပ်ဆောင်လေနှင့်။ ဘဝက တန်ဖိုးရှိလှသည်။ လူမိုက်နှင့်ပေါင်းမိပါက ဘဝပျက်ရုံသာရှိမည်။

အမှန်ဘက်ကိုလိုက်ပါသဖြင့် လူမုန်းများပါက တစ်ခဏသာဖြစ်၏။ အမှန်တရားသည် ဓမ္မဖြစ်၍ နောက်ဆုံးမှာ အောင်မြင်မည်သာ။ အဓမ္မကို ဓမ္မဟု ထင်မှားအောင် မျက်လှည့်ပြ၍ ဇွတ်အတင်း ဆွဲဆောင်နေကြသူများ၏ အလိမ်အညာသည် မကြာမီပင် ထင်ထင်ရှားရှား မြင်တွေ့ရပါတော့မည်။

တန်ဖိုးရှိလှသော လူ့ဘဝကို မှန်ကန်သော ရပ်တည်ချက်ဖြင့် နိုင်ငံ၊ ပြည်သူ၊ ပြည်ထောင်စုသားများ၏ ကောင်းကျိုးချမ်းသာအတွက်သာ ဆက်လက်ရှင်သန်နိုင်ပါစေ။

**တိုင်းပြည်ဖျက် စီမံကိန်း**

"ဆက်ပြီးသာ ဆန္ဒပြကြ"တဲ့။ ပြည်ပက ထောက်ပံ့တဲ့ငွေက အလျဉ်မမီ။ ပြည်တွင်းကသာ ရန်ပုံငွေရှာအလှူခံပြီး ဆက်ထောက်ပံ့ကြပါတဲ့။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်နေပြီ။ မင်းတို့ပဲ အနာခံကြ၊ ငါတို့က ဆရာလုပ်ရုံပဲ။ (အဝေးကသာ ခလုတ်နှိပ်၍ ညွှန်ကြားနေ၏။ မြေပြင်မှာ သွေးမြေကျနေရပြီကို သူတို့ဝမ်းမနည်းပါ။ သွေးကွဲလေ သဘောကျလေ။ တဟားဟား ရယ်မောနေမည်။) "မင်းတို့လောက်အတဲ့လူမျိုး ငါတို့ခုမှတွေ့ဖူးတယ်"ဟု ဘိုလိုမှတ်နေကြပုံကို တွေးကြည့်လိုက်ပါ။ ငါဘယ်လောက်များ အ, လိုက်သလဲ၊ မှားလိုက်သလဲ။

တပ်မတော်သား၊ ပြည်သူ့ရဲ၊ ပြည်သူ့ဝန်ထမ်း အစိုးရအမှုထမ်းအားလုံးကို ကျက်သရေ ကင်းမဲ့အောင် ပုတ်ခတ်ရှုတ်ချ၊ နာမ်နှိမ်ပြီး ဝိုင်းပယ်အောင် လုပ်ရမည်ဟု ညွှန်ကြားသည်။ တာဝန်သိ ဝန်ထမ်းများကို ရန်ပြုပိတ်ဆို့ဝိုင်းပယ်နေပါက သင်နှင့် သင့်မိသားစုကို တရားဥပဒေနှင့်အညီ အေးချမ်း လုံခြုံအောင် ကာကွယ်ပေးနေသူများအား ကျေးဇူးကန်းရာရောက်နေပြီ မဟုတ်ပါလား။ ကျေးကွင်းစွပ်သူများ၏ မိုက်မဲလွဲမှားမှုကို ဘယ်သူမှ ကယ်နိုင်မည်မဟုတ်။ လူဆိုး လူမိုက်များ၏ ဗိုလ်ကျ အနိုင်ကျင့်ခံရ၍ ဘဝပျက်မှ နောင်တရ ရပေလိမ့်မည်။ နောက်ကျမှရသော နောင်တကား အသုံးမကျ။

လောကမှာ အမှန်သိမြင်လွယ်သူရှား၏။ အမြင်မှန်ဖို့ ကြိုးစားရပေမည်။ အမှားကို လိမ်ညာလှည့်စားလျှင် ယုံလွယ်သူက များကြ၏။ ကျွန်ုပ်တို့က ကိုယ့်လိုပဲ ရိုးရိုးစင်းစင်းတွေပဲဟု ကိုယ်ချင်းစာ၍ ယုံကြည်တတ်သော ရိုးလွန်းခြင်းသဘောပင်။

ဘုမသိ ဘမသိနှင့် ရောယောင်ပြီးမှားတတ်၏။

ဘုမသိ ဘမသိ ဆိုတာကိုပင် အချို့ကအမှန်မသိ။

**ဘု** နှင့် **ဘ** သည် **ပု** နှင့် **ပ** မှ အသံနီးကပ်သောကြောင့် စကားအရာ ပြောင်းလဲလာသော ဝေါဟာရဖြစ်ပါ၏။

**ဘု** ဆိုသည့်မူရင်းက **ပု** ဖြစ်၏။

**ပု** သည် **ပုည** ဟူသောပါဠိ ဝေါဟာရ၏အတိုကောက်ဖြစ်ပြီး **ဘ** ဟူသည် **ပ** ဟူသော ပါဠိဝေါဟာရကိုအတိုကောက်ထားခဲ့ခြင်းသာပင်။ အဓိပ္ပာယ်က မကောင်းမှုနှင့် ကောင်းမှုကို ခွဲခြားသိရေး ဖြစ်ပါ၏။

ဘု = ပု = ပုည (ပါဠိ) = ကောင်းမှု၊ မိမိကိုကောင်းကျိုးရစေသောအပြုအမူ။

ဘ = ပ = ပါပ (ပါဠိ) = မကောင်းမှု၊ မိမိနှင့်တကွလောကကို ဆိုးကျိုးဖြစ်ပေါ်စေသော အမှုကိစ္စ။

ပု နှင့် ပ ကိုကွဲကွဲပြားပြား ဂဃနဏသိကြရပါမည်။

ပု မသိ ပ မသိ ဆက်မှားမနေသင့်တော့ပြီ။

ရှင်းရှင်းလင်းလင်းသိရပေပြီ။ သင်၏ ဆုံးဖြတ်ချက်မှန်ကန်ပါစေ။


**နိဂုံး**

မြန်မာပြည်သူများ နိုင်ငံတကာ အခြေအနေကို နားလည်အောင် မျက်စိဖွင့်၍ လေ့လာပါ။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို သူတစ်ပါးလက်အောက်ကျရောက်အောင် သူတို့ကြံစည်လုပ်ဆောင်နေကြပုံကို အထင်အရှားအမှန်မြင်နိုင်ကြပါစေ။ ။

# ထားဝယ်မြို့၌ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းနှစ်ဦးတို့အား လုပ်ကြံသတ်ဖြတ်ခဲ့သူများနှင့် ဒေသအတွင်း အကြမ်းဖက်လုပ်ငန်းလုပ်ဆောင်နေသူများကို ဖမ်းဆီးရမိ

## ဖမ်းဆီးရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်

ထားဝယ်ခရိုင်အတွင်း အကြမ်းဖက်ဖောက်ခွဲရေးနှင့် လုပ်ကြံသတ်ဖြတ်မှုကျူးလွန်ရာတွင် ပါဝင်သူတရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား




**နေပြည်တော် စက်တင်ဘာ ၂၅** အကြမ်းဖက် အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့အား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၈ ရက်တွင် ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ကျက်သရေလမ်းနေ တရားခံ **နိုင်ဦး**(၅၁ နှစ်)ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ မင်းရပ်ကူးတို့လမ်းနေ **ဆက်ဦး** (၄၃နှစ်)နှင့် ဂန္ဓမာလမ်းနေ **ထွန်းဝေ** (၅၄ နှစ်) တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ နိုင်ဦး၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁၉ ရက်တွင် ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ဂန္ဓမာလမ်းနေ **လေးလေးနွယ်** (၄၂ နှစ်)ကို လည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် (၂)လမ်းနေ **အောင်သူလတ်** (၃၄ နှစ်) ကို လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်တွင် ဆန်းချည်ရပ်ကွက်နေ **ယွန်းကလျာဦး** (၂၇ နှစ်) နှင့် ဘုမ္မော်ရပ်ကွက်နေ **နှင်းနန္ဒာအောင်** (၃၀နှစ်) တို့ကို လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် အောင်ဆွေဒဂုံလမ်းနေ **သက်ပိုင်ဦး** (၂၈ နှစ်) ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **သက်ပိုင်ဦး**၏ ထွက်ဆိုချက်အရ ရေဖြူမြို့နယ် ကျောက်ထောင့်ကျေးရွာ ဘုန်းကြီးကျောင်းတွင် ခိုအောင်းနေသည့် **စိုင်းမင်းသူ** (၃၈နှစ်)၊ **အတာစိုး** (၃၉ နှစ်)၊ **ဝင်းကျော်** (၃၅ နှစ်)၊ **အောင်နိုင်ထွန်း** (၅၂နှစ်)၊ **ကိုဦး** (၃၇ နှစ်)၊ **မြတ်စိုး** (၄၇ နှစ်)၊ **အောင်ဖြိုး** (၃၃ နှစ်)၊ **ဝင်းအောင်** (၃၇ နှစ်)၊ **တင်ထွန်း** (၄၈ နှစ်)တို့ ကိုးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စိုင်းမင်းသူ၏ ထွက်ဆိုချက်အရ ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက်နေ **ထွန်းထွန်းဦး** (၃၈ နှစ်)နှင့် **မင်းဆက်မှူး** (၂၁ နှစ်)တို့ နှစ်ဦးကို လက်လုပ်သေနတ်အတို တစ်လက်၊ ၉ လုံးကျည် နှစ်တောင့်၊ ဆိုင်ကယ်တစ်စီး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ထွန်းထွန်းဦး၏ ထွက်ဆိုချက်အရ ထားဝယ်မြို့ အိုးလုပ်ရပ်ကွက်နေ **ရာဇာထွန်း** (၂၄ နှစ်)၊ **မျိုးကျော်** (၂၂နှစ်)၊ **ကျော်မင်းဦး**(၂၂ နှစ်)နှင့် **ကျော်စွာလင်း** (၄၆ နှစ်)တို့ လေးဦးကို ပွိုင့်-၂၂ သေနတ်အရှည် သုံးလက်၊ ပွိုင့်-၂၂ လက်လုပ်သေနတ်အတို တစ်လက်၊ တစ်လုံးထိုးသေနတ်အရှည် သုံးလက်၊ ၉ လုံးကျည် နှစ်တောင့်၊ လက်လုပ်မိုင်း ခုနစ်လုံး၊ စိန်ရောင်ခြည်အသံမိုင်း လေးလုံး၊ မူးယစ်ဆေးဝါးများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံများ **ဖမ်းဆီးရမိမှုအနေဖြင့် ကျား ၂၀၊ မ သုံးဦး၊ ပေါင်း ၂၃ ဦး** ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ **လက်နက်ခဲယမ်းများအနေဖြင့် လက်လုပ်သေနတ်အတို တစ်လက်၊ ပွိုင့်-၂၂ သေနတ်အရှည် သုံးလက်၊ ပွိုင့်-၂၂ လက်လုပ်သေနတ်အတို တစ်လက်၊ တစ်လုံးထိုး သေနတ်အရှည် သုံးလက်၊ ပေါင်း ရှစ်လက်၊ ၉ လုံးကျည် လေးတောင့်၊ လက်လုပ်မိုင်း ခုနစ်လုံး၊ စိန်ရောင်ခြည်လေးလုံး နှင့်မူးယစ်ဆေးဝါးများ** သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၉ ရက်တွင် တိုင်းဒေသကြီး တိုင်းရင်းသားဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဌာန၊ ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဒန်နှင့် ယာဉ်မောင်း ဝေလင်းအောင်တို့ နှစ်ဦးကို ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ဆိပ်ကမ်းလမ်းရှိ တိုင်းဒေသကြီး တိုင်းရင်းသားဖွံ့ဖြိုးရေးသင်တန်းကျောင်း အနောက်ဘက်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **အောင်ခိုင်၊ ဝေဒီဂန်း၊ ဆုမာလေး၊ ဖုန်းမဲ၊ ခိုင်ခိုင်မာ၊ ထိုက်ထိုက်၊ ကောင်းထက်ဇော်၊ မြတ်ကျော်သူ၊ အောင်ပိုင်ဦး**တို့နှင့်အတူ **သက်ဦး၊ မင်းဆက်မှူး**တို့မှ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ စက်တင်ဘာ ၂၀ ရက်တွင် ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ရွှေတောင်စားဘုရားလမ်း၊ မလိငပိတည်းခိုခန်းရှေ့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဘုမ္မော်ရပ်ကွက်စာရေး ဒေါ်စန်းစန်းဝေအား ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ကောင်းထက်ဇော်၊ မြတ်ကျော်သူ**တို့နှင့်အတူ ထွန်းထွန်းဦး၊ ရာဇာထွန်းနှင့်

*စာမျက်နှာ ၈ သို့*

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှု မရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများနှင့် ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ငါးခုမှ ယာဉ်စီးရေ ခြောက်စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင်(အိုးခွံ) ၄၃၀၊ Oxygen Plant သုံးခုနှင့် နှာခေါင်းစည်း (Mask) လေးတန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant သုံးခုမှာ ရန်ကုန်မြို့သို့ နှစ်ခုနှင့် ဘီးလင်းမြို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၁ ရက်မှ ၂၅ ရက်အတွင်း ကုမ္ပဏီ ၂၅၀ မှ ယာဉ်စီးရေ ၄၇၀ ဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၇၀၈ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၁၂၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (Bowser) ယာဉ်ဖြင့် တန် ၄၀၊ Storage Container လေးခု၊ အောက်ဆီဂျင် (အရည်) Distributor တစ်ခု၊ အောက်ဆီဂျင် (အိုးခွံ) ၉၄၆၅၀၊ Oxygen Plant ၂၄၇ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် နှစ်ခု၊ Oxygen Generato ၁၈ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၂၆၃၇ ခု၊ Test Kit ခုရေ ၇၀၀၀၀၊ PPE အစုံရေ ၁၀ သိန်းကျော်ခန့်၊ လက်အိတ် ၁၂၂ တန်နှင့် နှာခေါင်းစည်း(Mask) ၂၅၃၆ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ တင်သွင်းလာစဉ်။


ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ တင်သွင်းလာစဉ်။

စက်တင်ဘာ ၁ ရက်မှ ၂၅ ရက်အတွင်း ပြည်ပမှတင်သွင်းလာသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ် စုစုပေါင်း ၃၆ စီးမှာ ရန်ကုန်မြို့သို့ ၂၆ စီး၊ မန္တလေးမြို့သို့ လေးစီး၊ မော်လမြိုင်မြို့သို့ နှစ်စီး၊ ပဲခူးမြို့သို့ နှစ်စီး၊ မုံရွာမြို့ တစ်စီးနှင့် ပြည်မြို့သို့ တစ်စီးစီဖြစ်ပြီး Oxygen Plant စုစုပေါင်း ၂၄၈ ခုမှာ ရန်ကုန်မြို့သို့ ၁၉၀ ခု၊ မန္တလေးမြို့သို့ ၁၄ ခု၊ ပခုက္ကူမြို့သို့ သုံးခု၊ ချောက်မြို့သို့ သုံးခု၊ လားရှိုးမြို့သို့ နှစ်ခု၊ မင်းဘူးမြို့သို့ နှစ်ခု၊ မအူပင်မြို့သို့ နှစ်ခု၊ ပြင်ဦးလွင်သို့ နှစ်ခု၊ မော်လမြိုင်၊ မုံရွာ၊ မြစ်ကြီးနား၊ မိုးကောင်း၊ မြင်းမူ၊ ဒေးဒရဲ၊ မုဒုံ၊ ပြည်၊ မိတ္ထီလာ၊ မြောင်းမြ၊ ဝိုင်းမော်၊ တာချီလိတ်၊ မိုးညှင်း၊ ကံကြီးထောင့်၊ ဖားကန့်၊ အောင်လံ၊ ကဝ၊ စဉ့်ကူး၊ မြိုင်၊ ဂန့်ဂေါ၊ ထန်တလန်၊ တန့်ယန်းမြို့၊ ပဲနွယ်ကုန်း၊ ညောင်ရွှေမြို့၊ ဟားခါး၊ ကျောက်ဖြူ၊ ပုသိမ်ကြီး၊ သာစည်၊ မိုးမိတ်နှင့် အမရပူရမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

မင်းဆက်မှူးတို့မှ မူးယစ်ဆေးဝါးများသုံးစွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်ခြင်းမှာ တိုင်းဒေသကြီးတိုင်းရင်းသားဖွံ့ဖြိုးရေးသင်တန်းကျောင်းအနီးတွင် ပုန်းခိုနေစဉ် ဦးသောင်းဒန်နှင့် ဝေလင်းအောင်တို့မှ CDM ပြုလုပ်ခြင်းမရှိသောကြောင့် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဒေါ်စန်းစန်းဝေမှာလည်း CDM ပြုလုပ်မှုမရှိဘဲ ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်နေသောကြောင့် ဒလန်ဟုသတ်မှတ်ပြီး လုပ်ကြံ သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

လုပ်ကြံသတ်ဖြတ်ရေးအတွက် လိုအပ်သော လက်နက်/ခဲယမ်းများ ဝယ်ယူနိုင်ရန်အတွက် အောင်သူလတ်၊ ယွန်းကလျာဦး၊ နှင်းနန္ဒာအောင်နှင့် လေးလေးနွယ်တို့မှ ငွေကြေးထောက်ပံ့ပေးခဲ့ပြီး NLD ပါတီမှ ထားဝယ်မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင် **ဇော်လေး**(ဖမ်းဆီးရန်ကျန်)မှ ထားဝယ်မြို့နေ **အိုက်စိုး**(ဖမ်းဆီးရန်ကျန်)နှင့် မေတ္တာမြို့နေ **အောင်အောင်**(ဖမ်းဆီးရန်ကျန်)တို့ဖြင့် ချိတ်ဆက်၍ လက်နက်/ခဲယမ်းများ ဝယ်ယူခြင်းဖြစ်ကြောင်း၊ အဆိုပါ လက်နက်/ခဲယမ်းများကို နိုင်ဦး၊ ထွန်းဝေနှင့် ဆက်ဦးတို့မှ သွားရောက်သယ်ဆောင်၍လုပ်ကြံရေးအဖွဲ့ဝင်များဖြစ်သော ထွန်းထွန်းဦး၊ ရာဇာထွန်း၊ သက်ပိုင်ဦး၊ စိုင်းမင်းသူနှင့် မင်းဆက်မှူးတို့ထံ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။


ထိုသို့ အပြစ်မဲ့ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ရန်နှင့် ဒေသတွင်း ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမိန့်ပေးစီစဉ်ညွှန်ကြားသူမှာ NLD ပါတီမှ ထားဝယ်မြို့နယ် မဲဆန္ဒနယ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်းဖြစ်သူ **မိုးမိုးသူ**(ဖမ်းဆီးရန်ကျန်)နှင့် NLD ပါတီမှ ထားဝယ်မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင် **ဇော်လေး**(ဖမ်းဆီးရန်ကျန်)တို့ ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိသူများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအသိပေးထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


လက်နက်ခဲယမ်းများ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။


နတလ ဒုညွှန်မှူး စီးနင်းခဲ့သည့် မော်တော်ယာဉ်။

**တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက်တွင် လက်လုပ်ဗုံးများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံများ**




❖ *ကျောဖုံးမှ*

တရားခံများ၏ ထွက်ဆိုချက်အရ မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် နဝဒေးလမ်း အိမ်အမှတ်(၉)တွင် ဆက်စပ်တရားခံ **ဝင်းထွဋ်သော်တာ (ခ) အီတိုး (၃၁နှစ်)** ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

**ကျော်ကိုလင်း (ခ) AJ၊ စိုင်းပိုင်စိုးနောင် (ခ) မာဝီ**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **မေရီယန်၊ အောင်မြင့်မြတ်(ခ) ကဗျာ၊ သန့်ဇင်(ခ)ကျွဲကြီး၊ ထက်ဝေယံ မင်းလွင်(ခ)ရိုးရိုး**တို့သည် ဖမ်းဆီးရန်ကျန် ထားထက်ထက်၏ ချိတ်ဆက်ပေးမှုဖြင့် KNLA တပ်မဟာ(၆) နယ်မြေတွင် ဖွင့်လှစ်သော အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းနှင့် မိုးကုတ်မြို့အနီးတွင် ဖွင့်လှစ်သော TNLA အဖွဲ့၏ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတို့ကို တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

စက်တင်ဘာ ၄ ရက်တွင် ဖောက်ခွဲဖျက်ဆီးရေး ပြုလုပ်ရန်အတွက် Fountain အဖွဲ့မှ **ကျော်ကိုလင်း(ခ) AJ၊ စိုင်းပိုင်စိုးနောင်(ခ) မာဝီ**တို့သည် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **နေရွှန်းကို (ခ) James၊ မေရီယန်၊ တိုင်ရွှန်**နှင့် **အောင်ရဲ(ခ)ပိုးဥ** တို့သည် Zoom Meeting ပြုလုပ်ခဲ့ပြီး ရန်ကုန်မြို့တွင်း အဖျက်လုပ်ငန်းများနှင့် မှုခင်း/ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်နိုင်မှုမရှိစေရန် ရည်ရွယ်၍ မီးပွိုင့်များရှိ CCTV များအား ဖောက်ခွဲရန် ဆွေးနွေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **အီတိုး** သည် မေလတွင် TNLA အဖွဲ့ထံတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်မည့် လူငယ်လေးဦးကို ၎င်း၏ကားဖြင့် ပြင်ဦးလွင်-နောင်ချိုမှတစ်ဆင့် မိုးကုတ်သွားကားလမ်းပေါ်ရှိ ပလောင်ရွာတစ်ခုသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းသည် မေလတွင် အကြမ်းဖက်အဖွဲ့ဖြစ်သော NUG အဖွဲ့ထံသို့ NLD ပါတီမှ **ဖြိုးဇေယျာသော်** (၂၀၁၅ ခုနှစ် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)မှတစ်ဆင့် ပြည်သူလူထု စိုးရိမ်ဖွယ်ရာဖြစ်စေသည့် အဖျက်လုပ်ငန်းများ စီမံမှုအကြံပြုစာများအား Signal မှ တစ်ဆင့် ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖော်ထုတ်သိရှိ**

တရားခံ **စိုင်းပိုင်စိုးနောင် (ခ) မာဝီ** သည် ဩဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ အကြမ်းဖက်အဖွဲ့ဖြစ်သော NUG မှ Online တွင် သင်ကြားပေးသည့် အကြမ်းဖက်ဖောက်ခွဲရေးနှင့် မြို့ပြပြောက်ကျားသင်တန်းအား သင်တန်းသားခြောက်ဦးနှင့်အတူ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ အိဖြူသည် ဧပြီလတွင် သန်လျင်မြို့နယ်ရှိ ရှင်မွေးလွန်း ကျောင်းဝင်း၌ ပြုလုပ်သည့် အကြမ်းဖက် မိုင်းထောင်ဖောက်ခွဲရေးသင်တန်းကို တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ထင်ကျော်** သည် ABSDF တွင် ပြန်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက် လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ၉ မမ ကျည်ခုနစ်တောင့်၊ ပွိုင့်-၂၂ ကျည်ခုနစ်တောင့်နှင့် ဖြူ(စ်) တစ်ခုတို့ကို ဖမ်းဆီးရန်ကျန် **ဇာနည်(ခ) စောဇာနည်အောင်** ထံမှ ရယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ကျော်ကိုလင်း(ခ) AJ** နှင့် **စိုင်းပိုင်စိုးနောင်(ခ) မာဝီ** တို့သည် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန် **မေရီယန်** (ဖမ်းဆီးရန်ကျန်)၏ ချိတ်ဆက်ပေးပို့သော လက်လုပ်ချိန်ကိုက်မိုင်း လေးလုံးအား သွားရောက်ယူဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဝင်းကိုအောင်**သည် မေ ၈ ရက်တွင် ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ သာကေတမြို့နယ်၌ ဖမ်းဆီးရမိသော PDF အဖွဲ့ဝင်များဖြစ်သည့် **ကိုကိုမောင်၊ နန္ဒစစ်အောင်** တို့နှင့်အတူ လက်လုပ်မိုင်းများ ပြုလုပ်ခြင်းနှင့် သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် ရစဖရုံးအား လက်လုပ်မိုင်းဖောက်ခွဲရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**မေတ္တာရပ်ခံအသိပေး**

အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





မရမ်းကုန်းမြို့နယ် (၅) ရပ်ကွက် မစိုးရိမ်လမ်း အိမ်အမှတ်(၃၁-အေ) ၌ ဖမ်းဆီးရမိသည့် ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်

နေပြည်တော် စက်တင်ဘာ ၂၅

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိတ္ထီလာမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ဝမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ကျိုက်ဒုံမြို့တွင် ၂ ဒသမ ၀၈ လက်မ၊ ကနီမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၇၀ လက်မ၊ မြင်းခြံမြို့နှင့် ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ)တို့တွင် ၁ ဒသမ ၆၅ လက်မစီ၊ သာစည်မြို့တွင် ၁ ဒသမ ၆၃ လက်မ၊ ဆင်ဖြူကျွန်းမြို့တွင် ၁ ဒသမ ၆၁ လက်မနှင့် ပျဉ်းမနား(ဝဲကြီး)တွင် ၁ ဒသမ ၅၇ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မျိုးဆက်များအကြား တရားမျှတမှုနှင့် ဆင့်ကဲတိုးတက်ခြင်း

သိန်းထွန်း (IR)

◆ **တိုးတက်မှုနောက်ကျနေသည့် အခြေအနေ၊ ပဋိပက္ခများ များပြားနေသော အခြေအနေနှင့် တိုးတက်ရန်အားယူနေဆဲ အခြေအနေရှိ လူ့အဖွဲ့အစည်းနှင့် နိုင်ငံများမှ မတူညီသော မျိုးဆက်များအကြား အပြန်အလှန်ချိတ်ဆက်မှု ပိုမိုလိုအပ်မည်ဖြစ်ပေသည်။ မျိုးဆက်များအကြား အပြန်အလှန်ချိတ်ဆက်မှုသည် အသိပညာဗဟုသုတရယူခြင်းနှင့် မျှဝေခြင်း လုပ်ငန်းစဉ်အတွက် အရေးကြီးသောကဏ္ဍဖြစ်ပါသည်။ ထို့အတူ ရယူခြင်းနှင့် မျှဝေခြင်း လုပ်ငန်းစဉ်တစ်လျှောက် အသိပညာများ မြှင့်တင်ရေးလုပ်ဆောင်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ အနာဂတ်မျိုးဆက်သစ်တို့သည် ယခင်မျိုးဆက်တို့ထက် ဆင့်ကဲတိုးတက်သော အခြေအနေကို ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်ပေသည်**

## မျိုးဆက်အလိုက် လေ့လာသင်ယူခြင်းနှင့် လက်ဆင့်ကမ်းခြင်း

မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်တို့အကြား အသိပညာနှင့် ဘဝအတွေ့အကြုံများ အစဉ်အဆက် လက်ဆင့်ကမ်းလာခဲ့သည်မှာ လူ့သမိုင်းတစ်လျှောက်ဖြစ်ပါသည်။ မျိုးဆက်များဟုဆိုရာတွင် မိသားစုအလိုက် မျိုးဆက်၊ လူ့အဖွဲ့အစည်းမျိုးဆက်နှင့် နှစ်ကာလအချိန်အလိုက်မျိုးဆက်များ ပါဝင်ပါသည်။ သမိုင်းမတင်မီကာလကမှစ၍ လူ့သမိုင်းတစ်လျှောက် မျိုးဆက်တစ်ခုမှတစ်ခုသို့ အသိပညာနှင့် ဘဝအတွေ့အကြုံများ လက်ဆင့်ကမ်းလာခြင်း၊ ပူးပေါင်းလုပ်ကိုင်နိုင်ခြင်းနှင့် ပိုမိုလေ့လာသင်ယူခြင်းများကြောင့် ပညာရပ်များ၊ နည်းပညာများ၊ အတွေးအခေါ်များ၊ စနစ်များ၊ ယဉ်ကျေးမှုများနှင့် လူမှုတန်ဖိုးများ မြင့်တက်လာခဲ့ကြပြီး နောင်လာနောက်သားများ စဉ်ဆက်မပြတ်တိုးတက်မှုကို ခံစားနေကြရခြင်းဖြစ်သည်။

အခြားတစ်ဖက်တွင် စဉ်ဆက်မပြတ်တိုးတက်မှုနှင့်အတူ ရုပ်ဝတ္ထုဆိုင်ရာနှင့် ခံစားမှုပိုင်းဆိုင်ရာ ဆိုးကျိုးများလည်း ရှိနေပြန်ပါသည်။ သို့ဖြစ်ရာ ကောင်းကျိုးဆိုးကျိုးများအကြား နောင်မျိုးဆက်များအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရန်မှာ မျိုးဆက်အလိုက် အလေးထားရမည့် အရေးပါသည့် လုပ်ငန်းဖြစ်လာပါသည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အယူအဆသည် လူမှုဘဝတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများတွင် လူသိများသည့် အကြောင်းအရာတစ်ရပ် ဖြစ်ပါသည်။ ယင်းသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်၏ အရေးပါသော ရှုထောင့်တစ်ခုလည်း ဖြစ်သည်။ မျိုးဆက်များအကြား ဖွံ့ဖြိုးတိုးတက်မှု ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးသည် ဆုံးဖြတ်ချက်ချမှတ်သူများအတွက် သီအိုရီပါရာဒိုင်းများထက် လက်တွေ့ကျကျ အရေးပါသောကိစ္စရပ် ဖြစ်ပေသည်။

**“မျိုးဆက်အလိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သော အသိပညာများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မျိုးဆက်များအကြား အသိပညာနှင့် ဘဝအတွေ့အကြုံ လက်ဆင့်ကမ်းရေး (intergenerational Knowledge and life Experience transfer) သည် အရေးပါလာသည့်ကိစ္စရပ်တစ်ခု ဖြစ်လာသည်ကို တွေ့ရပါသည်။ ပို၍ ကျယ်ကျယ်ပြန့်ပြန့်ဆိုရပါက ယင်းသည် လူ့အဖွဲ့အစည်းတစ်ခု၏ သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကံကြမ္မာပင်ဖြစ်ပါသည်”**

ထို့အတူ မျိုးဆက်များအကြား ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှု တိုးတက်စေရေးနှင့် ပိုမိုစည်းလုံးသော အသိုက်အဝန်းတည်ဆောက်ရေး ရည်ရွယ်သော အလေ့အကျင့်များ ပြုစုပျိုးထောင်ရာတွင်ဖြစ်စေ၊ အခက်အခဲအတားအဆီးများ ဖယ်ရှားရာတွင်ဖြစ်စေ မျိုးဆက်များအကြား လေ့လာသင်ယူခြင်းနှင့် လက်ဆင့်ကမ်းခြင်း နည်းလမ်းလိုအပ်မည်ဖြစ်ပါသည်။

## သင်ခန်းစာယူ ပြုပြင်ပြောင်းလဲ

မျိုးဆက်ဟောင်း မျိုးဆက်သစ်တို့ဆိုသည်မှာ တသီးတခြားစီ ရှိကြသည်မဟုတ်။ မိသားစုအတွင်းကြည့်လျှင် မိဘနှင့် သားသမီးသည် တစ်ဆက်တည်းဖြစ်နေသည့် မျိုးဆက်များ ဖြစ်ကြသည်။ အချို့မိသားစုတွင် အဘိုးအဘွား၊ သားသမီးနှင့် မြေးမြစ်များအထိ မျိုးဆက်များ အတူတကွယှဉ်တွဲနေထိုင်နေကြပါသည်။ အလားတူပင် ယနေ့တွင် မျိုးဆက် အိတ်စ်၊ ဝိုင်၊ ဇက်များ အတူယှဉ်တွဲနေထိုင်လုပ်ကိုင်နေကြပါသည်။ မျိုးဆက်များ မတူညီခြင်းကြောင့် အသက်အရွယ်၊ အတွေ့အကြုံ၊ အတွေးအခေါ်၊ အယူအဆ၊ ရည်မှန်းချက်များ၊ တန်ဖိုးထားမှု၊ ပြောဆိုပြုမူဆက်ဆံပုံ၊ လုပ်ကိုင်ပုံများ ကွဲပြားခြားနားတတ်ကြပါသည်။

ထိုမတူကွဲပြားသည့် မျိုးဆက်များအကြား ဖြစ်တတ်ကြသည့် အသက်အရွယ်အခြေပြု ခွဲခြားဆက်ဆံခြင်း၊ အင်စတီကျူးရှင်းဆိုင်ရာ အတားအဆီးများ၊ တန်ဖိုးထားမှုနှင့် မျှော်မှန်းချက်မကိုက်ညီတတ်ခြင်း စသည်တို့သည် ယနေ့ လူ့အဖွဲ့အစည်းများရှိ လူငယ်၊ လူကြီးမျိုးဆက်များအကြား အပြန်အလှန် ဆက်ဆံရေး၊ နားလည်မှုရှိရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် အရည်အသွေး မြှင့်တင်ရေးတို့အတွက် ကန့်သတ်ချက်များ ဖြစ်စေပါသည်။ ယနေ့အခါ မျိုးဆက်သစ်တို့အနေဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြင်းထန်သော ဖိအားများ ရင်ဆိုင်နေကြရပါသည်။ ထို့အပြင် လုပ်ငန်းခွင်နယ်ပယ်တွင်လည်းကောင်း၊ အရွယ်ရောက်လာချိန်တွင် လည်းကောင်း မျိုးဆက်သစ်တို့သည် ပဋိပက္ခများ၊ မရေရာ မသေချာမှုများ၊ ကြောက်ရွံ့မှု၊ ကာလရှည်ကြာ အပြောင်းအလဲများနှင့် တွေ့ကြုံခံစားနေကြရပါသည်။

သို့ဖြစ်ရာ မျိုးဆက်အလိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သော အသိပညာများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မျိုးဆက်များအကြား အသိပညာနှင့် ဘဝအတွေ့အကြုံ လက်ဆင့်ကမ်းရေး (intergenerational Knowledge and life Experience transfer) သည် အရေးပါလာသည့် ကိစ္စရပ်တစ်ခု ဖြစ်လာသည်ကို တွေ့ရပါသည်။ ပို၍ကျယ်ကျယ်ပြန့်ပြန့်ဆိုရပါက ယင်းသည် လူ့အဖွဲ့အစည်းတစ်ခု၏ သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကံကြမ္မာပင်ဖြစ်ပါသည်။

မည်သို့ဆိုစေ အပြန်အလှန်သင်ယူရခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လွှဲပြောင်းလက်ဆင့်ကမ်းခြင်း၊ တိုးတက်လေ့လာသင်ယူခြင်း နည်းလမ်းတို့ဖြင့် မျိုးဆက်သစ်တို့အနေဖြင့် ရင်ဆိုင်ခဲ့ရ၊ ရင်ဆိုင်နေရဆဲ ဘဝအတွေ့အကြုံများကို ပိုင်းခြား၍ သင်ခန်းစာယူပြောင်းလဲကြရမည် ဖြစ်ပါသည်။ သို့မှသာ လူ့အသိုက်အဝန်းတစ်ခု၏ ဆင့်ကဲပြောင်းလဲတိုးတက်ခြင်းနှင့် ရေရှည်တိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

## မျိုးဆက်များအကြား တရားမျှတမှု

မျိုးဆက်များအကြား တရားမျှတမှုကို စဉ်းစားရာတွင် အနာဂတ်မျိုးဆက်များနှင့် ပတ်သက်၍ လက်ရှိမျိုးဆက်များတွင် တာဝန်ရှိခြင်းဖြစ်ပါသည်။ ယင်းစဉ်းစားမှုများတွင် ကြွယ်ဝချမ်းသာမှု ခွဲဝေခြင်း၊ သဘာဝသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် လက်ဆင့်ကမ်းခြင်းတို့အပြင် ယနေ့ အသက်ရှင်နေထိုင်ဆဲသူများ၏ အခွင့်အရေးများနှင့် အနာဂတ်မျိုးဆက်သစ်များ၏ အခွင့်အရေးများ မည်ကဲ့သို့ ဟန်ချက်ညီ တည်ဆောက်ရမည်ဆိုသည်မှာ လူမှုအဖွဲ့အစည်းတစ်ခုအတွက် ရှောင်လွှဲမရသည့်ကိစ္စ ဖြစ်ပါသည်။

မျိုးဆက်များအကြား တရားမျှတမှုသည် ကျယ်ပြန့်သော ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ ရုပ်ဝတ္ထုပိုင်းခွဲဝေမှုဆိုင်ရာ တရားမျှတမှု၊ ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများ၊ တာဝန်ယူမှု စသည့် အယူအဆဆိုင်ရာများ၊ ရှုထောင့်ဆိုင်ရာ အမြင်အမျိုးမျိုးရှိကြပါသည်။ အနာဂတ်မျိုးဆက်ဆိုင်ရာ မိမိတို့ထားရှိရမည့် ကျင့်ဝတ်ဆိုင်ရာ တာဝန်ရှိမှုသည်လည်း မျိုးဆက်များအကြား တရားမျှတမှုအတွက် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။

## ပတ်ဝန်းကျင်၏ အခြေအနေနှင့်အညီ

မျိုးဆက်များအကြား အဆင့်ဆင့် လက်ဆင့်ကမ်းကြရာတွင် တစ်ဦးချင်းအလိုက်၊ အုပ်စုအလိုက်၊ လူမှုအသိုက်အဝန်းအလိုက် အသိပညာနှင့် ဘဝအတွေ့အကြုံ လက်ဆင့်ကမ်းတတ်ကြသည်။ အသက်အရွယ်အားဖြင့်ဖြစ်စေ၊ အခြေအနေအားဖြင့်ဖြစ်စေ မတူညီသော မျိုးဆက်များအကြား အသိပညာနှင့် ဘဝအတွေ့အကြုံ မျှဝေခြင်းနှင့် လက်ဆင့်ကမ်းခြင်းသည် လေ့နံ့ဓားထစ်သဘောမဟုတ်ဘဲ ပြောင်းလဲနေသည့် အခြေအနေနှင့် ကိုက်ညီရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ယခင်က မြန်မာ့ဓလေ့တွင် အမျိုးသမီးများကို အိမ်ထောင်ထိန်းသိမ်းသူများအဖြစ်သာ အစဉ်အဆက် ယူဆခဲ့ကြသော်လည်း ယနေ့ခေတ်တွင် ကျား/မ တန်းတူညီမျှရေးကဲ့သို့သော ပြောင်းလဲနေသည့် ပြင်ပအခြေအနေများနှင့် လိုက်လျောညီထွေစွာ အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်းလာပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ယခင်ကထက် ပြင်ပအကျိုးသက်ရောက်မှု ပိုမိုများပြားနေသည်ဖြစ်ရာ ယင်းအခြေအနေတို့နှင့်အညီ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့တွင် တိုးတက်ပြောင်းလဲကြရန် လိုအပ်လာပါသည်။

သဘောမှာ လက်ဆင့်ကမ်းရယူခြင်း သက်သက်သာမဟုတ်ဘဲ ပြောင်းလဲနေသည့် အခြေအနေနှင့် လိုက်လျောညီထွေရှိစွာ လက်ခံနိုင်စွမ်း၊ ပြောင်းလဲပြုပြင်နိုင်စွမ်းနှင့် အသုံးချနိုင်စွမ်းရှိရေးဖြစ်ပါသည်။ ပြောင်းလဲပြုပြင်နိုင်စွမ်းဆိုရာတွင် အရာရာကို ပြုပြင်ပြောင်းလဲရမည်ဟု ဆိုလိုခြင်းမဟုတ်။ မိမိလူ့အဖွဲ့အစည်း၏ အခြေအနေနှင့် ကိုက်ညီစွာ ပြုပြင်ပြောင်းလဲနိုင်ရေး ဖြစ်ပါသည်။

## ပိုမိုကောင်းမွန်သော အခြေအနေဖန်တီးရေး

မျိုးဆက်များအကြား အသိပညာနဲ့ ဘဝအတွေ့အကြုံများ လက်ဆင့်ကမ်းသည့် ရည်ရွယ်ချက်များတွင် အနာဂတ်မျိုးဆက်တစ်ဦးချင်းစီ၏ ဘဝတိုးတက်မြင့်မားရန်နှင့် လူ့အဖွဲ့အစည်းအတွင်း ရေရှည်ခိုင်မာတိုးတက်သော အခြေအနေတည်ဆောက်နိုင်ရန်တို့ ပါဝင်ပါသည်။ တိုးတက်သော၊ ငြိမ်းချမ်းသော၊ တရားမျှတမှုရှိသော၊ ရေရှည်တည်တံ့သော လူ့အဖွဲ့အစည်းတစ်ရပ် မျှော်မှန်းတည်ဆောက်ရာတွင် ပစ္စုပ္ပန်ဗဟိုပြုစဉ်းစားရှုမြင် လုပ်ဆောင်ခြင်းထက် အစဉ်အဆက် နောင်ဆက်ခံမည့် မျိုးဆက်များအတွက်ပါ ထည့်သွင်းစဉ်းစားကြရပါသည်။ အနာဂတ်အတွက် အစဉ်အဆက် မျိုးဆက်အလိုက် ကိုယ်စီတာဝန်ကျေမှသာ မျိုးဆက်များအကြား တရားမျှတမှုနှင့် ပိုမိုကောင်းမွန်သော အခြေအနေကို မျှော်မှန်းနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ရာ ပစ္စုပ္ပန်မျိုးဆက်တို့အနေဖြင့် မိမိတို့၏ အမွေဆက်ခံရရှိထားသည်တို့ထက် အနာဂတ်မျိုးဆက်တို့အတွက် ပိုမိုလုံခြုံသော၊ ပိုမိုငြိမ်းချမ်းသော၊ ပိုမိုချမ်းသာကြွယ်ဝသော ကမ္ဘာကြီးအဖြစ်၊ နိုင်ငံအဖြစ်၊ လူ့အဖွဲ့အစည်းအဖြစ် ချန်ထားခဲ့ရန် ကြိုးစားရမည်

စာမျက်နှာ ၁၂ သို့

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်

နေပြည်တော် စက်တင်ဘာ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများသက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို စက်တင်ဘာ ၂၂ ရက်မှ စတင်ရောင်းချလျက်ရှိပြီး ယနေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် အောက်ဖော်ပြပါ ဈေးနှုန်းများအတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်-

| စဉ် | အမျိုးအစား | ရန်ကုန် | မန္တလေး | နေပြည်တော် |
|---|---|---|---|---|
| (က) | Ron၉၂ | ၁၁၂၂ | ၁၁၆၇ | ၁၁၆၂ |
| (ခ) | ရိုးရိုးဒီဇယ် | ၁၁၁၇ | ၁၁၅၂ | ၁၁၅၇ |
| (ဂ) | Premiumဒီဇယ် | ၁၁၂၄ | ၁၁၅၉ | ၁၁၆၄ |

သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးမည့် ဆိုင်အမည်နှင့် လိပ်စာကို အောက်တွင် ဇယားဖြင့် ဖော်ပြထားသည်။ ကျန်ရှိနေသော တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဆက်လက်ရောင်းချပေးသွားရန် စီစဉ်လျက်ရှိသည်။

စားသုံးသူပြည်သူများအနေဖြင့် စက်သုံးဆီများကို အထက်ပါဈေးနှုန်းများအတိုင်း ရောင်းချခြင်းမရှိဘဲ ဈေးနှုန်းမြှင့်တင်ရောင်းချနေသည်ကို တွေ့ရှိရပါကကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| ၁ | MMTM | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် .၀၁၂၈, အရှေ့မျဉ်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ |
| ၂ | MMTM | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် 1/အေ-၃,၂ , ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၃ | MMTM | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် 1/အေ-၃,၂ , ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄ | MMTM | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၁/၃(E/A) သံသုမာလမ်း- သယ်ကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၅ | Heyday | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၀၁၂၈, အရှေ့မျဉ်းပြိုင်ကွင်းလမ်း၊ ၁၂ ရပ်ကွက် တာမွေမြို့နယ်၊ ရန်ကုန်မြို့ |
| ၆ | Heyday | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် 1/အေ-၃,၂ , ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၇ | Heyday | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် 1/အေ-၃,၂ , ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၈ | Heyday | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၁/၃(E/A) သံသုမာလမ်း- သယ်ကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၉ | Heyday | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ်.၅၀၁/၅၁၂ , သီတာလမ်း၊ ဆေးရိုးတန်းရပ်ကွက် ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၀ | Petrol Star | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် (၄၀၄-ဘီ)၊ ခရေပင်လမ်း၊ ဒညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၁ | Gold Link | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မင်္ဂလာဒုံ |
| ၁၂ | Gold Link | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | လှိုင်သာယာ |
| ၁၃ | Gold Link | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | တိုက်ကြီး |
| ၁၄ | Gold Link | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မင်းဓမ္မ |
| ၁၅ | Gold Link | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြောက်ဒဂုံ |
| ၁၆ | Gold Link | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သန်လျင် |
| ၁၇ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂၃၅/ခ)၊ ရှခင်းသာလမ်း၊ ၁၀ တောင်ရပ်ကွက် |
| ၁၈ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၆၂)ရပ်ကွက်၊ ဧရာဝဏ်လမ်းမကြီး |
| ၁၉ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂၆)ရပ်ကွက်၊ ပင်လုံလမ်းမကြီး |
| ၂၀ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်၊(၁၄၃/၃)၊(၁၄၃/၂)၊ အမှတ်(၁၄၁)ရပ်ကွက် |
| ၂၁ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄၉၂/၆)၊ မြိုင်သာယာရပ်ကွက် |
| ၂၂ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၇၁၀)၊ ဒဂုံ-သီလဝါလမ်းမကြီးဘေး၊ ကုလားဝဲကျေးရွာ |
| ၂၃ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရွှေနံ့သာကျေးရွာအုပ်စု၊ ပုလဲရပ်ကွက် |
| ၂၄ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သနေပင်ကျေးရွာအုပ်စု |
| ၂၅ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သာယာကုန်းကျေးရွာအုပ်စု |
| ၂၆ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရတနာလမ်းမပေါ်၊ တက်လမ်းအိမ်ရာအနီး၊၁၀တောင်ရပ်ကွက် |
| ၂၇ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ပဲခူးမြစ်လမ်းမပေါ်၊ အိုးအိမ်မှတ်တိုင်အနီး ၊ ၉၂ ရပ်ကွက် |
| ၂၈ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေတိုင်းရပ်ကွက်အမှတ်-၂၇/၉၊ လူနေ/ရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ၊ (တောင်/မြောက်လမ်းဆုံ) |
| ၂၉ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ပဲခူးမြစ်လမ်း နှင့် ဧရာဝဏ်လမ်းမကြီးထောင့်၊ ဧရာဝဏ်လမ်းမကြီး၊၆၀ ရပ်ကွက် |
| ၃၀ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မင်းရဲကျော်စွာလမ်းနှင့် ကနောင်မင်းသားကြီးလမ်းထောင့် (YBS ကားဝင်းအနီး ) |
| ၃၁ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပအဝိုင်းအနီး၊ စက်မှုလက်မှုရပ်ကွက် |
| ၃၂ | Best Oil | ၁၁၂၇ | ၁၁၂၂ | ၁၁၂၉ | အမှတ် ၁၄၂၄၊ဒလ-တွံတေးလမ်းမကြီး၊ ဆာဖာချောင်ရပ်ကွက် |
| ၃၃ | Style San | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အနောက်မျဉ်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၄ | Style San | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရှမ်းစုကျေးရွာ၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းမကြီး၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၅ | Style San | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာကွင်းအမှတ် (၅၆၇/A က)ကင်မလင်းကွင် အမှတ် ၄ လမ်း၊ မှော်ဘီမြို့နယ်။ |
| ၃၆ | Shwe Byain Phyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၄၅၇, နံပါတ် ၅ ရပ်ကွက်၊ ရှခင်းသာလမ်း၊ သာကေတရပ်ကွက်၊ ရန်ကုန်မြို့ |
| ၃၇ | Shwe Byain Phyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၃လမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၃၈ | Shwe Byain Phyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ထူးချောင်းရွာ၊ နံပါတ် ၅ လမ်း၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်မြို့ T |
| ၃၉ | Shwe Byain Phyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၇၈၊ အောက်မင်္ဂလာဒုံ၊ စင့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄၀ | Shwe Byain Phyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄)လမ်းမကြီး၊တိုးဂိတ်အနီးမြို့မ(၄)ရပ်ကွက်၊ မှော်ဘီမြို့နယ် |
| ၄၁ | Shwe Byain Phyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | တွံ့တေး-ဒလလမ်း၊ တလုတော်ရပ်ကွက်၊ တံတွေးမြို့နယ် |
| ၄၂ | Asia Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ် (၉) ရပ်ကွက်၊ ဦးပုညလမ်းနှင့် မကွေးလမ်းထောင့်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၃ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်(၇)၊မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ သီရိမင်္ဂလာဈေးသစ်အဝင်လမ်း၊ဘုရင့်နောင်လမ်းမကြီး၊ (သီရိမင်္ဂလာဈေးသစ်အနီး)၊ လှိုင်မြို့နယ်။ |
| ၄၄ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေအကွက်အမှတ်(၂E/၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃-G)၊ ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်၊ (MEC ရုံးရှေ့)၊ အလုံမြို့နယ်။ |
| ၄၅ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်(၅၁F၁-ခ)၊မြေတိုင်းရပ်ကွက်အမှတ်(၃၄D)၊ (တာမွေအခွန်လတ်ဈေးအနီး)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်။ |
| ၄၆ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်(၁/၁၉)၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ကျောက်တိုင်)၊ ဗဟိုလမ်းနှင့်ဧရာဝဏ်လမ်းထောင့်၊ (သာကေတကျောက်တိုင်အနီး)၊ သာကေတမြို့နယ်။ |
| ၄၇ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်(၁/ခ)၊မြေတိုင်းရပ်ကွက်အမှတ် (၅၅၂/ ဂ)၊ အုတ်ဖိုကျေးရွာအုပ်စု၊(သာခုကန်စက်မှုဇုန်ဝင်ပေါက်ဆိုင်းဘုတ်ရှေ့)၊ အမှတ်(၄)လမ်း၊ ရွှေပြည်သာမြို့နယ်။ |
| ၄၈ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | စိုင်မွေးကျေးရွာ(၁)၊ အမှတ်(၂) လမ်းကြီးဘေး၊ လေးထောင့်ကန်၊ ဒဂုံတောင်ပိုင်းမြို့နယ်။ |
| ၄၉ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်(၁၀၃၈)၊ ဦးပိုင်အမှတ်(၈/၂ + ၉/၁)၊ ငှက်ပျောတောကွင်း၊ ပြည်တော်သာရပ်ကွက်၊ ရန်ကုန်-ပဲခူး ကားလမ်းမဘေး၊ လှည်းကူးမြို့နယ်။ |
| ၅၀ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ကျောက်ပုန်းမြောက်ကွင်း၊ အမှတ်(၄)လမ်း၊ မြို့မ(၄)ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၁ | Kyaw San& Myae Gae | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | KS ( 019 ) မှော်ဘီ အမှတ်(၄) လမ်းမကြီး |
| ၅၂ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ် (၁၆၃/ ၁)၊ သုနန္ဒာလမ်းနှင့် သုဓမ္မာလမ်းထောင့်၊ မြောက်ဥက္ကာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၃ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄) လမ်းမကြီး ၊ သာခုကန်စက်မှုဇုန်အနီး ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၄ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၁/၇၁၃၊၂/၇၁၃) ၊ ၂၁ ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန်အနီး ၊ ပြည်ထောင်စုလမ်းမကြီး၊ဒဂုံမြို့သစ်တောင်ပိုင်း၊ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၅ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄၅) ၊ ဘူတာရုံလမ်း (ခ) လမ်းသစ်လမ်း ၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၆ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၁၅) ၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ မြစိမ်းရောင်အိမ်ရာ ၊ ဒဂုံရောအဝေးပြေးရှေ့၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၇ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၁၉၄၇/က) ၊ ရန်ကုန် - ပုသိမ်လမ်းမကြီး ၊ ဘုရင့်နောင်တံတားအဆင်း ၊ FMI City အနီး ၊ လှိုင်သာယာမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၈ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ,၁ ၁၄၂ ,နံပါတ်(၂)အဝေးပြေးလမ်းမကြီးနှင့် ကြံသစ္စာလမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၅၉ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၃/ ပြည်ထောင်စုလမ်း၊ ၂၇ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၆၀ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ဂ/ ၁၆ ဟ၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပအနီး၊ မြောက်ဥက္ကလာပရပ်ကွက်၊ ရန်ကုန်မြို့ |
| ၆၁ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အောက်မင်္ဂလာဒုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၆၂ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ်.၄၁/၃၀၅, ၄လမ်းအနီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ |
| ၆၃ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၅၈၈, ၇ရပ်ကွက်၊ ရန်ကုန်-ပုသိမ်လမ်း၊ လှိုင်သာယာရပ်ကွက်၊ ရန်ကုန်မြို့ |
| ၆၄ | Petro King | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂)လမ်းမကြီး၊အင်းဝလမ်းထောင့်၊ရွာသာကြီး၊ဒဂုံအရှေ့မြို့နယ် |
| ၆၅ | Petro King | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ပြည်လမ်း မင်္ဂလာဒုံမြို့နယ် |

*စာမျက်နှာ ၁၂ သို့*

စာမျက်နှာ ၁၀ မှ

ဖြစ်ပါသည်။ အထူးသဖြင့် ယနေ့ကဲ့သို့ အချိန်တွင် မိမိတို့အနေဖြင့် အနာဂတ်မျိုးဆက်များရှင်သန်ရေး၊ တိုးတက်ရေး ရည်ရွယ်သော မျိုးဆက်များဆိုင်ရာ မျှော်မှန်းချက်၊ ဆုံးဖြတ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ကြမှသာ သားစဉ်မြေးဆက် တိုးတက်သော အနာဂတ်ကို တည်ဆောက်နိုင်ပေလိမ့်မည်။

ထိုသို့မဟုတ်ဘဲ အတိတ်မှ ဆိုးမွေများထဲတွင်သာ တဝဲလည်လည် ဆက်လက် ကျင်လည်နေမည်ဆိုပါက ပြောင်းလဲနေသည့် အခြေအနေများနှင့် ကိုက်ညီရန် ခက်ခဲခြင်း၊ တိုးတက်ရန် မလွယ်ကူခြင်းနှင့် အဆိုးသံသရာတွင် ဝဲလည်ခြင်းများကို ရင်ဆိုင်ကြုံတွေ့ကြပေလိမ့်မည်။

## အကြံတူ နောက်လူသာဖို့

မြန်မာစကားတွင် အကြံတူ နောက်လူသာစမြဲဟု ဆိုကြပါသည်။ အကြံတူ နောက်လူသာရန် ဆိုရာတွင် ခြွင်းချက်ရှိပါသည်။ ရှေ့လူ၏ အားနည်းချက် အားသာချက်များကို နောက်လူက အမြတ်ထုတ်အသုံးချနိုင်မှသာ နောက်လူသာပါလိမ့်မည်။ ရှေ့လူ၏ အားသာချက်များကို အသုံးချခြင်းဖြင့် နောက်လူအတွက် အသိအမြင်ပိုမိုရရှိနိုင်သကဲ့သို့ ရှေ့လူ၏ အားနည်းချက်များကို သင်ခန်းစာယူခြင်းဖြင့် ရှောင်ရန် ဆောင်ရန်၊ ပြုပြင်ပြောင်းလဲရန်များ ရရှိနိုင်ပါသည်။ သို့မှလည်း ရှေ့လူထက် နောက်လူက ပိုမိုသာလွန်တိုးတက်သော အခြေအနေကို ဖန်တီးနိုင်ပါမည်။ သို့မဟုတ်ဘဲ နောက်လူက ရှေ့လူ၏ အားသာချက်ကိုလည်း မယူနိုင်၊ အားနည်းချက်များကိုလည်း သင်ခန်းစာ မယူနိုင်၊ တိုးတက်လေ့လာသင်ယူမှုလည်း မရှိပါက ရှိရင်းစွဲအခြေအနေထက် တိုးတက်ရန် မျှော်မှန်းနိုင်မည် မဟုတ်ချေ။

အထူးသဖြင့် တိုးတက်မှုနောက်ကျနေသည့် အခြေအနေ၊ ပဋိပက္ခများ များပြားနေသော အခြေအနေနှင့် တိုးတက်ရန်အားယူနေဆဲအခြေအနေရှိ လူ့အဖွဲ့အစည်းနှင့် နိုင်ငံများမှ မတူညီသော မျိုးဆက်များအကြား အပြန်အလှန် ချိတ်ဆက်မှု ပိုမိုလိုအပ်မည်ဖြစ်ပေသည်။ မျိုးဆက်များအကြား အပြန်အလှန် ချိတ်ဆက်မှုသည် အသိပညာဗဟုသုတ ရယူခြင်းနှင့် မျှဝေခြင်းလုပ်ငန်းစဉ်အတွက် အရေးကြီးသော ကဏ္ဍဖြစ်ပါသည်။ ထို့အတူ ရယူခြင်းနှင့် မျှဝေခြင်း လုပ်ငန်းစဉ်တစ်လျှောက် အသိပညာများ မြှင့်တင်ရေးလုပ်ဆောင်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ အနာဂတ်မျိုးဆက်သစ်တို့သည် ယခင်မျိုးဆက်တို့ထက် ဆင့်ကဲတိုးတက်သော အခြေအနေကို ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

၁။ https://www.encyclopedia.com/education/encyclopedias-almanacs-transcripts-and-maps/intergenerational-justice

၂။ Joerg Chet Tremmel; A theory of Intergenerational Justice

၃။ IDEA၊ Intergenerational Dialogue for Democracy

၄။ https://www.unicef-irc.org/article/920-climate-change-and-intergenerational-justice.html

၅။ https://www.oecd.org/green-growth/we-need-leaders-to-act-in-service-of-future-generations.htm

စာမျက်နှာ ၁၁ မှ

| | | | | | |
|---|---|---|---|---|---|
| ၆၆ | Petro King | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ထန်းတပင်၊လှိုင်သာယာ၊ရန်ကုန်မြို့ |
| ၆၇ | Regency | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အရှေ့မြင်းပြိုင်ကွင်းနှင့် မာလာနွယ်လမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၆၈ | Regency | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရန်ကုန်-ပုသိမ်လမ်း၊ လှိုင်သာယာ-တွံတေးလမ်းထောင့်၊ လှိုင်သာယာမြို့နယ်။ |
| ၆၉ | OK Petroleum | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရန်ကုန်အမှတ် (၄)လမ်းမကြီး၊ရန်ကုန်-ပြည်လမ်းဘေးမှော်ဘီမြို့နယ် |
| ၇၀ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ် ၁/က၊မောင်းမကန်လမ်းမကြီး၊ ၁၇ ရပ်ကွက် |
| ၇၁ | Petro King | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၁ နံပါတ် (၆၀/၆၂) ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၇၂ | Petro King | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၁ နံပါတ် (၉၅၈/၉၅၉/၉၆၀), ၃၃ တိုးချဲ့ရပ်ကွက်၊ ဆားကစ်လမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |

## မန္တလေးတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| No | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| ၁ | Kyaw San & Myae Gae | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | KS ( 031 ) အုန်းချောဆိုင် (မန္တလေး-ထုံးဖို) |
| ၂ | Heyday | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ကိုတက်ဆန်းရွာ သာစည်မြို့နယ်၊ မန္တလေး |
| ၃ | Heyday | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | မြစ်သားမြို့နယ်၊ လမ်းဝွရွာ မန္တလေး |
| ၄ | Best Oil | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | အမှတ်(၄၅)/မ-၈၃၊ ၃၅လမ်း၊ ၅၂x၅၃ လမ်းကြား |
| ၅ | Best Oil | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | အမှတ်(D-1)၊၆၂လမ်း၊ တွတ်ပီကွေ့၊ စက်မှုပန်းခြံလမ်း |
| ၆ | Best Oil | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | မိုင်တိုင်(၃၇၅)၊ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ တံတားဦးအဝိုင်းထိပ် |
| ၇ | Best Oil | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၊ ပေါ်တော်မူဘုရားအနီး |
| ၈ | Best Oil | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | စစ်ကိုင်း-မန္တလေးကားလမ်းဟောင်း၊ တံတားဖြူအနီး |
| ၉ | Shwe Byain Phyu | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ၂၆ ဘီလမ်း၊ (၅၈x၅၉)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ |
| ၁၀ | Asia Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ၇၈ လမ်း၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ မန္တလေးလေယာဉ်ကွင်းလမ်းနှင့် မျက်နှာချင်းဆိုင်၊ ချမ်းမြသာစည်မြို့နယ်။ |
| ၁၁ | Asia Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | မိုင်တိုင် (၄၁၅)၊ ပေါ်တော်မူဘုရားနီး၊ စဉ့်ကိုင်မြို့။ |
| ၁၂ | Asia Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ဦးပိုင်(၁)၊ အကွက်(တ-၇/စ)၊ ၆၉ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မြို့သစ်(၁)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၃ | Asia Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ဦးပိုင်(၁)၊ အကွက်(တ-၇/စ)၊ ၆၉ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မြို့သစ်(၁)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၄ | Max Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | မြေကွက်အမှတ်(၆၀-က)၊(၈၄လမ်းx၃၂လမ်းထောင့်) ကွင်းအမှတ် (၅၇၄)အောင်နန်းရိပ်သာ၊ အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ |
| ၁၅ | Max Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ (၆၈)လမ်း၊ ကွင်းအမှတ် (၀၀-၁၀)၊ ဦးပိုင်အမှတ်(၈၁)၊ မန္တလေး။ |
| ၁၆ | Max Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | မဟာအောင်မြေမြို့နယ်၊ မန္တလေး-ပြင်ဦးလွင်လမ်း၊ (၃၆x၃၇) လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၇ | Max Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ (၇၈) လမ်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၈ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS ( 027 ) ကျွဲတပ်ဆုံ(သာစည်မြို့) |
| ၁၉ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS ( 026 ) နွားထိုးကြီးမြို့နယ်။ |
| ၂၀ | Moon Sun | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ပြည်ကြီးမင်္ဂလာ ကုန်တင်ရပ်နားစခန်း(စွယ်တော်ကားကြီးဝင်း)၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂၁ | Denko | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ၇၈ လမ်း၊ အနီး၊ခင်စောမူမဟာအောင်မြေမြို့နယ်၊ မန္တလေး |
| ၂၂ | Denko | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | (နံပါတ်-၅ က,ခ) အနီး၊ ၇၄လမ်းနှင့် မြို့မသစ်လွင်လမ်းထောင့် ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး |
| ၂၃ | Denko | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | နံပါတ် ၄၆-၄၇ မြို့ပြလမ်းနှင့် ၂၆လမ်းထောင့် (မန္တလေး-ပြင်ဦးလွင်လမ်း) ပုသိမ်ကြီးမြို့နယ်၊ မန္တလေးလမ်း |
| ၂၄ | Denko | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | နံပါတ် ၅၈၀ အေ (ထုံးဘို-မြစ်ငယ်လမ်း)အမရပူရမြို့နယ်၊မန္တလေးလမ်း |
| ၂၅ | Denko | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | နံပါတ်၁၄/၁ ရန်ကုန်-မန္တလေး ဟိုင်းဝေးလမ်း၊ အမရပူရမြို့နယ်၊မန္တလေး |
| ၂၆ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းမဘေး၊ မြို့ဦးစေတီအနီး |
| ၂၇ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | မြင်းခြံ-ညောင်ဦးလမ်းမကြီးဘေး |
| ၂၈ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | မြင်းခြံ-မန္တလေးလမ်းမကြီးဘေး မြင်းခြံမြို့ |
| ၂၉ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | မြင်းခြံ-မိတ္ထီလာလမ်းမဘေး မြင်းခြံမြို့ |
| ၃၀ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန် – မိတ္ထီလာ လမ်းဟောင်းဘေး မိတ္ထီလာမြို့ |
| ၃၁ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ဘုရားကြီးအနောက်ရပ်ကွက် အမှတ် (၁) တောင်သာမြို့ |
| ၃၂ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ရွှေပြည်ကျေးရွာအုပ်စု တောင်သာမြို့ |
| ၃၃ | Regency | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | မြင်းခြံ-မန္တလေးလမ်း၊ မြင်းခြံမြို့။ |
| ၃၄ | Regency | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ၆၃ x ၆၄ လမ်းကြား၊ ၃၅ လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| ၃၅ | Regency | ၁၁၈၂ | ၁၁၇၂ | ၁၁၇၉ | မြို့တော်ခန်းမရှေ့၊ မန္တလေး-လားရှိုးလမ်း၊ ပြင်ဦးလွင်မြို့။ |
| ၃၆ | OK Petroleum | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ညောင်ဦး-ကျောက်ပန်းတောင်းလမ်းမကြီးဘေး |
| ၃၇ | OK Petroleum | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန် – မန္တလေးလမ်းမကြီးဘေး ရွှေဒါးကျေးရွာ |
| ၃၈ | OK Petroleum | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | မြင်းခြံ-ညောင်ဦးလမ်းမကြီးဘေး |

## နေပြည်တော်တွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| ၁ | Best Oil | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | အမှတ်(၁၉)၊ မန္တလေးလမ်းနှင့် မြဝတီလမ်းထောင့် |
| ၂ | Best Oil | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ဗို(၄)လမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့်၊ ၁၃/၀န်ဆောင်မှုဇုန်ရပ် |
| ၃ | Max Energy | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိအဝေးပြေးဝင်းအရှေ့၊ ပျဉ်းမနားမြို့ရှောင်လမ်းနှင့် ရန်ကုန်-မန္တလေး ကားလမ်းမကြီးအနီး |
| ၄ | Denko | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | နံပါတ်စီ-၅ ပျဉ်းမနား-တောင်ညိုလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ မြို့မဈေးအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |
| ၅ | Petro King | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန်-ပျဉ်းမနားလမ်းဟောင်း နှင်းဆီဝိုင်းအနီး ပုဗ္ဗသီရိမြို့နယ် |
| ၆ | Petro King | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရွှေပြည်တော်ဝင်လမ်း နှင့် မြတ်မင်္ဂလာလမ်းထောင့် ဒက္ခိဏသီရိမြို့နယ် |
| ၇ | Regency | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | စီ(C) လမ်းဆုံတိုး(လ်)ဂိတ်အနီး၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။ |
| ၈ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS ( 030 ) တပ်ကုန်း |

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၅**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ဆီးရီးယားနိုင်ငံ၌ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ပဋိပက္ခကြောင့် သေဆုံးသူ သုံးသိန်းခွဲကျော်ရှိလာ

ဂျီနီဗာ စက်တင်ဘာ ၂၅

**၂၀၁၁ ခုနှစ် မတ်လမှ ၂၀၂၁ ခုနှစ် မတ်လအတွင်း ဆီးရီးယားပဋိပက္ခအတွင်း သေဆုံးရသူ ၃၅၀၂၀၉ ဦးရှိသည်ဟု ကုလသမဂ္ဂက စက်တင်ဘာ ၂၄ ရက်တွင် လူ့အခွင့်အရေးကောင်စီ၏ ၄၈ ကြိမ်မြောက် အစည်းအဝေးတွင် အစီရင်ခံစာတင်ပြခဲ့သည်။**

ကုလသမဂ္ဂလူ့အခွင့်အရေးရုံး၏ အချက်အလက်များအပေါ် မူတည်ပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်နာ မီရှဲလ်ဘက်ချလက်က ပြောသည်။

ဆီးရီးယားအစိုးရနှင့် လူမှုအဖွဲ့အစည်းများထံမှ ရရှိသော အချက်အလက်များကို စုစည်းထားခြင်းဖြစ်သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆီးရီးယား ပဋိပက္ခအတွင်း သေဆုံးခဲ့ရသည့် ၃၅၀၂၀၉ ဦးရှိပြီး ၎င်းတို့အနက် ၁၃ ယောက်တိုင်းလျှင် အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးစီ ပါဝင်သည်ဟု ဆက်လက် ပြောကြားခဲ့သည်။

သေဆုံးမှုများမှာ ယခုစာရင်းထက်ပိုမိုများပြားနိုင်ပြီး အချက်အလက် အပြည့်အဝမရှိခြင်းကြောင့် ဖော်ပြနိုင်ခြင်းမရှိဟု ၎င်းက ဆက်ပြောသည်။

ဆီးရီးယားနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ ပဋိပက္ခစတင်ခဲ့ပြီး စစ်ပွဲအသွင်သို့ လျင်မြန်စွာပြောင်းလဲခဲ့သည်။

ပြီးခဲ့သည့် နှစ်များအတွင်း ဆီးရီးယားအစိုးရ ကိုယ်စားလှယ်များနှင့် အတိုက်အခံဘက်မှ ကိုယ်စားလှယ်များ ဂျီနီဗာတွင် အကြိမ်ပေါင်းများစွာ ဆွေးနွေးခဲ့ကြသည်။ သို့သော်လည်း အဖြေရှာရန် ပျက်ကွက်ခဲ့ကြသည်။

**ဆင်ဟွာ**



ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်တွင် စစ်ပွဲကြောင့် အပျက်အစီးများကို တွေ့ရစဉ်။



ဟွာဝေးနည်းပညာကုမ္ပဏီမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ မန့်ဝမ်ကျိုး။

# ဟွာဝေးကုမ္ပဏီ ဘဏ္ဍာရေးအရာရှိချုပ် တရုတ်နိုင်ငံသို့ ပြန်လာတော့မည်

**အော့တဝါ စက်တင်ဘာ ၂၅**

ဟွာဝေးနည်းပညာ ကုမ္ပဏီမှ အဆင့်မြင့်အရာရှိတစ်ဦး ဖြစ်သူ မန့်ဝမ်ကျိုးမှာ ကနေဒါနိုင်ငံတွင် သုံးနှစ်နီးပါးကြာ ထိန်းသိမ်းခံထားရပြီးနောက် ယခုအခါ တရုတ်နိုင်ငံသို့ ထွက်ခွာခွင့်ရရှိသွားပြီဟု သိရသည်။

အမေရိကန် အာဏာပိုင်များနှင့် သဘောတူညီချက်ရရှိပြီးနောက် ယခုလို ခွင့်ပြုချက် ရရှိခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ တယ်လီကွန်း ကုမ္ပဏီကြီးမှ ဘဏ္ဍာရေး အရာရှိချုပ်ဖြစ်သူ မန့်ဝမ်ကျိုးမှာ ၂၀၁၈ ခုနှစ်တွင် အီရန်နိုင်ငံအပေါ် ပိတ်ဆို့ထားမှုများကို ချိုးဖောက်မှုကြောင့် အမေရိကန်၏ တောင်းဆိုမှုဖြင့် ကနေဒါနိုင်ငံတွင် ထိန်းသိမ်းခံထားရခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ၎င်းကို အခြားသောစွဲချက်များဖြင့် စွဲချက်တင်ခံရသည်။

နောက်ပိုင်းတွင် အာမခံဖြင့် လွတ်လာသော်လည်း ဗန်ကူးဗားမြို့ရှိနေအိမ်တွင်တင်းကျပ်သည့် စောင့်ကြည့်မှုများ အောက်တွင် နေထိုင်ရသည်။ မန့်ဝမ်ကျိုး စင်းလုံးငှားလေယာဉ်ဖြင့် တရုတ်နိုင်ငံသို့ပြန်သွားချိန် ကနေဒါဝန်ကြီးချုပ်ဂျက်စတင်ထရူးဒိုက တရုတ်နိုင်ငံတွင် ထိန်းသိမ်းခံထားရသည့် ကနေဒါနိုင်ငံသား နှစ်ဦးမှာလည်း အိမ်သို့ပြန်လာနေပြီဖြစ်ကြောင်း သတင်းထောက်များကို ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဆူဒန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုဒဏ်ကို လူပေါင်း သုံးသိန်းကျော် ခံစားခဲ့ရ

**ဂျီနီဗာ စက်တင်ဘာ ၂၅**

ဆူဒန်နိုင်ငံ ပြည်နယ် ၁၈ ခုအနက် ၁၄ ခုတွင် ရေကြီးမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကို လူပေါင်း သုံးသိန်းကျော် ခံစားခဲ့ရပြီး အခြေခံစားကုန်ပစ္စည်းများမှာ ပြတ်တောက်လုနီးနီးရှိနေပြီဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုမှ စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

ရေကြီးမှုကြောင့်နေအိမ်ပေါင်း၁၅၀၀၀ ပျက်စီးခဲ့ရသည်ဟုကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရုံးမှ ပြောသည်။ လမ်းတံတားများလည်းပျက်စီးခဲ့ရပြီး လူပေါင်းထောင်နှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်း၊ စာသင်ကျောင်းများနှင့် အများပြည်သူနှင့်ဆိုင်သည့် အဆောက်အအုံများတွင် ခိုလှုံနေရကြောင်းလည်း ဖော်ပြထားသည်။

အခြေခံစားကုန်ပစ္စည်းများ ထပ်မံဖြည့်တင်းပေးရန် လိုအပ်နေပြီဖြစ်ကြောင်း အဆိုပါရုံးမှ သတိပေးခဲ့သည်။ လူပေါင်း ၈၈၀၀၀ အတွက် အစားအသောက်နှင့် ယာယီတဲများနှင့် အခြားသော လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးရန်လိုအပ်ပြီး လူပေါင်း ၁၄၅၀၀ အတွက် ကျန်းမာရေးအစောင့်အရှောက်ပေးရန် လိုအပ်သည်ဟု သိရသည်။ ဆူဒန်အစိုးရသည်လည်း ကုလသမဂ္ဂနှင့်အခြားသော အစိုးရမဟုတ်သည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လက်တွဲလုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## မလေးရှားနိုင်ငံတွင် ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၄၅၁၄ ဦးတွေ့ရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၂၅**

မလေးရှားနိုင်ငံတွင် စက်တင်ဘာ ၂၄ ရက်ညပိုင်း၌ ကိုဗစ် –၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၄၅၁၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၂၁၇၁၂၃၂ ဦးရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ၎င်းတို့ထဲမှကိုးဦးမှာ ပြည်ပမှကူးစက်ခံလာရသူများဖြစ်ပြီး ၁၄၅၀၅ ဦးမှာ ဒေသတွင်းကူးစက်မှုဟု သိရသည်။

နောက်ထပ်သေဆုံးသူ ၂၅၀ ထပ်တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၂၄၉၃၁ ဦးရှိလာသည်။ ပြန်လည်ကျန်းမာလာသူအရေအတွက်မှာလည်း ၁၆၇၅၁ ဦးရှိလာသည့်အတွက် ပြန်လည်ကျန်းမာလာသူ စုစုပေါင်းမှာ ၁၉၅၀၄၆၄ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ဖိုက်ဇာ ကိုဗစ်–၁၉ ကာကွယ်ဆေးကို တတိယအကြိမ် ထိုးပေးရန် စီဒီစီထောက်ခံချက်ပေး

**ဝါရှင်တန် စက်တင်ဘာ ၂၅**

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(စီဒီစီ) က ဖိုက်ဇာ –ဘိုင်ရွန်တက် ကိုဗစ်–၁၉ ကာကွယ်ဆေးကို တတိယအကြိမ်အဖြစ်အချို့သောလူများတွင် ထိုးပေးရန် ခွင့်ပြုချက်ပေးခဲ့သည်။ အဆိုပါခွင့်ပြုချက်ကို စီဒီစီမှ ဒါရိုက်တာ ရိုရှဲလီ ဝေလ်လန်စကီးက စက်တင်ဘာ ၂၄ ရက်တွင် ကြေညာခဲ့သည်။

ကျန်းမာရေးအာဏာပိုင်များက ဒုတိယအကြိမ် ဖိုက်ဇာကာကွယ်ဆေးထိုးပြီး ခြောက်လရှိသူများကိုသာ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန် ခွင့်ပြုချက်ပေးခဲ့သည်။ အသက် ၆၅ နှစ်နှင့်အထက်များ အသက် ၅၀ မှ ၆၄ နှစ်ကြား ဆေးဘက်ဆိုင်ရာ အကူအညီလိုအပ်ချက်ရှိနေသူများကိုသာ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန် ထောက်ခံပေးထားသည်။

အသက် ၁၈ နှစ်မှ ၄၉ နှစ်ကြား ဆေးဘက်ဆိုင်ရာ အကူအညီလိုအပ်သူများနှင့် အသက် ၁၈ နှစ်မှ ၆၄ နှစ်ကြား ရောဂါဆိုးဆိုးရွားရွား ကူးစက်ခံရဖွယ်ရှိသောသူများကိုလည်း တတိယအကြိမ် ကာကွယ်ဆေးထိုးပေးနိုင်သည်ဟု ထောက်ခံချက်ပေးထားသည်။

ကပ်ရောဂါတိုက်ဖျက်ရေးအတွက် မသေချာမရေရာမှုများရှိနေသော်လည်း စီဒီစီအနေဖြင့် အကောင်းဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မော်ဒါနာနှင့် ဂျွန်ဆင် အင်န် ဂျွန်ဆင် ကာကွယ်ဆေးတို့ကိုလည်း အပိုဆောင်းထိုးပေးရာတွင် ခွင့်ပြုချက်ပေးနိုင်ရေးအတွက် အချက်အလက်များကို ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ကျန်းမာရေးဆိုင်ရာပညာရှင်များက ပြောသည်။ **အင်န်အိတ်ချ်ကေ**




အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(စီဒီစီ)။

# ကိုဗစ် - ၁၉ ကာကွယ်ဆေးရရှိမှု ညီမျှမှုရှိစေရေး အာဖရိကခေါင်းဆောင်များ တောင်းဆို

ကေကေစိုး

**စက်တင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အာဖရိကမှ ခေါင်းဆောင်များသည် ဒေသတွင်းကာကွယ်ဆေးပြတ်တောက်မှုနှင့် အသက်ကယ်ဆေးဖြစ်သည့် ကာကွယ်ဆေးကို ညီညီမျှမျှရရှိစေရေးအတွက် အချက်ပြပြောဆိုခဲ့ကြသည်။**

### မီးမောင်းထိုးပြ

ကိုဗစ် - ၁၉ ကာကွယ်ဆေးညီညီမျှမျှ ဖြန့်ဝေရေးနှင့် ပတ်သက်ပြီး မီးမောင်းထိုးပြခဲ့သည်။ တစ်ကမ္ဘာလုံးအနှံ့ ကာကွယ်ဆေးရရှိရာတွင် မညီမျှမှုနှင့် ပတ်သက်ပြီး ကုလသမဂ္ဂအထွေထွေညီလာခံ တတိယမြောက်နေ့အစည်းအဝေးတွင် အာဖရိကခေါင်းဆောင်များက ပြောဆိုခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် အစ္စရေးတို့ အပါအဝင် ချမ်းသာသည့်နိုင်ငံများသည် နှစ်ကြိမ်ကာကွယ်ဆေး ထိုးပြီးသူများကို တတိယအကြိမ်ကာကွယ်ဆေး ထိုးပေးရန် ပြင်ဆင်နေချိန် အာဖရိက နိုင်ငံအများစုတွင် ပထမအကြိမ် ကာကွယ်ဆေးထိုးပေးရန်ပင် အနိုင်နိုင်ဖြစ်နေရသည်။

### ရည်မှန်းထား

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အချက်အလက်များအရ အာဖရိကရှိလူဦးရေ၏ ၄ ဒသမ ၀၆ ရာခိုင်နှုန်းသာ ကာကွယ်ဆေးအပြည့်ထိုးပြီးသည်ဟု သိရသည်။ အာဖရိကသို့ ကာကွယ်ဆေးတင်ပို့ပေးမှုမှာ အလုံးရေသန်း ၂၀ မှ သန်း ၁၅၀ အထိ တိုးမြှင့်သွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလသို့ရောက်လျှင် ကာကွယ်ဆေးအပြည့်ထိုးပြီးသူ အရေအတွက် ၇၀ ရာခိုင်နှုန်းရှိလာစေရန် ရည်မှန်းထားသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကပြောသည်။ ကာကွယ်ဆေးရရှိမှုမညီမျှမှုမှာ အသားအရောင်ခွဲခြားသလိုပင် ဖြစ်သည်ဟု နမ်မီးဘီးယားသမ္မတ ဟိတ်ချ်ဂန်ဂေါ့ဘ်က ကုလသမဂ္ဂ အစည်းအဝေးတွင် ပြောကြားခဲ့သည်။



တန်ဇန်းနီးယားသမ္မတ ဆမီယာဆုလူဟုဟတ်ဆန် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားနေစဉ်။

❑ **အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အချက်အလက်များအရ အာဖရိကရှိ လူဦးရေ၏ ၄ ဒသမ ၀၆ ရာခိုင်နှုန်းသာ ကာကွယ်ဆေး အပြည့်ထိုးပြီးသည်ဟု သိရသည်။ အာဖရိကသို့ ကာကွယ်ဆေးတင်ပို့ပေးမှုမှာ အလုံးရေသန်း ၂၀ မှ သန်း ၁၅၀ အထိ တိုးမြှင့်သွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလသို့ ရောက်လျှင် ကာကွယ်ဆေးအပြည့်ထိုးပြီးသူ အရေအတွက် ၇၀ ရာခိုင်နှုန်းရှိလာစေရန် ရည်မှန်းထား**

### ကာကွယ်ဆေးမျှဝေရန် တောင်းဆို

ကျွန်ုပ်တို့ နိုင်ငံအများအပြား၌ တစ်ကြိမ် ကာကွယ်ဆေးထိုးရန်ပင် စောင့်ဆိုင်းနေရချိန်တွင် အချို့သောတိုင်းပြည်များတွင်မူ နှစ်ကြိမ် အပြည့်ထိုးပြီးသည့်အပြင် နောက်ထပ်အပိုဆောင်း၍ ကာကွယ်ဆေးထပ်ထိုးရန်ပင် ပြင်ဆင်နေကြပြီဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ တန်ဇန်းနီးယားသမ္မတ ဆမီယာဆုလူဟု ဟတ်ဆန်ကလည်း ၎င်းတို့နိုင်ငံတွင် လူဦးရေ၏ ၂ ရာခိုင်နှုန်းကိုသာ ကာကွယ်ဆေးထိုးရသေးချိန်တွင် အခြားသော နိုင်ငံများ၌မူ တတိယအကြိမ် ထိုးပေးရန်ပင် ပြုလုပ်နေကြပြီဟု ပြောသည်။ ယင်းအခြေအနေမှာ စိတ်ပျက်ဖွယ်ရာဖြစ်ပြီး ကာကွယ်ဆေးပိုလျှံကြသည့် နိုင်ငံများအနေဖြင့် အမှန်တကယ်လိုအပ်နေသည့် အခြားသောနိုင်ငံများနှင့် ကာကွယ်ဆေးမျှဝေရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။

### ကာကွယ်ဆေးသာတူညီမျှ ရရှိရေးအတွက် ပြောဆို

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အသိဉာဏ် ပညာဆိုင်ရာမူပိုင်ခွင့်တွင် ပြဋ္ဌာန်းချက်အချို့ကို ယာယီကင်းလွတ်ခွင့်ပေးရန်ကိုလည်း တောင်အာဖရိကသမ္မတရမ်မာဖိုဆာက တောင်းဆိုခဲ့သည်။ ဆင်းရဲပြီး ဝင်ငွေနိမ့်သည့် နိုင်ငံများတွင်လည်း ကိုဗစ် - ၁၉ ကာကွယ်ဆေးထုတ်လုပ်ခွင့်ပေးရန် တောင်းဆိုခဲ့သည်။ အာဖရိကပြင်ပနိုင်ငံများမှလည်း ကာကွယ်ဆေး သာတူညီမျှရရှိရေးအတွက် ပြောဆိုခဲ့ကြသည်။ ဘိုလီဗီးယား သမ္မတ လူးဝစ်အဲဘတ်တို အက်ဆေးကတ်တာကိုရာက တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးရရှိမှု မညီမျှမှုကို ရှုတ်ချပြောဆိုခဲ့သည်။ ထို့နောက် ညီညီမျှမျှ ကာကွယ်ဆေးဖြန့်ဖြူးရရှိစေရေးအတွက် တောင်းဆိုခဲ့သည်။

### အသက်ဆုံးရှုံးခဲ့ရ

နိုင်ငံတကာ ကုမ္ပဏီများအနေဖြင့်လည်း မူပိုင်ခွင့်ကို ကင်းလွတ်ခွင့်ပေးရန် တောင်းဆိုခဲ့သည်။ ကံမကောင်းစွာပင် အာဖရိက ၎င်းကာကွယ်ဆေးအပြည့်ထိုးပြီးသည့်အရေအတွက်မှာ ၃ ရာခိုင်နှုန်းသာရှိသေးသည်။ ထို့ကြောင့် အရွယ်ရောက်ပြီးသူအများစုမှာ အကာအကွယ်မဲ့ဖြစ်နေရပြီး တိုင်းပြည်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာလည်း ယိုင်လဲလုနီးနီးဖြစ်နေရသည်။ ကိုဗစ် - ၁၉ ကြောင့် အာဖရိကတိုက်တွင် လူပေါင်း ၂၀၀၀၀၀ ကျော်၏ အသက်များဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

အကယ်၍ ယခုနှုန်းအတိုင်းသာ ကာကွယ်ဆေးထိုးပေးနိုင်ပါက လူဦးရေအများအပြား ကာကွယ်ဆေးမထိုးရသေးဘဲ ဗီဇပြောင်းများဖြစ်ပေါ်လာနိုင်ကြောင်း ထိုအခါ အာဖရိကသည် ကမ္ဘာပေါ်တွင် ကိုဗစ် - ၁၉ ကူးစက်ရာဗဟိုချက် ဖြစ်လာနိုင်သည်ဟုလည်း သိရသည်။

### ရာသီဥတုပြောင်းလဲမှုကို ဆွေးနွေး

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ပတ်သက်၍လည်း စက်တင်ဘာ ၂၃ ရက်က ပြုလုပ်သည့် ကုလသမဂ္ဂအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။ ပနားမား သမ္မတ လောရန်တီနို ကိုတာဇို ကိုဟင်ကလည်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ပိုမိုဆိုးရွားလာသည်ကို နားလည်သဘောပေါက်ကြရန် ကမ္ဘာ့ခေါင်းဆောင်များကို တိုက်တွန်းပြောဆိုခဲ့သည်။ ဂိုင်ယာနာသမ္မတ မိုဟာမက်အီဖန်အယ်လီကလည်း တစ်ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ထုတ်လုပ်မှု လျှော့ချရေးတွင်လည်း ညီမျှမှုမရှိဟု ပြောဆိုခဲ့သည်။

### ညီညွတ်မှုရှိရန်ပြောကြား

ထိခိုက်လွယ်သည့် နိုင်ငံများကိုလည်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် ပတ်သက်ပြီး အကူအညီပေးကြရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။ အစိမ်းရောင်စီးပွားရေးအဖြစ် ဖန်တီးရန် ကြိုးပမ်းနေသည့် အီရတ်နိုင်ငံ၏ လုပ်ဆောင်မှုကိုလည်း အီရတ်သမ္မတ ဘာဟမ်ဆာလဲ့က ပြောကြားခဲ့သည်။ နိုင်ငံရေးနှင့် ပတ်သက်၍ အမြင်အမျိုးမျိုး ရှိကောင်းရှိနိုင်သော်လည်း ရာသီဥတုပြောင်းလဲမှုတွင်မူ ညီညွတ်မှုရှိရန် အီရတ်သမ္မတက ပြောကြားခဲ့သည်။

### အာဖဂန်အရေးဆွေးနွေး

အာဖဂန်ပြဿနာသည်လည်း အစည်းအဝေးတွင် ဆွေးနွေးရမည့် အကြောင်းအရာဖြစ်ခဲ့သည်။ အာဖဂန်နစ္စတန်နှင့် ရှည်လျားသည့် နယ်နိမိတ်ချင်း ထိစပ်နေသည့် တာဂျစ်ကစ္စတန်နိုင်ငံမှ သမ္မတ အီမန်မာလီရာမွန်ကလည်း လတ်တလောဖြစ်ပေါ်လာသည့်ဒေသတွင် လုံခြုံရေးနှင့် တည်ငြိမ်မှုကို ခြိမ်းခြောက်သည့်ပြဿနာကို ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်တွင် တာလီဘန်များ အာဏာရရှိလာပြီးနောက်ဒေသတွင်းပထဝီနိုင်ငံရေးအခြေအနေမှာ ရှုပ်ထွေးလာကြောင်းနှင့် အာဖဂန်နိုင်ငံရေးနှင့် တိုင်းရင်းသားအုပ်စုများတွင် အလုံးစုံပါဝင်သည့် အစိုးရဖွဲ့စည်းရန် ကတိမှာလည်း ပျက်ပြားခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### တောင်းဆိုခဲ့

အာဖဂန်နစ္စတန် ပဋိပက္ခမှာ နိုင်ငံအတွင်းနှင့် ဒေသတွင်းတွင် လူမှုရေးနှင့် ပြည်သူများအတွက် ကပ်ဆိုးကြီးပင်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် မာရီယိုဒရော့ဂီက ပြောသည်။ အယ်ကိုင်ဒါနှင့် ဆက်စပ်မှုရှိသည့် အဖွဲ့များ အာဖဂန်နယ်မြေအတွင်းရှိနေခြင်းကြောင့် အာဖဂန်နစ္စတန်သည် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအတွက် အန္တရာယ်တစ်ခုထပ်မံဖြစ်လာမည့်အရေးမှ တားဆီးနိုင်ကြရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။ ။

ကိုးကား - ဆင်ဟွာ

# ကိုဗစ်– ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၅၄၆ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၅၂ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၄၆၅ ဦးရှိ

(၂၅–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၄–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၅–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၁၃၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၄၆)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၅၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၂၂၄,၇၉၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၅၆,၆၂၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၇၄၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၀,၀၃၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၄၆၅)ဦး ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၅–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၃၇)ခု | (၄၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၇)ခု | (၂၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃၆)ခု | (၃၅)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၃)ခု | (၃၁)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၄၅)ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၉၁)ခု | (၁၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၆)ခု | (၁၁၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၄၁၈)ခု | (၁,၂၈၃)ဦး |
| စုစုပေါင်း | (၁၈,၁၃၃)ခု | (၁,၅၄၆) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၅- ၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၆၆၈၆၈၀ | ၃၃၁၁၂၉၉၃ | ၇၀၅၂၉၃ |
| ၂။ | အိန္ဒိယ | ၃၃၆၂၇၈၁၁ | ၃၂၈၇၆၃၁၉ | ၄၄၆၇၂၆ |
| ၃။ | ဘရာဇီး | ၂၁၃၂၇၆၁၆ | ၂၀၃၂၆၄၀၈ | ၅၉၃၆၉၈ |
| ၄။ | ဗြိတိန် | ၇၆၀၁၄၈၇ | ၆၁၃၁၁၃၇ | ၁၃၅၉၈၃ |
| ၅။ | ရုရှား | ၇၃၉၈၄၁၅ | ၆၅၉၀၉၃၃ | ၂၀၃၀၉၅ |
| ၆။ | တူရကီ | ၆၉၈၇၄၉၄ | ၆၄၅၃၂၀၁ | ၆၂၇၄၅ |
| ၇။ | ပြင်သစ် | ၆၉၈၃၆၀၁ | စိစစ်ဆဲ | ၁၁၆၄၂၀ |
| ၈။ | အီရန် | ၅၅၁၉၇၂၈ | ၄၉၂၀၉၇၈ | ၁၁၉၀၈၂ |
| ၉။ | အာဂျင်တီးနား | ၅၂၄၈၈၄၇ | ၅၁၀၇၉၁၂ | ၁၁၄၈၂၈ |
| ၁၀။ | ကိုလံဘီယာ | ၄၉၄၈၅၁၃ | ၄၇၈၈၅၇၃ | ၁၂၆၀၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၅- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၀၆၂၅၃ | ၄၀၂၀၈၀၁ | ၁၄၁၃၈၁ |
| ဖိလစ်ပိုင် | ၂၄၇၀၂၃၅ | ၂၂၆၇၇၂၀ | ၃၇၄၀၅ |
| မလေးရှား | ၂၁၇၁၂၃၂ | ၁၉၅၀၄၆၄ | ၂၄၉၃၁ |
| ထိုင်း | ၁၅၄၉၂၈၅ | ၁၄၀၈၆၀၂ | ၁၆၁၄၃ |
| ဗီယက်နမ် | ၇၄၆၆၇၈ | ၅၁၆၄၄၉ | ၁၈၄၀၀ |
| မြန်မာ | ၄၅၆၆၂၀ | ၄၁၀၀၃၃ | ၁၇၄၆၅ |
| ကမ္ဘောဒီးယား | ၁၀၈၂၅၇ | ၁၀၀၁၈၂ | ၂၂၁၈ |
| စင်ကာပူ | ၈၄၅၁၀ | ၇၃၃၉၅ | ၇၃ |
| လာအို | ၂၁၅၂၇ | ၁၇၁၀၈ | ၁၆ |
| ဘရူနိုင်း | ၆၂၈၆ | ၄၁၈၈ | ၃၇ |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို ကလေးတွေကို အိမ်မှာနေရင်း သင်ကြားပေးထားရမှာဖြစ်ပါတယ်

ဒေါက်တာသန်းနိုင်စိုး

## ထက်လျှံ

**ကျောင်းများပြန်ဖွင့်ချိန်တွင် ကိုဗစ် – ၁၉ လမ်းညွှန်ချက်များ လိုက်နာဆောင်ရွက်သင့်ပုံနှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။**

**မေး ။ ။ ကျောင်းတွေပြန်ဖွင့်တဲ့အခါ ကလေးတွေ လိုက်နာဆောင်ရွက်သင့်တဲ့အချက်တွေကို အိမ်မှာ ဘယ်လို လေ့ကျင့်ပေးထားသင့်တယ်ဆိုတာကို ပြောကြားပေးပါ။**

**ဖြေ ။ ။** ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားစဉ်ကာလမှာ ကလေးတွေ ကျန်းမာရေးနဲ့ ညီညွတ်စွာ နေထိုင်စားသောက်ရေး ဆောင်ရွက်ပေးရမယ့်အပိုင်းတွေရှိသလို တစ်ဖက်ကလည်း ကလေးတွေကို ကိုဗစ် – ၁၉ ကာကွယ်ရေးစည်းကမ်းတွေနဲ့အညီ နေထိုင်တတ်အောင် မိဘတွေအနေနဲ့ အနီးကပ်သင်ကြားပေးရမယ့်အပိုင်းတွေ ရှိပါတယ်။ မိဘတွေက ကလေးတွေကို အိမ်မှာ တတ်နိုင်သလောက်စာတွေသင်ပေးမယ်၊ အွန်လိုင်းက သင်မယ်ဆိုရင်လည်း စနစ်တကျဖြစ်အောင် ဂရုစိုက်ပေးမယ်။ ကိုဗစ် – ၁၉ ရောဂါက ကြောက်လန့်ပြီး အားငယ်ထိတ်လန့်နေရမယ့် ရောဂါမဟုတ်ပါဘူး။ ဘယ်လိုကြိုတင်ကာကွယ်လို့ရတယ်ဆိုတဲ့ ကာကွယ်ရေးနည်းလမ်းတွေကို မူကြိုအရွယ်အနေနဲ့ သိတတ်နေပြီ ဖြစ်တဲ့အတွက် ကလေးတွေကို အိမ်မှာသင်ကြားပေးရမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး Mask ကိုဘယ်လိုတပ်ရမယ်ဆိုတာ သင်ကြားပေးရမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက Mask တပ်တာနဲ့ ပတ်သက်တဲ့ ပိုစတာတွေ ထုတ်ထားတာရှိပါတယ်။ Surgical Mask ကို အသုံးပြုမယ်ဆိုရင် အရောင်ပိုရင့်တဲ့အပိုင်းကို အပြင်မှာထား၊ ကြိုးကပဲကိုင်၊ သတ္တုချောင်းပါတာကို နှာခေါင်းနဲ့ အံဝင်ခွင်ကျဖြစ်အောင်တပ်၊ လက်မဆေးဘဲ Mask ကို မကိုင်နဲ့၊ စုတ်ပြဲနေရင် မတပ်နဲ့ စသဖြင့် သင်ကြားပေးရမှာ ဖြစ်ပါတယ်။ အိမ်မှာနေရင်း ကလေးတွေနဲ့ Mask တပ်တမ်းကစားတာ စသဖြင့် ကလေးတွေကို Mask တပ်ပြီးနေတာနဲ့ ရင်းနှီးကျွမ်းဝင်အောင် သင်ကြားပေးထားရမှာဖြစ်ပါတယ်။ အိမ်မှာနေရင်း Mask တပ်တမ်းကစားထားတဲ့ကလေးက ကျောင်းကိုရောက်တဲ့အခါ Mask တပ်ရတာ သူ့အတွက် မစိမ်းတော့ပါဘူး။

ကလေးတွေမှာ မူလတန်း/အလယ်တန်းအရွယ်လောက်အထိက ဈေးကွက်ထဲမှာရှိနေတဲ့ Mask တွေနဲ့ အံဝင်ခွင်ကျ မဖြစ်တတ်ဘူး။ ကွက်တိမကျဘူး ဖြစ်နေတတ်ပါတယ်။ ဒီလိုဖြစ်နေရင် ချည်သားနဲ့ နှစ်ထပ်ချုပ်လုပ်ထားတဲ့ အဝတ် Mask နဲ့ အပေါ်က ထပ်ပြီး အုပ်ထားလိုက်ရင်၊ အောက်က Mask က ချောင်နေရင်တောင် အံဝင်ခွင်ကျ fit ဖြစ်သွားပါတယ်။ Surgical Mask တစ်ထပ်၊ အပေါ်က ချည်သားအဝတ် Mask တစ်ထပ် နှစ်ထပ်ဖြစ်ပါမယ်။ အချို့က အိမ်မှာ ဒီလိုသေချာ ကြိုတင်လေ့ကျင့်မထားတော့ ကလေးက ကျောင်းသွားတဲ့အခါမှ Mask တပ်ရတော့ မနေတတ်ဖြစ်မယ်၊ Mask က ချောင်နေရင်လည်း သေချာကာကွယ်မှုမရဖြစ်တတ်ပါတယ်။ ဒါကြောင့် Mask တပ်နည်းကို အိမ်မှာကတည်းက သင်ကြားပေးဖို့လိုပါတယ်။

နောက်တစ်ခုက လက်ဆေးနည်းဖြစ်ပါတယ်။ ကလေးကို ကဗျာလေးတွေနဲ့ လက်ကို စက္ကန့် ၂၀ ကြာအောင် ဆေးမယ်။ အမြှုပ်ကလေးတွေ ထွက်လာတဲ့အထိ ဆေးမယ်။ ဖဝါး၊ ဖမိုး လက်ခေါက်ချိုး၊ လက်ကြား လက်မ မကျန်စေရ၊ ကုတ်၍ ခြစ်ပါ လက္ခဏာ၊ လက်ကောက်ဝတ်မှာ အဆုံးသတ်ပါ ဒီလိုလေးတွေ ရွတ်ဆိုသင်ကြားပေးမယ်။ နောက်ပြီး တစ်ယောက်နဲ့တစ်ယောက် ကစားတဲ့အခါ နီးနီးကပ်ကပ်မကစားဖို့၊ ဒါတွေကို မိဘတွေက ကြိုတင်သင်ကြားပေးဖို့လိုပါတယ်။ ခဲဖျက်တွေ၊ ခဲတံ စတာတွေကို အခြားသူတွေနဲ့မျှဝေမသုံးဖို့၊ လက်မဆေးဘဲ နှာခေါင်းပါးစပ်ကို မကိုင်မိဖို့၊ ဒါတွေကို အခုကတည်းက လေ့ကျင့်သင်ကြားထားဖို့ လိုပါတယ်။

ဒီလို လေ့ကျင့်သင်ကြားထားရင် ကလေးတွေကိုယ်တိုင်က ကာကွယ်ရေးနည်းလမ်းတွေကို မှတ်မိပြီး မိဘတွေကို ပြန်ပြီးသတိပေးရတာတွေအထိ ရှိလာပါတယ်။ ဒီလိုဖြစ်အောင် ကလေးတွေကို လေ့ကျင့်သင်ကြား ပေးထားဖို့လိုပါတယ်။ ဒါ့အပြင် ကလေးတွေကို ဂိမ်းအလွန်အကျွံမကစားဖို့၊ အိပ်ရေးဝအောင်အိပ်ဖို့၊ အစားအသောက်တွေကို အာဟာရပြည့်ဝအောင်၊ အားရှိအောင်စားတတ်တဲ့ အလေ့အထဖြစ်အောင် ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဒါဆိုရင် ကလေးတွေက ကိုယ်ခံအားလည်း ကောင်းမယ်၊ ကာကွယ်ရေးနည်းလမ်းတွေကိုလည်း သိရှိလိုက်နာအကျင့်ပါနေရင် ကျောင်းပြန်တက်တဲ့အချိန်မှာ အဆင်သင့်ဖြစ်နေမှာ ဖြစ်ပါတယ်။ **ဒီလိုအရွယ်ငယ်စဉ်ကတည်းက ကျန်းမာရေးနဲ့ ညီညွတ်စွာ နေထိုင်စားသောက်တတ်တာတွေက အသက်ကြီးလာသည်အထိ အလေ့အထဖြစ်ပြီး အမြစ်တွယ်သွားမယ်ဆိုရင် မိမိတို့နိုင်ငံမှာ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ပြည့်ဝတဲ့ မျိုးဆက်သစ်လူငယ်တွေ အများကြီး ပေါ်ထွက်လာမှာဖြစ်ပါတယ်။**

> **“မိဘတွေအနေနဲ့ ကလေးက နေမကောင်းဘူး၊ ဖျားနေတယ်၊ အနံ့မရဘူးဆိုရင် ကျောင်းကို လုံးဝမလွှတ်ဖို့ အရေးကြီးပါတယ်။ ကလေးကိုယ်တိုင်ဖျားတာပဲ ဖြစ်ဖြစ်၊ မိသားစုထဲမှာ ကိုဗစ်-၁၉ သံသယလက္ခဏာ ခံစားနေရသူရှိတာ၊ ကိုဗစ်-၁၉ အတည်ပြုလူနာနဲ့ လွန်ခဲ့တဲ့ ၁၄ ရက်အတွင်း အနီးကပ်ထိတွေ့ထားသူရှိတာ အဲဒီလိုလူတွေနဲ့လည်း ကလေးနဲ့ အနီးကပ်ထိတွေ့ထားတာရှိရင် ကျောင်းကို ခွင့်တိုင်ကြားပြီး ကလေးကို ကျောင်းမတက်ခိုင်းပါနဲ့။ ရောဂါသံသယလက္ခဏာ ရှိသူနဲ့ အတည်ပြုလူနာနဲ့ ထိတွေ့မှုရှိထားသူတွေကလည်း ကျန်းမာရေးဌာနကို အမြန်ဆုံးသွားရောက်စစ်ဆေးရမှာ ဖြစ်ပါတယ်”**

**မေး ။ ။ ကျောင်းပို့ကျောင်းကြိုယာဉ်တွေအနေနဲ့ လိုက်နာဆောင်ရွက်သင့်တဲ့ အချက်တွေကို ပြောကြားပေးပါဦး။**

**ဖြေ ။ ။** မိဘတွေအနေနဲ့ကလေးကနေမကောင်းဘူး၊ ဖျားနေတယ်၊ အနံ့မရဘူးဆိုရင် ကျောင်းကို လုံးဝမလွှတ်ဖို့ အရေးကြီးပါတယ်။ ကလေးကိုယ်တိုင်ဖျားတာပဲဖြစ်ဖြစ်၊ မိသားစုထဲမှာ ကိုဗစ်–၁၉ သံသယလက္ခဏာ ခံစားနေရသူရှိတာ၊ ကိုဗစ်–၁၉ အတည်ပြုလူနာနဲ့ လွန်ခဲ့တဲ့ ၁၄ ရက်အတွင်း အနီးကပ်ထိတွေ့ထားသူရှိတာ အဲဒီလိုလူတွေနဲ့လည်း ကလေးနဲ့အနီးကပ် ထိတွေ့ထားတာ ရှိရင် ကျောင်းကို ခွင့်တိုင်ကြားပြီး ကလေးကို ကျောင်းမတက်ခိုင်းပါနဲ့။ ရောဂါသံသယလက္ခဏာ ရှိသူနဲ့ အတည်ပြုလူနာနဲ့ ထိတွေ့မှုရှိထားသူတွေကလည်း ကျန်းမာရေးဌာနကို အမြန်ဆုံးသွားရောက်စစ်ဆေးရမှာ ဖြစ်ပါတယ်။ ကလေးမှာ လက္ခဏာရှိရင်၊ အတည်ပြုလူနာနဲ့ အနီးကပ်ထိတွေ့မှုရှိရင် ကလေးကို ကျန်းမာရေးစစ်ဆေးပြီး ပိုးတွေ့ရှိပါက ဆေးဝါးကုသမှုတွေ စောစီးစွာ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ကျောင်းကြိုပို့ယာဉ်ပေါ်ကို တက်မယ်ဆိုရင် ကိုယ်အပူချိန်တိုင်းတာခြင်းကို စနစ်တကျ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အပူချိန် ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထက် ကျော်လွန်ရင် လိုက်ပါစီးနင်းခြင်း မပြုလုပ်သင့်ဘူး။ မိဘအုပ်ထိန်းသူကို အကြောင်းကြားရမယ်။ ကျောင်းအဝင်ဝရောက်လို့ ကိုယ်အပူချိန်တိုင်းရင် ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထက် ကျော်လွန်ရင် ကျောင်းက ဝင်ခွင့်မပြုဘဲ မိဘအုပ်ထိန်းသူကို အကြောင်းကြားရမှာ ဖြစ်ပါတယ်။

**အရင်တုန်းက ကလေးတွေမှာဖြစ်တာ နည်းတယ်လို့ ရှေ့ပိုင်းသုတေသနတွေမှာ ပြောခဲ့တာ ရှိပါတယ်။ ဒါပေမယ့် ‘ဒယ်လ်တာ’ ဗိုင်းရပ်စ်မျိုးဗီဇကွဲက ကလေးတွေကြားမှာ ဖြစ်ပွားမှုတွေ ပိုမိုများတာကို တွေ့လာရပါတယ်။ သူ့ကြောင့်ရောဂါပြင်းထန်မှုတွေ အတိုင်းအတာတစ်ခုအထိ ရှိလာတယ်။ သေဆုံးမှုတွေတောင် အနည်းငယ်စပြီး ရှိလာတာကို တွေ့ရပါတယ်။ ကလေးတွေမှာ ရောဂါကာကွယ်ရေးနည်းလမ်းတွေကို ပေါ့ဆလို့မရဘဲ သတိပြုလိုက်နာရမှာ ဖြစ်ပါတယ်။**

ကျောင်းက စီစဉ်ထားတဲ့ ဖယ်ရီပဲဖြစ်ဖြစ်၊ အပြင်က ဖယ်ရီပဲဖြစ်ဖြစ် အဓိကအချက်အနေနဲ့ ကျောင်းကြိုပို့ယာဉ်ပေါ်မှာ ကလေးတွေက တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်မဖြစ်ဖို့၊ တစ်ခုံမှာ တစ်ယောက်ပဲထိုင်ဖို့၊ တစ်ယောက်နဲ့ တစ်ယောက် ခားလွယ်ခုတ်အနေအထားနဲ့ထိုင်ဖို့၊ မျက်နှာချင်းဆိုင် မထိုင်ဖို့၊ အဲကွန်းယာဉ်တွေဖြစ်ရင်တောင် အဲကွန်းမသုံးဘဲ လေဝင်လေထွက်ကောင်းအောင် တံခါးတွေ တတ်နိုင်သရွေ့ ဖွင့်ထားဖို့၊ ယာဉ်ပေါ်တက်တဲ့အချိန်နဲ့ ဆင်းတဲ့အချိန်မှာ တတ်နိုင်ရင် အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းပါတဲ့ ရေမလိုလက်သန့်စင်ဆေးရည်ကို အသုံးပြုဖို့၊ ယာဉ်နောက်လိုက် ပါခဲ့ရင် သူက Level 2 PPE ဖြစ်တဲ့ Apron, Mask, Face Shield နဲ့ လက်အိတ်တို့ကို ဝတ်ဆင်ထားဖို့ လိုပါတယ်။ ယာဉ်မောင်းနဲ့ ကလေးတွေအကြားမှာလည်း ပလတ်စတစ်အကာတွေ ကာရံပေးထားရမှာ ဖြစ်ပါတယ်။

**ကလေးတွေကို ကြိုပို့တဲ့ မိဘအုပ်ထိန်းသူတွေအနေနဲ့ ကျောင်းမှာစာရင်းပေးထားတဲ့သူ တစ်ဦးတစ်ယောက်ကပဲ ကြိုပို့တာလုပ်သင့်တယ်။ အသက်အရွယ်ကြီးရင့်သူ၊ သွေးတိုး၊ နှလုံး၊ ဆီးချို စတဲ့ ရောဂါအခံရှိသူတွေက ကျောင်းပို့ကျောင်းကြိုတာတွေ မဆောင်ရွက်သင့်ပါဘူး။**

**မေး ။ ။ ကလေးတွေအနေနဲ့ ကျောင်းမှာ လိုက်နာဆောင်ရွက်ရမယ့်အချက်တွေကို ပြောကြားပေးပါဦး။**

**ဖြေ ။ ။** ကလေးတွေကို လိုက်ပို့တဲ့သူတွေက ကျောင်းထဲကို မဝင်ရပါဘူး။ အခြားကျောင်းသားရဲ့ မိဘတွေနဲ့ ထိတွေ့မှုမဖြစ်အောင်၊ ကျောင်းရှေ့မှာ လူစုလူဝေးမဖြစ်အောင် ကျောင်းပို့ပြီးရင် ချက်ချင်းပြန်ရပါမယ်။ ကလေးတွေအနေနဲ့ တစ်ယောက်နဲ့တစ်ယောက် ခြောက်ပေအကွာ စနစ်တကျတန်းစီပြီးမှ ဝင်ရမယ်။ စာသင်ခန်းထဲကို မဝင်ခင် အနည်းဆုံးစနစ်တကျ လက်တစ်ခါဆေးဖို့ လိုပါတယ်။ မသန်စွမ်းတဲ့ကလေးတွေပါရင် သူတို့ကို ဦးစားပေးပြီး အရင်ဝင်ရောက်စေရမှာ ဖြစ်ပါတယ်။

မိမိအတွက် သတ်မှတ်ထားတဲ့ခုံနေရာမှာပဲ ထိုင်ရပါမယ်။ မလိုအပ်ဘဲ အခြားသူငယ်ချင်းနေရာတွေကို မသွားသင့်ဘူး။ Mask ကို တောက်လျှောက် တပ်ထားရမယ်။ စာသင်ခန်းထဲမှာ လေဝင်လေထွက်ကောင်းဖို့၊ အလင်းရောင်ကောင်းစွာ ရရှိဖို့၊ နေရောင်ခြည်ရရှိဖို့ လိုပါတယ်။ မျက်နှာချင်းဆိုင် ပြတင်းတံခါးတွေ ဖွင့်ထားဖို့လိုပါတယ်။ ဒါမှ တစ်ဖက်က တိုက်လာတဲ့လေက တစ်ဖက်ဖွင့်ထားတဲ့ ပြတင်းပေါက်က ပြန်ထွက်သွားမယ်။ ဒါဆိုရင် အခန်းထဲမှာ ဗိုင်းရပ်စ်ပိုးပါတဲ့ အစက်အမှုန်တွေရှိနေရင်တောင် လေနဲ့အတူပါသွားမယ်။ Mask တွေ ချွတ်မထားဖို့၊ ပါးစပ်၊ နှာခေါင်းတွေကို လက်မဆေးဘဲ မကိုင်မိဖို့၊ ပစ္စည်းတွေကိုမျှဝေပြီး မသုံးစွဲဖို့ လိုပါတယ်။

အတန်းနည်းနည်းကြီးတဲ့ ကလေးတွေမှာ အတန်းခေါင်းဆောင်အလှည့်ကျထားပြီး အသိပေးတာ၊ သတိပေးတာတွေ၊ ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်ပြီး အတန်းရှေ့ထွက် ပြောတာမျိုးတွေ လုပ်ဖို့ လိုပါတယ်။

**မေး ။ ။ မုန့်စားဆင်းချိန်တွေမှာ ဘယ်လိုအချက်တွေကိုလိုက်နာဆောင်ရွက်ရမယ်ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ ။ ။** စားသောက်မယ်ဆိုရင် Mask ကို ချွတ်ရတော့မယ်။ ဒါကြောင့် ဒီအချိန်မှာ ကလေးတွေက ကိုယ့်အတွက်သတ်မှတ်ပေးထားတဲ့ နေရာမှာစားရမယ်။ စုပေါင်းပြီး မစားဖို့၊ မိမိရဲ့ နေရာမှာ စားဖို့ အရေးကြီးပါတယ်။ ကျောင်းမုန့်ဈေးတန်းတွေ ဖွင့်ဖို့ခွင့်မပြုတဲ့ ကျောင်းတွေမှာဆိုရင် အိမ်က ထည့်ပေးလိုက်တဲ့ ရေ၊ အစားအသောက်၊ ထမင်းဘူးကို သတ်မှတ်ထားတဲ့နေရာမှာပဲ စနစ်တကျစားဖို့၊ စားသောက်ပြီးတာနဲ့ တစ်ရှူးနဲ့သန့်စင်ပြီး စနစ်တကျစွန့်ပစ်ဖို့၊ စနစ်တကျလက်ပြန်ဆေးဖို့၊ Mask ပြန်တပ်ဖို့၊ ဒီအချိန်မှာ Mask က စိုစွတ်နေရင်၊

*စာမျက်နှာ ၁၇ သို့*

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၅**

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

**မိုးစပါးစံပြစိုက်ခင်းစိုက်ပျိုးထားမှုကြည့်ရှု**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် လက်ဝဲဒဏ်ပြင်ရှည်ကျေးရွာရှိ မိုးစပါးစံပြစိုက်ခင်း စိုက်ပျိုးထားရှိမှုနှင့် ဘူးသီးတောင်တပ်နယ်၊ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များရှိ မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ရှိ နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို **(အပေါ်ပုံ)** လည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



**ဒေသခံတိုင်းရင်းသားများ၏သီးနှံများဝယ်ယူ**

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ဈေးကွက်အတွင်း ရောင်းချရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စိုက်ခင်းများမှသီးနှံများအား နယ်မြေခံတပ်မတော်သားများက ဝယ်ယူပေးလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မော်တောင်မြို့ရှိ ဒေသခံတောင်သူများ၏ စိုက်ခင်းများမှ သီးနှံများကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများက သွားရောက်ဝယ်ယူအားပေးခဲ့ပြီး အဆိုပါ ဝယ်ယူခဲ့သည့်သီးနှံများကို နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် ကိုဗစ်စင်တာများသို့ ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေး

**နေပြည်တော် စက်တင်ဘာ ၂၅**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၆၅ ဦးနှင့် အမျိုးသမီး ၄၈ ဦး စုစုပေါင်း ၁၁၃ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၈ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါစောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေး အဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သီးသန့်စောင့်ကြည့်ရမည့်သူများအား အချက်အလက်များ စစ်ဆေးရယူနေစဉ်။

*စာမျက်နှာ ၁၆ မှ*

ညစ်ပေနေရင် အသစ်တစ်ခုနဲ့ လဲလှယ်တပ်ဆင်ဖို့ အရေးကြီးပါတယ်။ အစာတစ်ခုခုစားခါနီး လက်ကို လက်သန့်စင်ဆေးရည်နဲ့ ဆေးကြောရမယ်၊ ခြောက်တဲ့အထိ ခဏထားရပါမယ်။

**ကျောင်းမှာသုံးတဲ့ လက်သန့်စင်ဆေးရည်က ကလေးတွေ ကြိုက်တဲ့ အရောင်၊ အနံ့ဖြစ်နေရင် ပါးစပ်ထဲထည့်မှာ စိုးတဲ့အတွက် လက်သန့်စင်ဆေးရည်က အရောင်မပါတာ၊ အစားအသောက်အနံ့တွေမပါတာ ဖြစ်သင့်ပါတယ်။**

**မေး ။ ။ အိမ်ပြန်ရာမှာ ဘယ်လိုအချက်တွေကို လိုက်နာဆောင်ရွက်ရမယ်ဆိုတာ ပြောကြားပေးပါ။**

**ဖြေ ။ ။** အိမ်ပြန်ဖို့စာသင်ခန်းထဲက ထွက်တဲ့အခါ စုပြုံပြီးမထွက်ဘူး၊ စနစ်တကျ ခပ်ခွာခွာနေပြီး ထွက်မယ်။ စာသင်ခန်းကထွက်တဲ့အခါမှာ လက်ကို တစ်ခေါက်ထပ်ဆေးရမှာ ဖြစ်ပါတယ်။ မိဘတွေက ကလေးတွေ ကျောင်းဆင်းမယ်ဆိုရင် မဆင်းခင်ကတည်းက အပြင်မှာ အများကြီးရောက်နေပြီ။ ကားတွေ၊ လူတွေ အများကြီးစုပြုံနေပြီး ကလေးကို ကြိုကြတယ်။ ဒါတွေက လူစုလူဝေးဖြစ်တဲ့ သဘောဖြစ်တယ်။ ဒါမျိုးမဖြစ်ဖို့ အရေးကြီးပါတယ်။ ကလေးထွက်လာမယ့်အလှည့်ကို စနစ်တကျ ခပ်ခွာခွာလေးနေပြီး ကြိုသင့်တယ်။ ကလေးတွေက တစ်နေ့တာ ကျောင်းမှာ စနစ်တကျနေထိုင်ပြီး စာသင်ကြားလာတယ်၊ ကျောင်းကပြန်တဲ့ချိန်မှာ လူစုလူဝေးနဲ့ တွေ့တာမျိုး မဖြစ်စေချင်ပါဘူး။

ကျောင်းကြိုပို့ယာဉ်ကို စီးရမယ်ဆိုရင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်ကအစ ကိုဗစ်-၁၉ စည်းကမ်းတွေလိုက်နာဖို့၊ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေဖို့၊ လေဝင်လေထွက်ကောင်းဖို့၊ လက်သန့်စင်ဆေးရည်အသုံးပြုဖို့ ဒါတွေကို ဆောင်ရွက်ဖို့ လိုပါတယ်။ ဖြစ်နိုင်ရင် ကျောင်းကြိုပို့ ယာဉ်တွေပေါ်မှာ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးနဲ့ ပတ်သက်တဲ့ သီချင်းတွေ ဖွင့်ပေးတာ၊ ဆပ်ပြာနဲ့ ရေအသုံးပြုပြီး လက်ဆေးတဲ့ကာတွန်းတွေကို ပြပေးတာတွေကို လုပ်ဆောင်ပေးရင် ကာကွယ်ရေးနည်းလမ်းတွေကို ကလေးတွေအနေနဲ့ အသိပညာတွေ ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။**

**ဖြေ ။ ။ ကိုဗစ် – ၁၉ ဆိုတာ အရောင်မရှိ၊ အနံ့အရသာမရှိဆိုတော့ ရှိမှန်းမသိနိုင်ဘူး၊ ရှိမှန်းသိနိုင်တာက ဉာဏ်ပညာ ဖြစ်ပါတယ်။ ဉာဏ်ပညာဆိုတာက ကျောင်းနဲ့ ပညာရေးစနစ်မှာ အခြေခံပါတယ်။ ပညာရေးစနစ်ကောင်းမှ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စတဲ့နယ်ပယ်အားလုံးမှာ ဉာဏ်ပညာနဲ့ပြည့်စုံတဲ့ ကျန်းမာကြံ့ခိုင်တဲ့ နိုင်ငံသားကောင်းတွေ၊ မျိုးဆက်သစ်တွေ အများကြီးပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ဖို့ဆိုတာက ပညာရေးစနစ်က ပြန်လည်ရှင်သန်လာဖို့ လိုပါတယ်။ ရောဂါကူးစက်မှုတွေ ကျဆင်းမှုအပေါ် မူတည်ပြီး နိုင်ငံတော်ကလည်း ကျောင်းတွေပြန်ဖွင့်ဖို့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။**

ဒီလိုပြန်ဖွင့်တဲ့အချိန်မှာ ရောဂါကာကွယ်ရေးနည်းလမ်းတွေနဲ့အညီ နေထိုင်တတ်ဖို့က လက်ဦးဆရာက မိဘဖြစ်ပါတယ်။ မိဘ၊ ဆရာ၊ ကျောင်းသား၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့ လမ်းညွှန်မှုနဲ့ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကာကွယ်ရေးအစီအမံတွေ ဆောင်ရွက်နေပါတယ်။

မိဘအုပ်ထိန်းသူတွေအနေနဲ့ ကလေးတွေကို အိမ်မှာ ကာကွယ်ရေးနည်းလမ်းတွေကို သင်ပေးလိုက်ရုံတင်မကဘူး၊ ဆရာဆရာမတွေနဲ့ ပူးပေါင်းပြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်နိုင်မယ့် ပတ်ဝန်းကျင်ကောင်းတွေကို ဝိုင်းဝန်းပြီး ဖန်တီးပေးဖို့လိုပါတယ်။ **ဆရာ ဆရာမတွေအနေနဲ့လည်း ရောဂါကာကွယ်ရေး နည်းလမ်းတွေကို ကျောင်းသားတွေ ပိုမိုသိရှိလိုက်နာနိုင်ဖို့ ကျောင်းသင်ခန်းစာတွေမှာ ကိုဗစ်–၁၉ ကာကွယ်ရေးနဲ့ ပတ်သက်တဲ့ ကဗျာတွေ၊ စာစီစာကုံး ရေးတာတွေ၊ Peer Education လို ကျောင်းသားတစ်ဦးက ထွက်ပြီး အလှည့်ကျ ကာကွယ်ရေးနည်းလမ်းတွေကို ပြောပြစေတာတွေ ဆောင်ရွက်သင့်ပါတယ်။ မိဘ၊ ဆရာ ပူးပေါင်းပြီး ကလေးတွေမှာ Mask ရှိရဲ့လား၊ လက်ဆေးတဲ့နေရာလုံလောက်ရဲ့လား၊ လေဝင်လေထွက်ကောင်းရဲ့လား စသဖြင့် လိုအပ်ချက်တွေကို ပူးပေါင်းဆောင်ရွက်ဖြည့်ဆည်းပေးဖို့ လိုပါတယ်။**

ဒီလို ပူးပေါင်းဆောင်ရွက်နိုင်ဖို့က မိဘတွေရော၊ ဆရာတွေကိုယ်တိုင်ရော ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ကိုယ်တိုင်ကလည်း ကျန်းမာရေးကောင်းဖို့ လိုပါတယ်။ ဒီနေရာမှာ အဓိကကျတဲ့အချက်ကလည်း ကာကွယ်ဆေးထိုးခြင်းဖြစ်ပါတယ်။ အခုဆိုရင် ကျောင်းသားအရွယ်တွေကိုပါ ထိုးပေးနိုင်တဲ့ ကာကွယ်ဆေးတွေလည်း ရှိနေပြီဖြစ်ပါတယ်။ **ကျောင်းသားအရွယ်တွေ ကာကွယ်ဆေး မထိုးရသေးမီကာလမှာ သူတို့နဲ့အနီးကပ်ထိတွေ့နေရတဲ့ မိဘ၊ ဆရာတွေ၊ မိသားစုဝင်တွေ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံခြင်း ခံယူထားရင် ကလေးတွေကို ထိရောက်စွာ အတိုင်းအတာတစ်ခုအထိ ကာကွယ်မှုတွေ ပေးထားနိုင်တာလည်း ဖြစ်ပါတယ်။**

ကျေးဇူးတင်ပါတယ်။

◆ *ကျောဖုံးမှ*

၂။ သို့ရာတွင် သက်ဆိုင်ရာမြို့နယ်များအတွင်း နေထိုင်သည့် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့သော ၁၄ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှု လျော့နည်းလာခြင်း၊ ဓာတ်ခွဲအတည်ပြု လူနာများမှာလည်း တစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှုလျော့နည်းလာခြင်း၊ Stay at Home အစီအစဉ်ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူ စစ်ဆေးရာတွင်လည်း လွန်ခဲ့သော ၁၄ ရက်အတွင်း ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များမှ နေထိုင်သော ပြည်သူများအနေဖြင့် ၂၆-၉-၂၀၂၁ ရက်၊ နံနက် ၄ နာရီအချိန်မှစ၍ မိမိနေအိမ်တွင် နေထိုင်ရန် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်-

(က) **စစ်ကိုင်းတိုင်းဒေသကြီး**
- (၁) ကလေးမြို့နယ်၊
- (၂) စစ်ကိုင်းမြို့နယ်၊
- (၃) တမူးမြို့နယ်၊

(ခ) **ပဲခူးတိုင်းဒေသကြီး**
- (၁) ဖြူးမြို့နယ်၊
- (၂) ပဲခူးမြို့နယ်၊

(ဂ) **ဧရာဝတီတိုင်းဒေသကြီး**
- (၁) မြောင်းမြမြို့နယ်။

၄။ အထက်ပါမြို့နယ်များအား Stay at Home အစီအစဉ်မှ ပယ်ဖျက်ပြီးနောက်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာကြရမည် ဖြစ်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

## နွားထိုးကြီး၌ သီးနှံကုန်စျေးများကျဆင်းနေ၍ တောင်သူတို့အရှုံးပေါ်

**နွားထိုးကြီး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်မြန်ချိန် နွားထိုးကြီး စည်ပင်သာယာ စျေးကြီးတွင် ဒေသထွက်သီးနှံများ စျေးကျနေ၍ တောင်သူများ အရှုံးပေါ်နေကြောင်း သိရသည်။

မိုးတွင်း ခရမ်းချဉ်သီး စျေးကွက်မှာ ပုံမှန်ငွေကျပ် ၅၀၀အထက်ရှိရာ ယခုအခါ နှစ်ပိဿာ ငွေကျပ် ၅၀၀၊ ၁၀၀၀ ဖိုးလျှင် သုံးပိဿာစျေးဖြင့် စျေးကျနေသည်။ အလားတူ ငှက်ပျောသီး ဖီးကြမ်း တစ်ဖီး ငွေကျပ် ၅၀၀ မှ ၁၀၀၀ ဖိုး သုံးဖီးဖြင့် စျေးကျနေသည်။ ပုံမှန်မှာ ငွေကျပ် ၇၀၀၊ ၁၀၀၀ ၊ ၁၂၀၀ စျေးရှိနေသည်။ အလားတူ နာနတ်သီး တစ်လုံး ငွေကျပ် ၈၀၀၊ ၁၀၀၀ ရှိရာမှ သီပေါ၊ ကျောက်မဲ ရှမ်းသီးများ ဆင်းလာ၍ ငွေကျပ် ၁၀၀၀ ဖိုး သုံးလုံး၊ လေးလုံး ရှိနေသည်။

အလားတူ ကြက်သွန်နီမှာ ငွေကျပ် ၁၀၀၀ဖိုး သုံးပိဿာ၊ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၊ ၅၀၀ စျေးဖြင့် ရောင်းဝယ်ရာ ပုံမှန်စျေး ၈၀၀၊ ၁၀၀၀ ထက်စျေးကျနေသည်။ စျေးရောင်းချိန် ကန့်သတ်ခံရခြင်း၊ ကိုဗစ်ကာလ သယ်ယူပို့ဆောင်ရေး ခက်ခဲခြင်း၊ ပွဲစားမဝယ်ခြင်း၊ စားသုံးသူ ငွေကြေးခက်ခဲခြင်း၊ စျေးပြိုင်ရောင်းရခြင်းကြောင့် သီးနှံစျေးများကျရခြင်းဖြစ်ကြောင်း သိရသည်။

**ဌေးမြင့်မောင်**



## မိုးသက်လေပြင်းကျ လှိုင်းကြီးမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေခန့် ၁၂ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## သမိုင်းဝင် သီပေါပေါ်ကြိုဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်

**သီပေါ စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့သည် မြို့နယ်သံဃနာယက အဖွဲ့ဆရာတော်၊ သံဃာတော်များ၏ ဩဝါဒကိုခံယူကာ ဘုရားကြီး ဘက်စုံပြုပြင်မှု လုပ်ငန်းများကို ရှေးမူရှေးဟန်မပျက် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပေါ်ကြိုဘုရားကြီး ဂန္ဓကုဋီတိုက်အတွင်းရှိ မုဒ္ဒောစေတီတော်မြတ်၏ ရွှေထီးတော်အား ရောင်တော်ဖွင့်ရန်အတွက် ထီးတော်ပင့်ဆောင်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘုရားကြီးအရှေ့မုခ်ဦး၌ ကျင်းပရာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်နှင့် ဆရာတော် သံဃာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ပေါ်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွှန့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာ တရားတော်နှင့် ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သာသနာရေးဆိုင်ရာကိစ္စရပ်များကို ဂေါပကဥက္ကဋ္ဌက တင်ပြလျှောက်ထားသည်။

ထို့နောက် အမှတ်(၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်နှင့် တပ်ရင်းများမှ အရာရှိစစ်သည် မိသားစုများက ဘက်စုံပြုပြင်မွမ်းမံရေး မဟာသာသနာ့ ဗိမာန်တော်အတွက် အလှူငွေကျပ် ၃၅ သိန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့ထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

**စိုင်း(သီပေါ)**

## ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေသောပြည်သူများအား ကိုဗစ်ကာလအတွင်း စာအုပ်၊ စာစောင်များလေ့လာဖတ်ရှုနိုင်ရန် Mobile Library ကွင်းဆင်းဆောင်ရွက်

**ကျောက်ဖြူ စက်တင်ဘာ ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းအတွင်းတွင် ခိုလှုံလျက်ရှိသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း စာအုပ်စာပေများလေ့လာဖတ်ရှုပြီး အသိဉာဏ်ပညာ ဗဟုသုတများ တိုးပွားလာစေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အဆိုပါခိုလှုံရာစခန်းသို့ သွားရောက်ပြီး Mobile Library ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**စာအုပ်များ ငှားရမ်း**

ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ယုယုနွယ် ဦးဆောင်သည့် ဝန်ထမ်းများက Mobile Library ဖြင့် သုတ၊ ရသ၊ ရုပ်ပြ၊ တေဇ၊ မဂ္ဂဇင်း စသည့် စာအုပ်ပေါင်း ၃၀၀ ကျော်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ယင်း IDPs စခန်းအတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက စိတ်အားထက်သန်ပျော်ရွှင်စွာဖြင့် ငှားရမ်းကြသည်။ **(အောက်ပုံ)**



"ကျွန်တော်တို့ ဒီ IDPs Camp ကို ရောက်တာ ကြာပါပြီ၊ တစ်ခါမှဒီလိုမျိုး Mobile Library နဲ့ လာရောက်ပြီးတော့ ငှားရမ်းပေးခဲ့တာမျိုး မရှိပါဘူး။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေနဲ့ အခုလိုလာရောက် ငှားရမ်းပေးတဲ့ အတွက် ကျွန်တော့်အနေနဲ့ အတိုင်းမသိ ဝမ်းသာပါတယ်။ ဒီမှာနေတဲ့ ကလေးတွေက စာအုပ်၊ စာပေတွေနဲ့ ဝေးနေကြတာကြာပြီလေ၊ အခုလိုလာရောက် ငှားရမ်းပေးတဲ့ အတွက် အထူးကျေးဇူးတင်ပါတယ်။ နောက်နောင်တွေလည်း အခုလိုပဲ လာရောက်ငှားရမ်းပေးစေလိုပါတယ်"ဟု ယင်းစခန်းမှ တာဝန်ခံကျောင်းအုပ် ဆရာဦးနေထွန်းလင်းက ပြောသည်။

ယင်းနောက် စာအုပ်၊ စာပေ လာရောက် ငှားရမ်းသူ တက္ကသိုလ်ဝင်တန်း တက်ရောက်နေသော မယမင်းသူနှင့် မခင်နှင်းဝင်းတို့က "သမီးတို့က စာအုပ်၊ စာပေဖတ်ရတာကို ဝါသနာပါသူတွေဖြစ်ပါတယ်။ စာပေဖတ်ရှုခြင်းက ကောင်းတဲ့ အလေ့အကျင့်ဖြစ်တယ်လို့ သမီးတို့ သိထားပါတယ်။ အခုငှားပေးတဲ့ စာအုပ်တွေထဲမှာ သမီးတို့ကြိုက်တဲ့ စာရေးဆရာတွေနဲ့ စာအုပ်တွေပါပါတယ်။ အခုလိုလာရောက် ငှားပေးတဲ့ အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ နောက်လည်း အခုလိုမျိုး လာရောက် ငှားရမ်းပေးဖို့ ပြောချင်ပါတယ်" ဟု ပြောကြားသည်။

**ငှားရမ်းပေး**

အဆိုပါ ခိုလှုံရာစခန်းတွင် ခိုလှုံနေပြည်သူ ၁၀၀၈ ဦးနေထိုင်လျက်ရှိပြီး စာအုပ်၊ စာပေဖတ်ရှုရန် အတွက် စာအုပ်လာရောက် ငှားရမ်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်နှင့်အညီ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ဇူလိုင်ကြယ်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၉-၂၀၂၁ တနင်္ဂနွေနေ့

**MRTV HD**

၀၆:၀၀ မေတ္တသုတ်၊ရတနသုတ်၊မောရ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ထူးခြားထင်ရှားနောင်ချိုမြို့က ဝတ်ထိပ်တံတား
၀၉:၁၀ တရုတ်ကာတွန်း 'ဖိုးကောင်ကြီး ဥယျာဉ်စွန့်စားခန်း' (အပိုင်း-၃၃)
၀၉:၃၅ MRTV Travelogue
၁၀:၃၅ 'ဝသာန်မိုးရာသီ'တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
၁၁:၃၅ အသိပညာနှင့်အမှန်တရား 'ကျင့်ဝတ်ဆိုတာ ဥပဒေအထက်မှာ'
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'အချစ်ကိုယ်ရံတော်' (ကျော်ဟိန်း၊ခင်သီတာထွန်း)
၁၆:၃၅ မျှဝေအသိပေး:ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
၁၇:၄၀ ကိုဗစ်-၁၉ အန္တရာယ်ကျော်လွှားမှုနှင့်အတူ ဝိုင်းဝန်းဖော်ထုတ်တိုက်ဖျက်ရမည့်အကြမ်းဖက်မှုအန္တရာယ်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတစေဖြာ သီရိဂေဟာ
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လှို့ဝှက်ချက်' (အပိုင်း-၂၆)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'ကြေးလည်းဝေမြဲ တမ်းတဆဲ' (ကျော်ဟိန်း)
၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၇၂)

**mitv**

07:01 News
07:27 Mon Traditional Dishes
07:36 Sayit-wyne Girls
08:00 Dances of Myanmar "Lisu Traditional Dance"
08:05 TUK TUK In Myanmar (Pyin Oo Lwin)
08:29 Myanmar's Bamboo Hat
08:42 Ngapali, Unique Spot To Relax
09:01 Aesthetic Chinlone
09:28 A Pilgrimage To Prominent Pagodas In Pakokku
09:40 Myanmar Traditional Food: Mohinga
10:01 Weekly Review
10:16 Myanmar Masterclass: Contemporary Art
11:01 Myanmar Family Life: Let's play Riddle Game
11:47 Healthy Diet: Balanced Diet

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ခံတွင်းမြိန်စေမဲ့ကယားရိုးရာအစားအစာ
**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၉)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
တိုင်းရင်းသားကျေးရွာထဲ ကရင်ရိုးရာအိမ်ကလေးသို့
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)
**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အချက်များ
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဝဥစိုက်ပျိုးခြင်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဒူးရင်းသီးရဲ့ကျန်းမာရေးအကျိုးကျေးဇူး
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းခေါက်ဆွဲချက်နည်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကိုးကန့်ရိုးရာအစားအစာ
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
တစ်နိုင်တစ်ပိုင် စပျစ်စိုက်ခင်းဆီ

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၆)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရာသက်ပန်ပေါင်းဖို့ရန်ရည်ရွယ်မှသာ'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ (၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုဆောင်ရွက်

ကျောက်ဖြူ စက်တင်ဘာ ၂၅



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ယမန်နေ့က အဆိုပါခိုလှုံရာစခန်းသို့ သွားရောက်၍ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ယုယုနွယ် ဦးဆောင်သည့် ဝန်ထမ်းများက ၎င်း IDPs စခန်းဝင်းအတွင်းရှိ ဈေးဆိုင်များတွင် ဈေးရောင်းချနေကြသူများ၊ သွားလာ လှုပ်ရှားနေသူများနှင့် ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသူများကို ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်းများကို ဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ရောဂါ မိမိကစ၍ ကာကွယ်ရမည့် အကြောင်းအရာများကို အသိပညာပေးပြောကြားကာ နှာခေါင်းစည်း အခု ၅၀၀ ကျော် အခမဲ့ဖြန့်ဝေပေးသည်။

ဆက်လက်ပြီး မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လှည့်လည်၍ ပြည်သူများသိရှိလိုက်နာ ဆောင်ရွက်ရမည့် စည်းကမ်းချက်များကို အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**
(ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၅

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၉ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၁၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၅၀/၁၂၅၀ ကျပ် | ၁၂၅၅/၁၂၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၅၅/၁၂၆၀ ကျပ် | ၁၂၇၀/၁၂၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၅၅/၁၂၅၅ ကျပ် | ၁၂၈၀/၁၃၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၄၀ /၁၂၉၅ ကျပ် | ၁၃၆၀/၁၃၉၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၉ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၅၇၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၁ . ၅၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၁၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၂၅၆ | ၂၂၅၂၈၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၁၄၃၈၀ | ၄၄၅၇၈၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၆ | ၄၇၄၀၀ |
| FPB | ၂၁၀၀၀ | ၂၁၀၀၀ | ၁၀၂၈ | ၂၁၅၈၈၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၇၀ | ၁၉၉၅၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅၁၁ | ၂၅၅၅၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# အနဝဇ္ဇာနိ ကမ္မာနိ

## အများအကျိုးကို သယ်ပိုးဆောင်ရွက်ခြင်းသည် မင်္ဂလာမည်၏။

**ကျော်ကျော်လှိုင်**

အများအကျိုးကိုဆောင်ရွက်ခြင်းဆိုသည်မှာ ပရဟိတလုပ်ငန်းလုပ်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင်လည်း အများအကျိုးကို ဆောင်ရွက်ရန် ဖွဲ့ထားသည့် အသင်းအဖွဲ့များစွာရှိပါသည်။ အထင်ရှား ဆုံးမှာ ဆရာကြီးဦးသုခ၏ လမ်းညွှန်မှုဖြင့် ရုပ်ရှင်မင်းသား ဦးကျော်သူ ဦးဆောင်သည့် နာရေးကူညီမှုအသင်း ဖြစ်ပါသည်။ ဤအသင်းကြီးကို အားကျအတုယူပြီး မြို့ရွာတိုင်း လိုလိုတွင် နာရေးကူညီမှု အသင်းများ ဖွဲ့စည်း၍ ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဝမ်းသာကြည်နူးဖွယ်ရာ တွေ့နေရပါသည်။ တချို့လူငယ်များကလည်း ရှင်ရေးကူညီမှုအသင်း ဖွဲ့စည်းပြီး ဆင်းရဲနွမ်းပါးသည့်သူများ၊ ငွေကြေးမတတ်နိုင်သည့်သူများကို ဆေးရုံဆေးခန်းများသို့ အချိန်မီရောက်ရန်၊ ကုသနိုင်ရန် လူနာတင်ယာဉ်များနှင့် ကူညီနေသည်များလည်း တွေ့နေရပါသည်။

လူငယ်အများစုသည် နာရေးကူညီမှုအသင်းတွင် လုပ်အားပေးခြင်း၊ သူငယ်ချင်းများစု၍ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်း၊ သူငယ်ချင်းများစု၍ ပရဟိတလုပ်ရန် အသင်းအဖွဲ့ ထောင်ခြင်းများ ဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်နေရပါသည်။ ကောင်းသည့် စိတ်ဓာတ်ဖြစ်ပါသည်။ သို့သော် နာမည်ကြီးရန်၊ ထင်ပေါ်ကျော်စောရန်၊ ဖေ့စ်ဘွတ်တင်ရန်အတွက်လုပ်လျှင် စေတနာမပါသည့်အတွက် အကျိုးကျေးဇူးနည်းပါမည်။ အထက်ပါ အလုပ်များကို မလုပ်သော်လည်း လူငယ်တစ်ယောက်သည် အောင်မြင်အောင် နည်းမှန်လမ်းမှန် ကြိုးစားနေလျှင် အများအကျိုးကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်အောင်မြင်လာသည့်အခါ အများအကျိုးကို ထိထိရောက်ရောက် ပိုမိုဆောင်ရွက်နိုင်၍ ဖြစ်ပါသည်။

ဥပမာပြောရလျှင် ဂူဂယ်ကို တည်ထောင်ခဲ့သည် လယ်ရီနှင့်ဆာဂျီ၊ ဖေ့စ်ဘွတ်ကို တည်ထောင်ခဲ့သည့် မတ်ဇူကာဘတ်တို့၏ ငယ်စဉ်ကျောင်းသားဘဝကို ပြန်ကြည့်လျှင် စာကိုသာ အထူးချွန်ဆုံးဖြစ်အောင် ကြိုးစားခဲ့သည်ကို တွေ့ရပါမည်။ လယ်ရီနှင့် ဆာဂျီသည် အသက် ၂၈ နှစ်အရွယ်တွင် သန်းကြွယ်သူဌေးဖြစ်ခဲ့ပြီး မတ်ဇူကာဘတ်သည် အသက် ၂၇ နှစ်အရွယ်တွင် သန်းကြွယ်သူဌေး ဖြစ်ခဲ့ပါသည်။ သန်းကြွယ်သူဌေး ဖြစ်လာသည့်အခါ အများအကျိုးအတွက် ဒေါ်လာသန်းပေါင်းများစွာ လှူခဲ့ပါသည်။ လှူနေဆဲလည်း ဖြစ်ပါသည်။

လူငယ်များအနေဖြင့် စာကိုကြိုးစားနေချိန်တွင် ပရဟိတလုပ်လိုလျှင် ကြက်ခြေနီအဖွဲ့၊ ကင်းထောက်အဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ စသည်တို့ကို ဝင်စေချင်ပါသည်။ ဤအဖွဲ့များကို ဝင်ရန်အချိန်မရှိလျှင် မိမိလုပ်အားနှင့်လည်း တစ်နိုင်တစ်ပိုင် ပရဟိတလုပ်ငန်းများ လုပ်နိုင်ပါသည်။ ဥပမာအားဖြင့် လမ်းပြင်နိုင်ပါသည်။ အမှိုက်ကောက်နိုင်ပါသည်။ ဗွက်အိုင်များကို မြေဖို့ နိုင်ပါသည်။ ရေအိုးစင်တည်နိုင်ပါသည်။ ရေဘေးကျရောက်သည့် အချိန်များတွင် လူငယ်များ တူညီဝတ်စုံဝတ်ကာ လမ်းပေါ်ထွက်၍ အလှူခံပြီး ပရဟိတလုပ်ခြင်းကို အားမပေးလိုပါ။

### မဃလုလင်

လမ်းခင်း၊ လမ်းဖောက်၊ လမ်းပြင် စသည့်အများအကျိုးကို ဆောင်ရွက်ခဲ့၍ အကျိုးကျေးဇူးများခဲ့သော မဃလုလင် အဖွဲ့အကြောင်း တင်ပြလိုပါသည်။

> ✻ **ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများသည် အများအကျိုးကို ဆောင်ရွက်သည့်စိတ်၊ အများအတွက် ပေးဆပ်မည့်စိတ်၊ ပရဟိတစိတ်များကို ကိုယ်တိုင်လည်းမွေးမြူပြီး အများကိုလည်း မွေးမြူကြရန် တိုက်တွန်းထားသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွင် လူတိုင်းက ပရဟိတစိတ်မွေးမြူကြလျှင် လူ့အဖွဲ့အစည်းသည် ယူသည့်အဖွဲ့အစည်းမှ ပေးဆပ်သည့်အဖွဲ့အစည်း ဖြစ်လာပါမည်။ တိုင်းပြည်၏ နယ်ပယ် ကဏ္ဍအသီးသီးတွင် ပရဟိတစိတ်ရှိသူများလာသည့်အခါ ပြည်သူများ၏ လူမှုဘဝများလည်း သာယာလာပါမည်**

ရှေးအခါက မဂဓတိုင်း၊ မစလရွာတွင် မဃ အမည်ရှိသော လုလင်သည် စေတနာဖြင့် အများအကျိုးအတွက် လမ်းပြုပြင်ခြင်း၊ မြေဖို့ခြင်းစသည့် အလုပ်များကို လုပ်ကိုင်ပါသည်။ မဃလုလင်၏ ဆောင်ရွက်ချက်များကို နှစ်သက်သဖြင့် သုံးကျိပ်သုံးယောက်သော လုလင်များလည်း ပူးပေါင်းပါဝင်လာပါသည်။ စိတ်ယုတ်ရှိသူ ရွာစားက ဓားပြတိုက်ရန် အကြံပေးပါသည်။ မဃလုလင်အဖွဲ့က ငြင်းဆိုသည့်အခါ ရွာစားက ဘုရင်ကို အကောက်ဆင်၍ ကုန်းချောပါသည်။ ဘုရင်က အထင်မှားကာ အမျက်တော်ရှ၍ လုလင်အဖွဲ့ကို ဖမ်းဆီးပြီး ဆင်ဖြင့်နင်းသတ်စေပါသည်။ ဆင်က နင်းသတ်ရန်ကြံတိုင်း အများအကျိုးဆောင်သည့် သူတော်ကောင်းများဖြစ်၍ ဆင်သည် မနင်းဝံ့ဘဲ ဦးစိုက်၍သာ သွားပါသည်။ ထူးခြားသည့် သတင်းကိုကြားသည့်အခါ ဘုရင်ကြီးက မဃလုလင်အဖွဲ့ကို ခေါ်ယူမေးမြန်းပါသည်။ မဃလုလင်နှင့် သုံးကျိပ်သုံးယောက်သော လုလင်တို့၏စေတနာနှင့် ပရဟိတလုပ်ငန်းများကို ဘုရင်ကြီးကြားသိရသည့်အခါ ဘုရင်ကြီးက အမှားကိုဝန်ခံပြီး ဆုတော်လာဘ်တော်များနှင့်အတူ ဆင်ကိုပါ ချီးမြှင့်ပါသည်။

### ပရဟိတ

ကိုယ်ထိလက်ရောက် အများအကျိုးဆောင်ရွက်နိုင်သလို စိတ်ဓာတ်ဖြင့်လည်း လူငယ်များ ပရဟိတလုပ်၍ ရပါသည်။ ပရဟိတဆိုသည်မှာ အများကောင်းကျိုးဆောင်ရွက်ခြင်း ဖြစ်ပါသည်။ စည်းကမ်းကို လိုက်နာခြင်းသည် ပရဟိတလုပ်ခြင်းဖြစ်ပါသည်။ ဥပမာ တန်းစီနေသည့်နေရာတွင် စည်းကမ်းဖောက်ပြီး ရှေ့မှဝင်လျှင် တစ်ဖက်သား စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ ထိုနည်းတူ လမ်းပေါ်မှာ အမှိုက်ပစ်လျှင် အများကို ထိခိုက်ပါသည်။ စည်းကမ်း ဖောက်သည်နှင့် တစ်ဖက်သားကို အနှောင့်အယှက်ဖြစ်စေပါသည်။ စည်းကမ်းစောင့်ထိန်းသူသည် တစ်ဖက်သားကို စိတ်အနှောင့်အယှက် မလုပ်သူဖြစ်၍ အများကောင်းကျိုးကို လုပ်သူအဖြစ် သတ်မှတ်ရပါမည်။ ကိုယ်ကျင့်တရား ကောင်းအောင် ပြုမူနေထိုင်ခြင်းသည်လည်း ပရဟိတလုပ်ခြင်း ဖြစ်ပါသည်။ ကိုယ်ကျင့်တရားကောင်းသူသည် တစ်ဖက်သားထိခိုက်နစ်နာစေမည့် မုသားပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ချောက်တွန်းခြင်း... စသည်တို့ကို ရှောင်ပါသည်။ ကိုယ်ကျင့်တရားကောင်းသူသည် အများအကျိုးကို ထိခိုက်အောင်မလုပ်သူဖြစ်၍ ပရဟိတလုပ်သူဟု ဆိုရပါမည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်လည်း အများအကျိုးဆောင်ရွက်ခြင်း ဖြစ်ပါသည်။ စက်ရုံများမှထွက်သော ရေဆိုးများကို မြစ်ချောင်း အင်းအိုင်များအတွင်း စွန့်ပစ်သည့်အခါ ငါးများ၊ ရေသတ္တဝါများ သေကြေပျက်စီးရပါသည်။ အဆိပ်သင့်ရေကို သုံးမိသူများကိုလည်း အန္တရာယ်ဖြစ်စေပါသည်။ သစ်တောများကို အလွန်အကျွံခုတ်သည့်အတွက် မိုးကြီးသည့်အခါ မြစ်ချောင်းများ ရေလျှံ၍ လူအများ ဒုက္ခရောက် ရပါသည်။ ရာသီဥတုများ ဖောက်ပြန်ပါသည်။ အားကြီးသည့် မုန်တိုင်းများ ဖြစ်ပေါ်၍ လူအများ၏ အသက်၊ စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရပါသည်။ ပရဟိတလုပ်သူသည် သဘာဝပတ်ဝန်းကျင် ပျက်စီးအောင် ပြုလုပ်ခြင်းကို ရှောင်ရပါမည်။

### အဆိုအမိန့်များ

အများအကျိုးကို ဆောင်ရွက်သူသည် တန်ဖိုးရှိသည့်လူ ဖြစ်ပါသည်။ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးအိုင်စတိုင်းက “ချမ်းသာအောင်မြင်သူ ဖြစ်ဖို့ထက် တန်ဖိုးရှိသူဖြစ်အောင် ကြိုးစားပါ” ဟု ဆိုပါသည်။ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများသည် ပရဟိတလုပ်ငန်းများကို တန်ဖိုးထားသည်ကို သိနိုင်ပါသည်။ စာရေးဆရာကြီး အဲလ်ဘတ်ပိုက်ကလည်း “မိမိအတွက်လုပ်သည့် လုပ်ဆောင်ချက်တွေက မိမိသေသည့်အခါ အတူလိုက်သေမှာဖြစ်ပြီး၊ အများအတွက် လုပ်ဆောင်ချက်တွေကတော့ ဘယ်တော့မှ မသေဘဲ အစဉ်ရှင်သန်နေပါမည်” ဟု ဆိုပါသည်။ အမေရိကန်သမ္မတကြီး ဝှုန်အက်ဖ်ကနေဒီက “လှူတယ်၊ ပေးကမ်းတယ်၊ အများအကျိုးဆောင်ရွက်တယ်၊ ပရဟိတလုပ်တယ်... ဘယ်လိုခေါ်ခေါ်၊ လူသားအကျိုးကို ဆောင်ရွက်မှ လူသားဖြစ်သည်” ဟု ဆိုပါသည်။ ဤအဆိုအရ လူဖြစ်လာလျှင် လူသားကောင်းကျိုးကို ဆောင်ရွက်မှသာ လူပီသပါမည်။ ဒုတိယကမ္ဘာစစ်ကို နိုင်အောင်တိုက်ခဲ့သည့် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ် ဝင်စတန်ချာချီက “ကျွန်တော်တို့ ရှာဖွေလို့ရသည့် ငွေကြေးဥစ္စာနှင့် အသက်ရှင်ရပါတယ်။ ဒါပေမယ့် ဘဝကိုတော့ ကျွန်တော်တို့ စွန့်လွှတ်ပေးကမ်းတာနှင့် တည်ဆောက်ရပါတယ်” ဟု ဆိုပါသည်။ ဝင်စတန်ချာချီ၏ အဆိုအရ အများအတွက် စွန့်လွှတ်ပေးကမ်းသူများသာ ဘဝမှတ်တိုင်ကို စိုက်နိုင်ပါမည်။ နာမည်ကျော် အိန္ဒိယကဗျာဆရာကြီး ရာဘင်ဒြာနတ်တဂိုးကလည်း “စွန့်လွှတ်ပေးကမ်းမှု မလုပ်သည့် ပစ္စည်းမှန်သမျှ ဘာတန်ဖိုးမှ မရှိပါ” ဟု ဆိုပါသည်။ ဆရာကြီး ရာဘင်ဒြာနတ်တဂိုး၏ အဆိုအရ မည်မျှချမ်းသာသည် ဖြစ်စေ အများကောင်းကျိုးအတွက် လှူဒါန်းမှု မလုပ်လျှင် တန်ဖိုးမရှိပါ။

အထက်ပါ အဆိုအမိန့်များကို ကြည့်လျှင် ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများသည် အများအကျိုးကို ဆောင်ရွက်သည့်စိတ်၊ အများအတွက်ပေးဆပ်မည့်စိတ်၊ ပရဟိတစိတ်များကို ကိုယ်တိုင်လည်း မွေးမြူပြီး အများကိုလည်း မွေးမြူကြရန် တိုက်တွန်းထားသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွင် လူတိုင်းက ပရဟိတစိတ်မွေးမြူကြလျှင် လူ့အဖွဲ့အစည်းသည် ယူသည့်အဖွဲ့အစည်းမှ ပေးဆပ်သည့်အဖွဲ့အစည်း ဖြစ်လာပါမည်။ တိုင်းပြည်၏ နယ်ပယ်ကဏ္ဍအသီးသီးတွင် ပရဟိတစိတ်ရှိသူများလာသည့်အခါ ပြည်သူများ၏ လူမှုဘဝများလည်း သာယာလာပါမည်။ ဥပမာပေးရလျှင် ဆရာဝန်များက မိမိအကျိုးချမ်းသာ၊ မိမိငွေကြေးရဖို့ထက် ရောဂါပျောက်ကင်းရေးကို အဓိကထားသည့် ဆရာဝန်များ ဖြစ်လာပါမည်။ ကျောင်း ဆရာ၊ ဆရာမများကလည်း မိမိအကျိုးစီးပွားထက် ပညာထူးချွန်ပြီး နှလုံးလှသည့် လူရည်ချွန်၊ လူရည်မွန်တွေ ထွက်လာအောင် ကြိုးစားသင်ကြားကြပါမည်။ စာရေးဆရာများကလည်း ပေါ်ပင်နောက်လိုက်ရေးခြင်းကို ရှောင်ပြီး စာဖတ်သူကို အကျိုးရှိစေမည့်စာများ ရေးပါမည်။

### ဒေါ်ဦးဇွန်း

မြန်မာနိုင်ငံတွင် အများအကျိုးဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်အကျော်အမော် များစွာရှိပါသည်။ ထိုသူများထဲမှ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ လူအိုရုံများကို စတင်တည်ထောင်ခဲ့သူ ဒေါ်ဦးဇွန်းသည် အားကျအတုယူထိုက်သည့် အမျိုးသမီးကြီးဖြစ်ပါသည်။ ဒေါ်ဦးဇွန်းသည် အဖ ပိုးကုန်သည်ကြီး ဦးအီ၊ အမိ ဒေါ်မျှင်တို့မှ ၁၂၃၀ ပြည့်နှစ် ဝါခေါင်လဆန်း ၅ ရက် သောကြာနေ့တွင် ဖွားမြင်သော တစ်ဦးတည်းသော သမီးဖြစ်ပါသည်။ မဦးဇွန်းကလေးသည် ငယ်စဉ်ကပင် သူတော်ကောင်းမိဘများ၏ သွန်သင်ချက်အရ ဘာသာရေးကို အထူးကိုင်းရှိုင်းသော အမျိုးကောင်းသမီးဖြစ်ခဲ့သည်။ ခုနစ်နှစ်အရွယ်ကပင် ပုပ္ပါရုံကျောင်းအမ ဝိသာခါထုံး နှလုံးမူကာ နေ့စဉ်ငါးပါးသီလကို စောင့်ထိန်း၍ ရှစ်ရက်သီတင်း လပြည့်လကွယ်တို့၌ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော သီလကို အမြဲမပြတ် ဆောက်တည်ခဲ့လေသည်။ *စာမျက်နှာ ၂၁ သို့*

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

# ကန့်ဘလူမြို့၌ ငွေကျပ် ၆၁၂ သန်းအသုံးပြု၍ ပြည်သူ့အငှားအိမ်ရာ ဆောက်လုပ်မှု ၇၅ ရာခိုင်နှုန်းခန့် ပြီးစီး



ပြည်သူ့အငှားအိမ်ရာ အဆောက်အအုံကို တွေ့ရစဉ်။

**ကန့်ဘလူ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် တည်ဆောက်လျက်ရှိသည့် ပြည်သူ့အငှား အိမ်ရာစီမံကိန်းမှာ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဝင်ငွေနည်းပြည်သူများ နေရေးဖြေရှင်းပေးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်တည်ဆောက်နေသည့် ၁၂ ခန်းတွဲ လေးထပ် ပြည်သူ့အငှားအိမ်ရာ အဆောက်အအုံမှာ ယခုအခါ ၇၅ ရာ ခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း တင်ဒါစနစ်ဖြင့် တာဝန်ယူတည်ဆောက်နေသည့် WELLTECH ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းထံမှ သိရသည်။

အဆိုပါအဆောက်အအုံမှာ အလျား ၁၃၂ ပေ၊ အနံ ၅၁ ပေ အာရ်စီ လေးထပ်အဆောက်အအုံဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံ ငွေကျပ် ၆၁၂ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ကာ ယခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာ အဆောက်အအုံသည် ကန့်ဘလူမြို့၏ မြို့ရှောင်လမ်း(တက္ကသိုလ်လမ်းမကြီး) အနောက်ဘက် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံနောက်ကျောကပ်လျက်တွင် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူ့အငှားအိမ်ရာ တည်ဆောက်နေမှုအခြေအနေများအား သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေးပြည့်မီရေးတို့အတွက် ခရိုင်တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ကွင်းဆင်းစစ်ဆေး၍ ရေရှည်တည်တံ့ကောင်းမွန်ရန်နှင့် တင်ဒါပါစည်းကမ်းချက်များနှင့်အညီ တည်ဆောက်ရေးတို့အတွက် ဆောင်ရွက်ရန်ဆွေးနွေးမှာကြားခဲ့ကြောင်း မန်နေဂျင်းဒါရိုက်တာ၏ ပြောပြချက်အရ သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

## ၂၀၂၁ ခုနှစ် စက်တင်ဘာလထုတ် သုတပဒေသာစာစောင် ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "ထက်မြက်သော ခေါင်းဆောင်မှု မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင် (စက်တင်ဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၁ခုနှစ်၊ စက်တင်ဘာလထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) တို့၏ "ထက်မြက်သော ခေါင်းဆောင်မှု" မျက်နှာဖုံး ဆောင်းပါးများ၊ မောင်ပေါ်ထွန်း၊ ကျော်ဝင်းဟိန်း (ပခုက္ကူ)၊ အောင်မြတ်စည်သူတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ဝင်းထွဋ်ဦး၊ ထီလာစိုးမြင့်ထယ်၊ ညီမော်သိမ်း၊ ခင်မောင်ခြိမ့်၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ)၏ စီးပွားရေးဆိုင်ရာ ဆောင်းပါး၊ ရဲထက်ဇော်၊ ချိုးငှက် (သံတွဲ) တို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ လှဲ့လှဲ့ဝင်း (သတ္တဗေဒ )၊ သွင်းသုစံတို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ကိုဇော်ဌေး (ယဉ်ကျေးမှု) ၏ မူးယစ်ဆေးဝါး ဆိုင်ရာဆောင်းပါး၊ မီးအိမ်ရှင် ဒေါက်တာ နိုက်တင်ဂေးလ်၊ ဒေါက်တာ မြင့်သန်း (သန္တေသား)၊ မိုမိုကို၊ ဒေါက်တာ မြင့်သန်းထွန်း ( ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာ လွင်သန့်၊ မြတ်လေးမြင့်တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ မြသိန်း၊ စိုးစိုး (ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ခြယ်မှုန်းသီ၊ စိန်ဝင်းနွယ်၊ ကိုရင်ကျော်၊ မော် (သန်လျင်) တို့၏ ကဗျာဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

မိဘများအားလည်း မပြတ်လုပ်ကျွေးပြုစုလေသည်။

အသက် ၁၆ နှစ်အရွယ်မှစ၍ မဦးဖွန်းသည် မိဘလုပ်ငန်းဖြစ်သော ကုန်သည်အလုပ်ကို ဦးစီးလုပ်ကိုင်ခဲ့သည်။ ပိုးထည်အရောင်းအဝယ်နှင့် စပ်လျဉ်း၍ အမြို့မြို့သို့ ကူးသန်းသွားလာသောကြောင့် အမြို့မြို့၌ မိတ်ဆွေများရှိသည်။ လူပေါင်းဆံ့သည်။ ဗဟုသုတကြွယ်ဝသည်။ မင်္ဂလာတရားတော်နှင့်အညီ မောက်ကြွားဝင့်ဝါခြင်းမရှိ။ ခြိုးခြံစွာ ကျင့်သုံးနေထိုင်၍ လှူသင့်လှူထိုက် ပေးသင့် ပေးထိုက်သူများအား ရက်ရောစွာ ပေးကမ်းတတ်သည်။ မိခင်ဖခင်တို့ ကွယ်လွန်ချိန်တွင် ဒေါ်ဦးဖွန်း၌ မိမိနေထိုင်သော တိုက်အိမ်၊ ငွေသားတစ်သိန်းခွဲခန့်နှင့် လယ်ယာမြေစသော အမွေအနှစ်များရလိုက်သည်။ အမရပူရမြို့မှ ပိုးထည်စသည့်ကုန်တို့ကို တစ်ဦးတည်း ကိုယ်စားလှယ်ယူကာ ရန်ကုန်၊ သထုံ၊ မော်လမြိုင်၊ ပဲခူး၊ ပုသိမ်စသော အောက်ပြည်နယ်များသို့ ဖြန့်ဖြူးရောင်းချသည်။ ဒေါ်ဦးဖွန်းသည် ၁၂၆၀ ပြည့်နှစ် အသက်သုံးဆယ်အရွယ်တွင် မန္တလေးမြို့ ပတ္တမြား ဆရာတော်ဘုရားကြီးအား အုတ်ကျောင်း ဆောက်လုပ်လှူဒါန်းသည်။ ထိုအချိန်မှစ၍ ပတ္တမြားအုတ်ကျောင်း အမဒေါ်ဦးဖွန်းဟူ၍ လူသိများလာသည်။

စီးပွားရေးလုပ်ငန်းများ မည်မျှပင် တိုးတက်ကောင်းမွန်နေစေကာမူ မိဘများ ကွယ်လွန်သည့် အချိန်မှစ၍ ဒေါ်ဦးဖွန်းသည် မိဘများအား လွမ်းဆွတ်သောစိတ်ကြောင့် စီးပွားရေးလုပ်ငန်း၌ စိတ်မပျော်ပိုက်ဖြစ်ကာ ရန်ကုန်မြို့သို့ စိတ်ပြေလက်ပျောက် အလည်အပတ် ဆင်းလာခဲ့သည်။ ရန်ကုန်မြို့သို့ ရောက်သောအခါ ကန်တော်ကလေးရပ်ရှိ ပြင်သစ်သာသနာပြု လူအိုရုံသို့ သွားရောက်ကြည့်ရှုရာမှ သားထောက်သမီးခံ မရှိသော လူအိုများအား မိဘများကိုယ်စား စောင့်ရှောက်ကျွေးမွေးရသော်သင့်မည်ဟု အကြံဖြစ်ပေါ်လာလေသည်။ ထိုထက်မိရိုးဖလာအားဖြင့် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဖြစ်ပါလျက် မြန်မာနိုင်ငံ၌ တစ်ခုတည်းသာရှိသော ပြင်သစ်သာသနာပြု လူအိုရုံတွင် ခိုလှုံကြရပါက ဘာသာရေး အခက်အခဲ ဖြစ်ကြရတော့မည်ကို ယူကျုံးမရ ဖြစ်ခဲ့ရလေသည်။ ထို့ကြောင့် မိမိကိုးကွယ်သော ဘာသာကိုလည်း မထိခိုက်စေဘဲ မိမိတို့ အလိုအလျောက် ကိုးကွယ်လိုသော ဘာသာကို ကိုးကွယ်ခွင့်ရှိစေရန် လူအိုများ စောင့်ရှောက်ရေးဌာနတစ်ခု ဖွင့်လှစ်မည်ဟု အကြံပြုခဲ့သည်။

မန္တလေးမြို့သို့ ပြန်ရောက်သောအခါ စစ်ကိုင်းတောင်ရိုး အရိယမဂ္ဂင်ချောင် ဆရာတော်ဘုရားကြီးအား လျှောက်ထား၍ မင်းကွန်းခေါင်းလောင်း ကြီးတည်ရာ အနီးတွင် ဘီအိုင်အေ ဦးမောင်ကြီး၊ ဦးဘချမ်းတို့နှင့်အတူ ဒေါ်ဦးဖွန်းကိုယ်တိုင် ခုတ်ထွင်မြေညှိပြီးလျှင် ကမ္ဗည္ဌာန်းကျောင်း ၃ ကျောင်း စတင်ဆောက်လုပ်ကာ လူအိုရုံကို ၁၂၇၈ ခုနှစ်တွင် စတင်ဖွင့်လှစ်သည်။ ရေးဦးစွာ အဖိုးအိုတစ်ယောက်၊ အဘွားအိုသုံးယောက်ကို လက်ခံ၍ ဒေါ်ဦးဖွန်းကိုယ်တိုင် အဖော်မိန်းကလေးတစ်ဦးနှင့် ဝတ်ကြီးဝတ်ငယ်ပြု၍ ကျွေးမွေးစောင့်ရှောက်ခဲ့ရာ ၁၂၈၀ ပြည့်နှစ်သို့ ရောက်သောအခါ လူအိုပေါင်း ၂၀ ခန့်ကို လက်ခံစောင့်ရှောက်နိုင်သည့် အခြေသို့ ရောက်ခဲ့ပါသည်။ ယင်းနှစ်နှစ်အတွင်း ဒေါ်ဦးဖွန်းသည် မိမိ၏ ကိုယ်ပိုင်ငွေဖြင့်ပင် ပြုစုပျိုးထောင်ခဲ့၍ ၁၂၈၀ ပြည့်နှစ်တွင်မှ အလှူပါဝင်လိုသူများထံမှ သဒ္ဓါကြေး လက်ခံကာ လူအိုရုံအသင်းကို စတင် တည်ထောင်သည်။

မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံလုပ်ငန်း အတော်အထမြောက် အောင်မြင်လာသောအခါ ဒေါ်ဦးဖွန်းသည် မူလရည်ရွယ်ချက်အတိုင်း ၁၂၈၉ ခုနှစ်တွင် သထုံမြို့ မြသပိတ်တောင်ခြေ၌ လည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်တွင် ပေါင်းတည်မြို့၌ လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရန်ကုန်မြို့ နှင်းဆီကုန်း၌လည်းကောင်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူမြို့၌လည်းကောင်း အသီးသီးလူအိုရုံများကို မိမိပိုင်ငွေဖြင့် မတည်၍ ဖွင့်လှစ်ခဲ့သည်။ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်း စုစုပေါင်း နှစ်သိန်းခန့်ကို လူအိုရုံများသို့ လှူဒါန်းလိုက်လေသည်။ ထိုအချိန်က အခေါက်ရွှေတစ်ကျပ်သား၏ တန်ဖိုးသည် မြန်မာငွေ ၁၆ ကျပ်သာရှိပါသည်။ ထို့နောက် ၁၂၉၀ ပြည့်နှစ် အသက် ၆၀ အရွယ်တွင် ပေါင်းတည်လူအိုရုံ၌ ဝတ်ကြောင်ကို စွန့်၍ သီလရှင်ဝတ်လိုက်သည်။ သီလရှင်ဘွဲ့မှာ ဖွားသုမာလာဖြစ်ပါသည်။ သို့ရာတွင် ဒေါ်ဦးဖွန်းဟူသော အမည်ဖြင့်ပင် ထင်ရှားသည်။

ကျောင်းအမကြီး ဒေါ်ဦးဖွန်း၏ ကိုယ်ကျိုးစွန့်သော တိုင်းကျိုးပြည်ကျိုးဆောင်လုပ်ငန်းကို အင်္ဂလိပ်အစိုးရတို့သည် အသိအမှတ်ပြုသည့်အနေဖြင့် တီပီအက်ခေါ် တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ကို ချီးမြှင့်ခဲ့သည်။ မီးရထား၊ မီးသင်္ဘောတို့ဖြင့် မြန်မာနိုင်ငံအနှံ့အပြား ပထမတန်းမှ အခမဲ့စီးနင်းသွားလာခွင့်ကိုလည်းပေးခဲ့ပါသည်။ လူအိုရုံများ၏မိခင် ကျောင်းအမကြီး ဒေါ်ဦးဖွန်းသည် လူအိုရုံများအတွက် စည်းစိမ်နှင့် လုပ်အားကို ၂၈ နှစ်လုံးလုံး ပေးအပ်ဆောင်ရွက်ခဲ့ပြီးနောက် ၁၃၆၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၅ ရက်နေ့ အသက် ၇၆ နှစ် အရွယ်၌ မင်းကွန်းလူအိုရုံတွင် ကွယ်လွန်ပါသည်။ ဒေါ်ဦးဖွန်း၏ကြေးရုပ်ကို ထုလုပ်၍ မင်းကွန်းလူအိုရုံတွင် ဂုဏ်ပြုသောအားဖြင့် ထားရှိသည်ကို တွေ့နိုင်ပါသည်။

ဒေါ်ဦးဖွန်းအကြောင်းကို ဖတ်ရသည့်အခါ ဒေါ်ဦးဖွန်းကို အလွန်ပင်လေးစားမိသည့်အပြင် မြန်မာတစ်ယောက်အနေဖြင့်လည်း ဂုဏ်ယူမိပါသည်။

နိဂုံးချုပ်အနေဖြင့် လူသားတစ်ယောက်သည် အများအကျိုးကို သယ်ပိုးဆောင်ရွက်မှသာ လူဖြစ်ရကျိုးနပ်ပြီး မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်ပါမည်။

**"မှတ်သားစရာ"**

**လူငယ်များ ဇာတ်တော်မှ မဃလုလင်၊ မျက်မှောက်ခေတ်မှဒေါ်ဦးဖွန်း အစရှိသည့် ပရဟိတသူရဲကောင်းများကို အားကျအတုယူရင်း အများအကျိုး သယ်ပိုးရပါမည်။**

ကိုးကား

၁။ ဓမ္မပဒ ဝတ္ထုတော်ကြီး (ပထမတွဲ)။ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ ထေရ်။

၂။ မြန်မာ့စွယ်စုံကျမ်း။








# မြိတ်ခရိုင်အတွင်း ငွေကျပ်သန်းပေါင်း ၁၆၀၀၀ ကျော်ဖြင့် လမ်း၊ တံတား အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

မြိတ် စက်တင်ဘာ ၂၅

**တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်စေရေးအတွက် ဘဏ္ဍာနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လမ်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။**

“လမ်းဦးစီးဌာနက လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းအသစ်ခင်းခြင်း၊ လမ်းချဲ့ခြင်းတွေကို ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်ထောင်စုလမ်းမကြီးဖြစ်တဲ့ ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်း (ပလောက်-ပုလော-မြိတ်အပိုင်း) နဲ့ (မြိတ်-တနင်္သာရီ-ထုံခါ အပိုင်း)၊ တိုင်းဒေသကြီး လမ်းပိုင်း ၁၂ လမ်းတို့မှာ ယခုနှစ် ဆောင်ရွက်လျက်ရှိတဲ့ လမ်းလုပ်ငန်းတွေ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်” ဟု ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ကိုကိုကျော်က ပြောသည်။

မြိတ်ခရိုင် လမ်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် လမ်းလုပ်ငန်းများတွင် ကတ္တရာကွန်ကရစ်(AC)လမ်းခင်းခြင်း ၇ ဒသမ ၉၈ ကီလိုမီတာ၊ ကွန်ကရစ်လမ်းခင်းခြင်း ၁၉ ဒသမ ၄၇၆ ကီလိုမီတာ၊ ကတ္တရာလမ်းသစ်ခင်းခြင်း ၅ ဒသမ ၈၉၅ ကီလိုမီတာ၊ ကတ္တရာလမ်းချဲ့ခင်းခြင်း ၆ ဒသမ ၆၅၆ ကီလိုမီတာ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၉ ဒသမ ၆၆၇ ကီလိုမီတာ၊ မြေသားတာပေါင်တင်ခြင်း/ မြေဖြတ်လုပ်ငန်းဆောင်ရွက်ခြင်း၂၀ဒသမ၉၆၅ကီလိုမီတာ၊ အမာခံလမ်းခင်းခြင်း ၀ ဒသမ၂၂ ကီလိုမီတာ၊ ပေ ၅၀ အောက် တံတားတစ်စင်း၊ မြောင်းကူးတံတား/တံတားငယ်အသစ် ၁၇ စင်း၊ မြောင်းကူးတံတားတိုးချဲ့မှု ၅၅ စင်း၊ ကျောက်စီ/အုတ်စီရေမြောင်း ၂၂၅၁ မီတာ၊ ကျောက်စီမြေကာနံရံတည်ဆောက်ခြင်း ၁၉၂ မီတာ၊ လမ်းအန္တရာယ်အသိပေး/သတိပေးဆိုင်းဘုတ် စိုက်ထူခြင်း ၁၆၃ ခုတို့ကို ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေကျပ်သန်းပေါင်း ၁၆၀၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။



မြိတ်ခရိုင်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီး ကတ္တရာလမ်းခင်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

မြိတ်ခရိုင်အတွင်း လမ်းဦးစီးဌာနမှ လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းအသစ်ခင်းခြင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်းများကို အသုံးပြုကာ ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူလျင်မြန်စွာ သွားလာနိုင်ပြီဖြစ်သည့်အတွက် ဒေသထွက်ကုန်များကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်ခြင်းဖြင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာနိုင်မည်ဖြစ်ကာ ယခင်ကထက် စီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး (မြိတ်)**

# မုဒုံ-ပမ္မတီး-နမ်ရှယ်ကော့ ပူတာအိုလွင်ပြင်ပတ်လမ်းအရှည်တစ်မိုင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီး

**ပူတာအို စက်တင်ဘာ ၂၅**

ဆောက်လုပ်ရေးဝန်ကြီး ဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာခွင့်ပြုရန်ပုံငွေဖြင့် မုဒုံ-ပမ္မတီး-နမ်ရှယ်ကော့လမ်းအပိုင်း ပူတာအိုလွင်ပြင်ပတ်လမ်း၏လမ်းပိုင်းတစ်ခုဖြစ်သည့် လမ်းအရှည်တစ်မိုင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်ခဲ့သည့် ပူတာအိုနန်းတော်ဆောက်လုပ်ရေးကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ပူတာအိုခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးမှ သိရသည်။ **(အောက်ပုံ)**

အဆိုပါ လမ်းပိုင်းသည် အရှည် ၁၁ မိုင်ရှိသည့်အနက် ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်တွင် လမ်းအရှည် သုံးမိုင်လေးဖာလုံ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်ပေ ၄၀ ရှိ သံကူကွန်ကရစ်တံတား တစ်စင်း၊ ပေ ၅၀ ရှိ သံကူကွန်ကရစ်တံတား တစ်စင်းနှင့်ပေ ၆၀ ရှိ သံကူကွန်ကရစ် တံတား တစ်စင်းတို့ကို ဆောက်လုပ်ပြီးစီးခဲ့ပြီး ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ် ဘဏ္ဍာခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၄၆၃ ဒသမ ၃၆ သန်းဖြင့် မုဒုံ-ပမ္မတီး-နမ်ရှယ်ကော့လမ်းပိုင်းမှ လမ်းအရှည် တစ်မိုင် ကွန်ကရစ်လမ်းခင်းခြင်းကို ဇန်နဝါရီ ၁၅ ရက်မှ စတင် ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်တွင် လုပ်ငန်းရာနှုန်းပြည့် ပြီးစီးခဲ့ခြင်း ဖြစ်သည်။



အဆိုပါ ပူတာအိုလွင်ပြင်ပတ်လမ်းပိုင်းတစ်ခုဖြစ်သည့် မုဒုံ-ပမ္မတီး-နမ်ရှယ်ကော့လမ်းပိုင်းရှိ မုဒုံကျေးရွာ- နမ့်ပလပ်ချောင်း တံတားနှင့် ပမ္မတီးကျေးရွာကြား လမ်းပိုင်းသည် ယခင်က နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလတွင် ရေလွှမ်းမိုးမှုကြောင့် ပမ္မတီးကျေးရွာအုပ်စုမှပြည်သူများသည် စက်လှေဖြင့်တစ်ဆင့် သွားလာနေကြရာမှ ယခုအခါ အဆိုပါနေရာအား လမ်းတာပေါင်တင်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသဖြင့် အခက်အခဲမရှိ သွားလာနိုင်ပြီဖြစ်ပြီး ပူတာအို-မုဒုံ-နမ်ရှယ်ကော့ ပူတာအိုလွင်ပြင်ပတ်လမ်းမှကွန်ကရစ်လမ်းခင်းရန် ကျန်ရှိသည့် လမ်းအပိုင်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းနိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

# မလှိုင်မြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၇၀၀ ကျော် ပြုလုပ်ပြီးစီး

**မလှိုင် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုလူဦးရေစာရင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ကံတွင်းကျေးရွာအုပ်စုမှ နိုင်ငံသားကတ်မရရှိသေးသူများအား မြို့နယ်ရုံးတွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် လာရောက်ဆောင်ရွက်ပေးခဲ့ရာ ကံတွင်းကျေးရွာမှ နိုင်ငံသားကတ်မရှိသေးသူ ၂၂ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်းခြောက်စုကို ဆောင်ရွက်ပေးသည်။

“ကျွန်တော်တို့ဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများကို ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနဲ့ အိမ်ထောင်စုလူဦးရေစာရင်းများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၃ ရက်မှ စတင်၍ ကွင်းဆင်းပြီး ဆောင်ရွက်ပေးနေတယ်။ ဒီနေ့အထိ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အကြားနှင့် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားကတ်မရရှိသေးသူ ၁၇၈၁ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်” ဟု မြို့နယ်လဝကဦးစီးမှူး ဦးငွေဝင်းက ပြောသည်။

မလှိုင်မြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် ယနေ့အထိ (၃က) လူဦးရေ ၂၀၂ ဦး၊ (၆က) လူဦးရေ ၁၅၇၉ ဦး ၊ အိမ်ထောင်စု လူဦးရေစာရင်း ၂၉ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည် ။

**အောင်ငွေး(မလှိုင်)**

# စိုက်ပျိုးရေးသိပ္ပံ(သထုံ)တွင် မွေးမြူရေးဒီပလိုမာဖွင့်လှစ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်

**သထုံ စက်တင်ဘာ ၂၅**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးသိပ္ပံ(သထုံ)တွင် မွေးမြူရေးဒီပလိုမာဖွင့်လှစ်နိုင်ရန် အပါအဝင် သထုံခရိုင်နှင့် မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် သထုံမြို့ရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နေထိုင်ရေး၊ ပါတီနိုင်ငံရေးကင်းရှင်းရေး၊ မြို့နယ်အတွင်း ဌာနအလိုက် ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်စောင့်ကြည့်ကာ လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းရေး မှာကြားပြီး ဌာနဆိုင်ရာများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက် တင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။




ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သုဝဏ္ဏဝတီမြို့ရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဧက ၃၀၀ စိုက်ခင်းသို့ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦးက စံပြကျေးရွာ ဧက ၃၀၀ ၌ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် သထုံမြို့နယ်အတွင်း မိုးစပါး RS-CS မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်း ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ်သည် သိမ်ဆိပ်ကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးချိုတူး၏ အသားတိုး ကြက်မွေးမြူရေးခြံသို့လည်း သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက အသားတိုးကြက်မွေးမြူထားရှိမှုနှင့် အခက်အခဲများကို တင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံ(သထုံ)ကျောင်းသို့ သွားရောက်ကာ ကျောင်းတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျောင်းပြန်လည်ဖွင့်လှစ်သည့်ကာလ၌ အဆင်သင့်ဖြစ်စေရန် ကြိုတင်ပြင်ဆင်နေမှုများ၊ လိုအပ်ချက်များနှင့် စိုက်ပျိုးရေးသိပ္ပံ(သထုံ)တွင် မွေးမြူရေးဒီပလိုမာဖွင့်လှစ်နိုင်ရန် တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သထုံမြို့ရှိ အထက(၄)ကျောင်း ဉာဏ်ဝေယံခန်းမ၌ သထုံမြို့နယ်အတွင်းရှိ တပ်မတော်တပ်ရင်းတပ်ဖွဲ့ ခြောက်ခုနှင့် ကျေးရွာ အုပ်စု ၁၃ အုပ်စုတို့ထံ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၆၉၉ ခုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက သက်ဆိုင်ရာ ဒေသခံပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီးနောက် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ) ကျောင်းဝင်းအတွင်း၌ ခွင့်ပြုရန်ပုံငွေကျပ် ၈၉၉ သန်းဖြင့် တည်ဆောက်နေသည့် ကျောင်းသား ကျောင်းသူ ၁၆၀ ဆံ့ RC နှစ်ထပ်အိပ်ဆောင်နှင့် ထမင်းစားဆောင် ဆောက်လုပ်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတလူမှုရေးအဖွဲ့အစည်းများအား ထောက်ပံ့စရိတ်နှင့် ကျန်းမာရေးအကာအကွယ်ပစ္စည်းများ ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတလူမှုရေးအဖွဲ့အစည်းများအား ထောက်ပံ့စရိတ်နှင့် ကျန်းမာရေးသုံးကာကွယ်ရေးပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ယမန်နေ့က ပေးအပ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးက တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပရဟိတအဖွဲ့များ ပါဝင်ကူညီဆောင်ရွက်မှုများအပေါ် မှတ်တမ်းတင်ဂုဏ်ပြုကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လိုအပ်မည့်ငွေကြေးများ၊ ခရီးစရိတ်များ၊ စက်သုံးဆီစရိတ်များ၊ ရောဂါကာကွယ်ရေးသုံးပစ္စည်းများကို ခရိုင်လေးခုကိုယ်စားပြု၍ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပရဟိတလူမှုရေးအဖွဲ့အစည်းများအတွက် ထောက်ပံ့သည့် တစ်လစာ စားသောက်စရိတ်၊ စက်သုံးဆီစရိတ်၊ ခရီးစရိတ်အဖြစ် ငွေကျပ် ၇၃၁၀၂၅၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့သော တန်ဖိုးငွေကျပ် ၃၃၆၉၉၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးသုံးပစ္စည်း ကိုးမျိုးကို တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့် နှင့် လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းတို့ကလည်းကောင်း ပရဟိတအဖွဲ့များ၏ ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးကြသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ပံ့ငွေပေးအပ်စဉ်။

ထောက်ပံ့ပေးအပ်ပွဲအပြီးတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ပြုလုပ်ကာ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က ပရဟိတအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူး ဦးမင်းစမ်းအေးက ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးများက မိမိတို့ခရိုင်အတွင်းရှိ မြို့နယ်များမှ ပရဟိတအဖွဲ့များ၏ လိုအပ်ချက်များ ၊ အားနည်းချက်/အားသာချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

## ကရင်ပြည်နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်မိသားစုများအား ဆန်နှင့်စားသုံးဆီများ ထောက်ပံ့

**ဘားအံ စက်တင်ဘာ ၂၅**

ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ ရုံး/မီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်မိသားစုများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဆန်နှင့်စားသုံးဆီများကို စက်တင်ဘာ ၂၄ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ တတိယအကျော့ ကူးစက်ဖြစ်ပွားချိန်နှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်နှင့်ပူးပေါင်း၍ နေ့မအား ညမနား အပင်ပန်းခံ ကြိုးစားဆောင်ရွက်ပေးခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များကို အသိအမှတ်ပြု ဂုဏ်ယူလေးစားသောအားဖြင့် ယနေ့ထောက်ပံ့ပေးအပ်ပွဲပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ်မီးသတ်ဦးစီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ ရုံး/မီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်မိသားစုများအတွက် ငွေကျပ် ၂၈၃၃၀၀၀ တန်ဖိုးရှိ ဆန်အိတ်များနှင့် စားသုံးဆီပုံးများကို ပြည်နယ်မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆွေးနွေး

တောင်ကြီး စက်တင်ဘာ ၂၅

**ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် (၁/၂၀၂၁)ကြိမ်မြောက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးကို စက်တင်ဘာ ၂၄ ရက်က တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။**



အစည်းအဝေးတွင် ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးစု ၃၃ မျိုးစု မှီတင်းနေထိုင်လျက်ရှိကာ တိုင်းရင်းသားများ၏ ရိုးရာဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးတမ်း၊ လူမှုဘဝနေထိုင်မှုများသည် မတူကွဲပြားသဖြင့် ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်နိုင်မည့် အရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ ပြည်နယ်အတွင်း တောင်ကုန်း တောင်တန်းများ၊ သဘာဝလိုဏ်ဂူများ၊ အလွန်လှပသည့် သဘာဝရေတံခွန်များ၊ ပေ ၇၀၀၀ အထက် မြင့်သော တောင်ထိပ်များတွင် ရာသီချိန်ပွင့်သည့် တောင်ဇလပ်ပန်းများသည်လည်း ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုဖြစ်ကြောင်း မြန်မာနိုင်ငံ၏ အဓိက ခရီးစဉ်ဒေသကြီး လေးခုဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး တို့အနက် အင်းလေးကန်ခရီးစဉ်သည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပါဝင်ကာ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီအခြေအနေတွင် ရှမ်းပြည်နယ်အတွင်း ပြည်တွင်းဧည့်သည် ရှစ်သိန်းနီးပါး၊ ပြည်ပဧည့်သည် လေးသိန်းကျော် လာရောက်လည်ပတ်ခဲ့ကြောင်း ပြောကြားသည်။

ယခုအခါ နိုင်ငံတော်၏ ပြောင်းလဲလာသည့် ဖွဲ့စည်းပုံနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် ခရီးသွားလုပ်ငန်း ကော်မတီများကို ပြင်ဆင်ဖွဲ့စည်းကာ ကော်မတီအဖွဲ့ဝင် ပြောင်းလဲမှုရှိရာ ကော်မတီဝင်များအနေဖြင့် ရှမ်းပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အကြံဉာဏ်ကောင်းများရှိပါက ဆွေးနွေး အကြံပြုပေးကြပါရန်လည်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဦးထင်အောင်နိုင်က ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆိုင်ရာကိစ္စရပ်များနှင့် အစည်းအဝေးတွင် ဆုံးဖြတ်ချက်ရယူရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်သူများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။


**မောင်မောင်သန်း (တောင်ကြီး)**

# မန်းချောင်းနှင့် ရင်းရှည်ရေလှောင်တမံတို့မှ ရေကျော်နေ၍ အရေးပေါ်အခြေအနေ အသိပေးနှိုးဆော်ထား

**ငဖဲ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံနှင့် ရင်းရှည်ရေလှောင်တမံတို့တွင် ရေပိုလွှဲမှ ရေကျော်ကျနေ၍ အရေးပေါ်အခြေအနေ အဆင့်(၁)အဖြစ် အစိမ်းရောင်အလံလွှင့်ထူကာ ပြည်သူများအား အသိပေးနှိုးဆော်မှုများ ဆောင်ရွက်ထားကြောင်း ငဖဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးအောင်ကိုဦးထံမှ သိရသည်။

မန်းချောင်းရေလှောင်တမံသည် ယနေ့နံနက် ၁၀ နာရီ တိုင်းတာချက်အရ ဆည်ရေပြည့်အမှတ် ၆၂၅ ပေကို ကျော်လွန်၍ ၆၂၅ ဒသမ ၈ ပေသို့ ရောက်ရှိပြီး ပင်မရေပိုလွှဲမှ ဝ ဒသမ ၈ ပေ ရေကျော်လျက်ရှိပြီး ရင်းရှည်ရေလှောင်တမံသည် ဆည်ရေပြည့်အမှတ် ၆၀၂ ပေကို ကျော်လွန်၍ ၆၀၂ ဒသမ ၃ ပေသို့ ရောက်ရှိပြီး ဝ ဒသမ ၃ ပေ ရေကျော်နေခြင်းဖြစ်ကာ ရေကျော်မှုအခြေအနေကို မြို့နယ်အတွင်းရှိပြည်သူများ သိရှိနိုင်ရန် အရေးပေါ်အခြေအနေ ကြိုတင် စီမံခန့်ခွဲမှုအဆင့်(၁)အဖြစ် သတ်မှတ်ပြီး တမံရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရှင်းလင်းဆောင်နေရာများတွင်လည်းကောင်း၊ မန်းချောင်းဘေးရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများနှင့် ကျေးရွာခွဲများတွင်လည်းကောင်း အစိမ်းရောင်အလံများ စိုက်ထူ၍ အသိပေးနှိုးဆော်ထားခြင်းဖြစ်သည်။



ရေကျော်ကျနေသဖြင့် အစိမ်းရောင်အလံလွှင့်ထူ၍ သတိပေးထားစဉ်။

အဆိုပါ ရေလှောင်တမံတွင် နှစ်စဉ်ပင်မရေပိုလွှဲမှရေကျော်လေ့ရှိကာ ယခုနှစ် ဩဂုတ် ၁၃ ရက်ကလည်း ဝ ဒသမ ၈ ပေအထိ မြင့်တက်၍ ရေကျော်ကျခဲ့မှုရှိခဲ့ပြီး ယနေ့တွင်လည်း ဝ ဒသမ ၈ ပေ ထပ်မံရေကျော်ခြင်းဖြစ်ကာ စက်တင်ဘာလ စတုတ္ထပတ်အတွင်း မိုးရွာသွန်းမှုများခဲ့သည့်အတွက် ရင်းရှည်ဆည်နှင့် မန်းဆည်အတွင်း တောင်ကျချောင်းရေနှင့် မိုးရေများ အဆက်မပြတ်ဝင်ရောက်မှုကြောင့် ရေပိုလွှဲမှ ရေကျော်ကျခြင်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကင်းဝေးရေးအတွက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်အရ ပြည်သူများသိရှိနိုင်ရန် အသိပေးနှိုးဆော်ထားခြင်းဖြစ်ပြီး လက်ရှိအခြေအနေမှာ ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်စရာမရှိကြောင်း၊ တမံ၊ ရေထုတ်ပြွန်နှင့် ဆက်စပ်အဆောက်အအုံများအားလုံး ကြံ့ခိုင်ကောင်းမွန်ကြောင်းနှင့် ၂၄ နာရီ ရေကင်းတာဝန်ချထားပြီး ကြီးကြပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

# တန့်ယန်းမြို့ သာယာလှပစေရေးအတွက် မြန်မာ့ရိုးရာဆွမ်းအုပ်ပုံ စတင်တည်ဆောက်နေ

**တန့်ယန်း စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် မြို့သာယာလှပစေရန်နှင့် ပြည်သူများ စိတ်အပန်းပြေစေရန်အတွက် မြို့နယ်စည်ပင်သာယာရေးဌာနသည် ပန်းခြံများ၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ကွင်းများ၊ လမ်းဆုံများနှင့် လမ်းဘေးဝဲယာတို့တွင် အမြင်တင့်တယ်စေရန် မြေယာရှုခင်းနှင့် ပန်းအလှ စိုက်ခင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဗိုလ်ချုပ်လမ်းမကြီးနှင့် အမှတ်(၁၀)ရပ်ကွက် လမ်းဆုံနေရာ၌ မြန်မာမှုလက်ရာတို့ဖြင့် မြန်မာ့ရိုးရာ ဆွမ်းအုပ်ပုံကို စတင်တည်ဆောက်လျက်ရှိသည်။



တည်ဆောက်မည့် မြန်မာ့ရိုးရာဆွမ်းအုပ်ပုံ ဒီဇိုင်းပုံစံ။

ထိုသို့ တည်ဆောက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက စက်တင်ဘာ ၂၅ ရက်တွင် ကွင်းဆင်းကြည့်ရှုပြီး မြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ မိုင်းဟသ်ာထွန်းနှင့် တာဝန်ရှိသူများက တည်ဆောက်မှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဆွမ်းအုပ်ပုံသည် အမြင့် ၁၂ ပေရှိမည်ဖြစ်ပြီး မြေယာရှုခင်းပြင်ဆင်ခြင်းများလည်း ပါဝင်မည်ဖြစ်ကာ စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းမှုဖြင့် မြို့နယ် စည်ပင်သာယာရေးဌာနက တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)

# ရေတာရှည်မြို့နယ်၌ စက်သုံးဆီဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရန် ကွင်းဆင်းဆောင်ရွက်

**ရေတာရှည် စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စက်သုံးဆီဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေးအတွက် တောင်ငူခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ရေတာရှည်မြို့နယ် ဈေးကွက်စောင့်ကြည့်စစ်ဆေး ကြပ်မတ်ရေးအဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၂၄ ရက်က ကွင်းဆင်း ညှိနှိုင်းဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပထမအကြိမ် နိုင်ငံခြားသုံးငွေ ဒေါ်လာငါးသန်းဖြင့် ဝယ်ယူတင်သွင်းပြီး ပြန်လည်ရောင်းချပေးသည့် ဆီဆိုင်များအနက် ရေတာရှည်မြို့နယ်အတွင်း ပြန်လည်ရောင်းချမည့် စက်သုံးဆီအရောင်းဆိုင်တွင် ခွင့်ပြုဈေးနှုန်းနှင့် အမှန်တကယ်ရောင်းချသည့်ဈေးနှုန်း ကွာဟမှုမရှိစေရေးအတွက် ကွင်းဆင်းစိစစ် ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

အေးဆု




# နေရပ်စွန့်ခွာစခန်းများမှ ပြည်သူများအား သဘာဝဘေးကြိုတင်ကာကွယ်ရေး ပညာပေး

**မြောက်ဦး စက်တင်ဘာ ၂၅**

ရခိုင်ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မွန် ဦးဆောင်သော ဝန်ထမ်းများသည် မြောက်ဦးမြို့နယ် မြို့ပေါ်ရပ်ကွက်များရှိ နေရပ်စွန့်ခွာစခန်းများမှ ပြည်သူများအား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို စက်တင်ဘာ ၂၅ ရက်က ကွင်းဆင်းပညာပေး ဟောပြောသည်။

မြို့ပေါ်ရပ်ကွက်များအတွင်းရှိ နေရပ်စွန့်ခွာစခန်းများအနက်မှ လက်ကောက်ဈေး ဘုန်းတော်ကြီးကျောင်း နေရပ်စွန့်ခွာစခန်းနှင့် ညောင်ပင်ဈေးရပ်ကွက် သျှစ်သောင်းဘုန်းတော်ကြီးကျောင်း နေရပ်စွန့်ခွာစခန်းများတွင် လာရောက်ခိုလှုံသူများအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများအတွင်း၌ သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေးအန္တရာယ်၊ မုန်တိုင်းဘေးအန္တရာယ်၊ လျှပ်စီးဘေးအန္တရာယ်များ မကျရောက်မီ၊ ကျရောက်နေစဉ်နှင့် ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဟောပြောခဲ့ခြင်းဖြစ်သည်။

ကျေးလက်နေပြည်သူများအနေဖြင့် ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများလိုက်နာရန်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ၊ ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့်အချက်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ ရေဘေးအန္တရာယ်ကြောင့် လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကူညီဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ရှင်းလင်းဟောပြောပြီးနောက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက နေရပ်စွန့်ခွာစခန်းရှိ ပြည်သူများအား သဘာဝဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခင်မောင်ထွန်း(ပြန်/ဆက်)

# ပန်းတနော်၌ လေပြင်းတိုက်ခတ်၍ နေအိမ်တစ်လုံး ပျက်စီး

**ပန်းတနော် စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မအူချောင်းကျေးရွာ၌ စက်တင်ဘာ ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ကိုင်းပဲ့ကျ၍ အိမ်တစ်လုံးထိခိုက်ပျက်စီးခဲ့သည်။

အဆိုပါ ထိခိုက်ပျက်စီးသွားသောအိမ်ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသခံပြည်သူများက ပြန်လည်ပြုပြင်ပေးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက်)

## ဝေါမြို့တွင် ရဟန်း၊ သံဃာ၊ သီလရှင်များအား အခြေခံစားသောက်ကုန်များ ဆက်ကပ်လှူဒါန်း

**ဝေါ စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းမှ ရဟန်း၊ သံဃာ၊ သီလရှင်များအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော အခြေခံစားသောက်ကုန်များဖြစ်သည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဘုန်းကြီးကျောင်းများသို့ ယမန်နေ့က လိုက်လံလှူဒါန်းသည်။ ငွေကျပ် ၆၃၈၂၀၀၀ တန်ဖိုးရှိ ဆန် ၉၄ အိတ်၊ ဆီ ၉၄ ပုံး၊ ပဲ ၄၇၁ ထုပ်နှင့် ဆား ၄၇၁ ထုပ်တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် တာဝန်ရှိသူများက ဝေါမြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်း ၂၁ ကျောင်းမှ ဝါဆိုသံဃာ ၄၇၁ ပါးထံ သွားရောက်ဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။

စိုးမိုး(ပြန်/ဆက်)

# KIA တပ်မဟာ ၈ နယ်မြေအတွင်း သင်တန်းတက်ရောက်ခဲ့ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒဂုံမြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် (MGTN PDF) အဖွဲ့ဝင်များနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၅**

တိုင်းရင်းသား လက်နက်ကိုင်နယ်မြေများအတွင်း အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သူများ ပြန်လည် ရောက်ရှိနေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်၌ KIA တပ်မဟာ (၈) နယ်မြေအတွင်း စစ်သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် **ဘိုဘိုလင်း (၁၈ နှစ်)**ကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဘိုဘိုလင်း ၏ ထွက်ဆိုချက်အရ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်အရှေ့ရပ်ကွက်တွင် **မျိုးမင်းအောင်(၃၂ နှစ်)၊ သီဟချို(၂၄ နှစ်)** နှင့် ကမာရွတ်မြို့နယ် (၁)ရပ်ကွက် ရတနာလမ်းတွင် **ကျော်ကျော်ထွန်း(၂၁ နှစ်)၊ ဟိန်းထက်အောင်(၂၁ နှစ်)၊ ခင်နှင်းနွယ် (ခ) ငယ်လေး (၁၉ နှစ်)၊ ဝေဝေအောင် (ခ)ပေါက်စီ(၂၉ နှစ်)**တို့ကို ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

တရားခံ သီဟချို ၏ ထွက်ဆိုချက်အရ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်မြောက်ရပ်ကွက် ဒေါ်သိန်းတင်လမ်းတွင် **မေဇော်အောင် (၃၂ နှစ်)**နှင့် အထက်မန္တလေးလမ်းတွင် **ရာကူနေမြင့် (၄၈ နှစ်)**ကို ဖမ်းဆီးရမိခဲ့သည်။

## ဖမ်းဆီးရမိ

တရားခံ မေဇော်အောင် ၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၅၀) ရပ်ကွက် အနော်ရထာလမ်းတွင် **သီဟလင်း(ခ)ရဲရင့်ဟိန်း(၁၇ နှစ်)၊** မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် သမိုင်းမြို့ဟောင်း (၅)လမ်းထိပ်တွင် **ကျော်မင်းထက်(၂၁ နှစ်)၊** တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သရေခေတ္တရာ (၂၃)လမ်းတွင် **ကျော်ဇေယျာလင်း (၂၆ နှစ်)၊ ကျော်ကိုကိုဝင်း(၂၇ နှစ်)၊ ကျော်ထူးသန့်(၃၆ နှစ်)၊ မင်းသူ(၂၆ နှစ်)၊ အာကာဖြိုး (၂၁ နှစ်)**တို့ကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ သီဟလင်း ၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဗိုလ်မှူးဗထူးအိမ်ရာ တိုက်(အေ/၃)တွင် **ခင်မြင့်မိုရ်(၂၆ နှစ်)**ကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ ခင်မြင့်မိုရ် ၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၄ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး(တောင်) ရပ်ကွက်(၉၃)လမ်းထိပ်၌ တရားခံ **ထက်ထက်အောင် (၂၉ နှစ်)**ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိ တရားခံ ကျား ၁၃ ဦး၊ မ ငါးဦး **ပေါင်း ၁၈ ဦး**တို့ကို ဖမ်းဆီးရမိခဲ့သည်။

## ဖောက်ခွဲရေးသင်တန်းတက်

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ KIA တပ်မဟာ (၈) နယ်မြေအတွင်း ဖွင့်လှစ်သော အကြမ်းဖက်ဖောက်ခွဲရေး သင်တန်း အမှတ်စဉ်(၂)တွင် **ဟိန်းထက်အောင်(ခ)တရုတ်ကြီး၊** သင်တန်း အမှတ်စဉ်(၄)တွင် **ကျော်ဇေယျာလင်း၊ ကျော်ကိုကို ဝင်း၊ မင်းသူ နှင့် ကျော်ထူးသန့်၊** သင်တန်း အမှတ်စဉ်(၆)တွင် **ခင်မြင့်မိုရ်၊ သီဟလင်း၊ ခင်နှင်းနွယ်၊ ဝေဝေအောင်၊ ကျော်ကျော်ထွန်း၊ ကျော်မင်းထက်၊ မျိုးမင်းအောင်၊ သီဟချို၊ ဘိုဘိုလင်း** နှင့် **အာကာဖြိုး**တို့ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများသည် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မေလ (တတိယပတ်)တွင် Mingalar Taung Nyunt PDF (MGTN PDF) အဖွဲ့အား ဖွဲ့စည်းခဲ့ကြောင်း၊ အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ငွေကြေးအား မင်္ဂလာတောင်ညွန့်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးရန်အောင်က ထောက်ပံ့ပေးလျက်ရှိကြောင်း၊ MGTN PDF Facebook Page မှတစ်ဆင့် ငွေကြေးကောက်ခံ၍ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

## ချိန်ကိုက်မိုင်းဖောက်ခွဲ

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မေ ၈ ရက်တွင် **ဆံရှည်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဘီးလူး၊ မိုးထက်၊ ပြည့်ဖြိုး၊ ဇော်မင်း** တို့သည် အထက(၁) မင်္ဂလာတောင်ညွန့် ကျောင်းဝင်းအတွင်း၌ လက်လုပ်ချိန်ကိုက်မိုင်း နှစ်လုံးကို လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် ယာဉ်ထိန်းရုံး မီးပွိုင့်၌ လက်လုပ်ချိန်ကိုက်မိုင်းနှစ်လုံးကို လည်းကောင်း ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

မေ ၁၈ ရက်တွင် **ဆံရှည်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဘီးလူး၊ မိုးထက်၊ ပြည့်ဖြိုး၊ ဇော်မင်း**တို့သည် ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ယောမင်းကြီးလမ်း တိုက်(၄၅)၌ ချိန်ကိုက်မိုင်း တစ်လုံး ထားရှိခဲ့ကြောင်း ဖော်ထုတ် သိရှိရသည်။


ဇွန် ၁ ရက်တွင် **ဆံရှည်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဇော်မင်း၊ မန်ကျည်း**တို့သည် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းရှိ သျှီလာစတိုးတွင် လက်လုပ်မိုင်း တစ်လုံး ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

## အဖျက်လုပ်ငန်းဆောင်ရွက်

ဖမ်းဆီးရမိ တရားခံဖြစ်သော **ရာကူနေမြင့်** (နိုင်/ကျဉ်းဟောင်း) သည် We Love Mingalar Taung Nyunt အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဆူပူဆန္ဒပြအဖွဲ့များနှင့် အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းပြုလုပ်သူများကို ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသူဖြစ်ပြီး အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG နှင့် MGTN PDF အဖွဲ့ဝင်များအား ၎င်းမှ ချိတ်ဆက်ပေး၍ အဖျက်လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

*စာမျက်နှာ ၂၆ သို့*

**KIA တပ်မဟာ ၈ နယ်မြေအတွင်း သင်တန်းတက်ရောက်ခဲ့ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒဂုံမြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် (MGTN PDF) အဖွဲ့ဝင်များနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိ**








မေ ၈ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် ယာဉ်ထိန်းမီးပွိုင့်ရှိ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကသာခရိုင်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံ

ကသာ စက်တင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် စက်တင်ဘာ ၂၅ရက် နံနက်ပိုင်းက ကသာခရိုင်အတွင်းရှိ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ များနှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ကသာမြို့တော်ခန်းမ၌ တွေ့ဆုံသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူဆောင်ရွက်ရသည့် အချိန်ကာလအတွင်း၌ ကသာခရိုင်အတွင်းရှိ ပြည်သူများ၏ လုံခြုံရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး စသည့်လုပ်ငန်းများတွင် တွေ့ကြုံရသည့်အခက်အခဲများကို သိရှိနိုင်ရန်၊ လုပ်ငန်းလိုအပ်ချက်များကို လျင်မြန်စွာ ဖြည့်ဆည်း ဆောင်ရွက်နိုင်ရန်နှင့် ဒေသအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တွေ့ဆုံခြင်းဖြစ်ကြောင်း ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်း ဆောင်ရွက်ချက်များ တင်ပြရာတွင် မြေပြင်ရှိ အခက်အခဲများနှင့် ဆောင်ရွက်မှုအခြေအနေများကို အရှိတိုင်း တင်ပြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကသာခရိုင်အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ လုံခြုံရေး လုပ်ငန်းများနှင့် ကျန်းမာရေး လုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်း လိုအပ်ချက်များကို တင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ငွေကျပ် ၁၀ သိန်း၊ အောက်ဆီဂျင်အိုးများ၊ Concentrator များ၊ PPE ဝတ်စုံများ၊ အားကစားပစ္စည်းများနှင့် အစားအသောက်ပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသအတွင်း လုပ်ငန်း ဆောင်ရွက်ချက်များ တင်ပြမှုအပေါ် ပြန်လည်သုံးသပ်ရှင်းလင်းကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လောင်းလုံးမြို့နယ် သောကြာပြင်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူး၏နေအိမ်အနီး၌ တစ်ရွာတည်းနေ အကြမ်းဖက်သူများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ကလေးငယ် တစ်ဦးသေဆုံး

နေပြည်တော် စက်တင်ဘာ ၂၅

**တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် သောကြာပြင်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်အနီး တစ်ရွာတည်းနေအကြမ်းဖက်လူတစ်စုက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အသက် ၁၃ နှစ်အရွယ် အပြစ်မဲ့ ကလေးငယ် တစ်ဦး မိုင်းစထိမှန် သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။**

ဖြစ်စဉ်မှာ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် သောကြာပြင်ကျေးရွာ ဆင်မင်းရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူး၏ဇနီးဖြစ်သူ ဒေါ်ကြည်ဌေး (ဘ)ဦးအေးရှိနှင့် တူမဖြစ်သူ မအိအိငယ်(ဘ) ဦးမောင်လေး(အသက် ၁၃ နှစ်) တို့သည် စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီခွဲခန့်တွင် နေအိမ်ရှေ့ ခြံစည်းရိုး အနီး၌ ပန်းခူးနေစဉ် တစ်ရွာတည်းနေ အကြမ်းဖက်သူများထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် မအိအိငယ်သည် ဖြစ်စဉ်နေရာ၌ပင် မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ဒေါ်ကြည်ဌေးသည် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ထားဝယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များက တရားခံများအား ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၂ ရက် ညပိုင်းတွင် တစ်လမ်းတည်းနေထိုင်သူ စိုးမင်းထွေး (ဘ)ဦးလှရွှေအား ဦးစွာဖော်ထုတ် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ အဆိုပါဖြစ်စဉ်၌ ကျေးရွာနေသူများဖြစ်သည့် ဟိန်းသူအောင် (ဘ)ဦးအောင်ဖေ၊ ကျော်စိုး(ဘ)ဦးလှရိုန်နှင့် စောရွှေ(ဘ)ဦးလှရိုန်တို့ သုံးဦးပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် ပါဝင်ပတ်သက်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး လိုအပ်သည်များ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



လောင်းလုံးမြို့နယ် သောကြာပြင်ကျေးရွာ ဆင်မင်းရပ်ကွက် အုပ်ချုပ်ရေးမှူးအိမ်ရှေ့တွင် မိုင်းကွဲမှုနှင့် ပတ်သက်၍ ဖမ်းဆီးရမိသည့် တရားခံ စိုးမင်းထွေး။

*စာမျက်နှာ ၂၅ မှ*

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် စစ်ဆေးရေးဆောင်ရွက်နေသည့် ရွှေကျင်စစ်ဆေးရေးဂိတ်အား လက်လုပ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သူ နှစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၅

**မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါ တားဆီး ကာကွယ်ရေးအတွက် စစ်ဆေးရေး ဆောင်ရွက်နေသည့် ရွှေကျင် စစ်ဆေးရေးဂိတ်အား လက်လုပ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သူ နှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီး မြို့နယ် မန္တလေး-မတ္တရာ ကားလမ်းပေါ် ရွှေကျင်စစ်ဆေးရေးဂိတ် ဟောင်းအနီး ကိုဗစ်-၁၉ ရောဂါ တားဆီး ကာကွယ်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက စစ်ဆေးရေး ဆောင်ရွက်နေစဉ် ဆိုင်ကယ် မောင်းနှင်လာသည့် အကြမ်းဖက်သူ အမျိုးသားတစ်ဦးက လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ခဲ့ရာ စစ်ဆေးရေးဂိတ်၏ မြောက်ဘက်ရှိ သဲအိတ်ဘန်ကာအတွင်း ကျရောက်ပေါက်ကွဲခဲ့သည်။ **(ယာပုံ)**

ထိုကဲ့သို့ လက်လုပ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်ကာ ထွက်ပြေးသွားသည့် အကြမ်းဖက်သမားအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ အောင်မြေသာစံမြို့နယ် ဥယျာဉ်ရပ်ကွက်နေ လွင်ထူး (၄၇ နှစ်)ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ၎င်း၏သားဖြစ်သူ ကျော်ဇင်မင်း (၁၇ နှစ်)ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။



ဖြစ်စဉ်တွင် လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် လမ်းမပေါ်တွင် ဆိုင်ကယ်ဖြင့် သွားလာနေသည့် မတ္တရာမြို့နယ် နံ့သာမြိုင်ကျေးရွာနေ အမျိုးသမီးငယ် သုံးဦးတို့တွင် ဖူးရောင်နာကျင်ဒဏ်ရာများ ရရှိခဲ့သဖြင့် လွင်ထူးပါ နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

● *ကျောဖုံးမှ*

ဦးဆောင်ပွဲထွက်လာခဲ့သလို ဗီလာအသင်းကလည်း ဝက်ကင်စ်၊ ဒန်နီအင့်စ် စသည့် အဓိက ကစားသမားအများစုဖြင့် မန်ယူအသင်းကို ရင်ဆိုင်လာခဲ့သည်။ ပွဲအစမိနစ်များတွင် အက်စ်တွန်ဗီလာအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် မန်ယူအသင်း ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။

**ပထမပိုင်း ဂိုးမရှိသရေ**

မန်ယူအသင်းသည် ခြေစွမ်းအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် ဗီလာအသင်းအပေါ် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ပွဲချိန်ပြီးခါနီးတွင် မန်ယူအသင်းမှ ပေါ့ဂ်ဘာ၏ ခေါင်းတိုက်ချက် ဂိုးပေါက်နှင့် အနည်းငယ် လွဲချော်ခဲ့သောကြောင့် ပထမပိုင်းကို ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။

ဒုတိယပိုင်းတွင် အက်စ်တွန်ဗီလာအသင်းအနေဖြင့် မန်ယူအသင်းပေါ် ဖိအားပေးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ မန်ယူအသင်းမှ တိုက်စစ်ကစားသမား ဂရင်းဝုဒ် ရရှိသည့် အပိုင်အခွင့်အရေးများ လွဲချော်ခဲ့သည်။ ဗီလာအသင်း၏ ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေးများကိုလည်း မန်ယူခံစစ်နှင့် ဂိုးသမားတို့ ကာကွယ်ထားနိုင်သဖြင့် ပွဲချိန်မိနစ် ၈၀ ကျော်သည်အထိ သွင်းဂိုးများ မြင်တွေ့ခဲ့ရခြင်း မရှိချေ။

**ပယ်နယ်တီဂိုးမဝင်**

ပွဲချိန် ၈၈ မိနစ်တွင် အက်စ်တွန်ဗီလာအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး ဟော့စ်က သွင်းယူပေးနိုင်ခဲ့သည်။ မန်ယူအသင်းသည် ပွဲချိန်ပြီးခါနီးတွင် ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း ကွင်းလယ်ကစားသမား ဖာနန်ဒက်စ် ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အက်စ်တွန်ဗီလာအသင်းသည် မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် ၁၂နှစ်အကြာမှ မန်ယူအသင်းကို အိုးထရက်ဖို့ဒ်၌ ပထမဆုံးအကြိမ် ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ် ခြောက်ပွဲကစားပြီးချိန်တွင် လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၃ မှတ် ရရှိထားသည်။ ဗီလာအသင်းက ခြောက်ပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ် ၁၀ မှတ် ရရှိထားသည်။

**မန်စီးတီးအနိုင်ရ**

နာမည်ကြီး ချယ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် မန်စီးတီးအသင်းက ပွဲချိန် ၅၃ မိနစ်တွင် ရရှိခဲ့သော ဂျီးဆပ်စ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ချယ်ဆီးအသင်းကို အနိုင်ရရှိခဲ့သည်။ ချယ်ဆီးနှင့် မန်စီးတီးတို့မှာ ခြောက်ပွဲစီ ကစားအပြီး ၁၃ မှတ်စီ ရရှိထားသည်။

**အခြားပွဲစဉ်ရလဒ်**

အဲဗာတန်နှင့် နော့ဝှစ်ချ်ပွဲတွင် အဲဗာတန်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ဝက်စ်ဟမ်းက အဝေးကွင်း၌ လိဒ်စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ လက်စတာနှင့် ဘန်လေတို့ပွဲမှာ နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

**အောင်ဇော်**

## ဆိုင်ကလုန်းမုန်တိုင်း ဂူးလက်ပ် မြန်မာနိုင်ငံဘက် ဦးတည်မည့်အခြေအနေမရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ယနေ့ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမို အားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း "ဂူးလက်ပ်" အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၂၈၀ ခန့်၊ ဂွမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၃၆၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၃၇၀ ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၅၅ မိုင်ခန့် နှင့် ဂိုလ်ပါပူမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၂၀၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ ဆိုင်ကလုန်းမုန်တိုင်း "ဂူးလက်ပ်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေ မရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"ဂူးလက်ပ်"သည် အနောက်ဘက်သို့ ရွေ့လျားကာ နောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေနှင့် ဩရိဿတောင်ပိုင်းကမ်းခြေတို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါသည်။

ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် ယနေ့ ညမှ နောက် ၄၈ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်ပါသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင် သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အိမ်ရှင်နိုင်ငံ မကြာမီအတည်ပြုမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

အာဆီယံဘောလုံး အဖွဲ့ချုပ်သည် ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အိမ်ရှင်နိုင်ငံကို မကြာမီ အတည်ပြုမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ထိုင်း၊ စင်ကာပူနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က လျှောက်ထားပြီး ယင်းသုံးနိုင်ငံအနက် တစ်နိုင်ငံကို ရွေးချယ်သွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ် အနေဖြင့် လျှောက်ထားသည့် နိုင်ငံများမှ ကိုဗစ်-၁၉ ကပ်ရောဂါအား ထိန်းချုပ်နိုင်သည့် အနေအထား အပေါ်မူတည်၍ ရွေးချယ်သွားဖွယ်ရှိနေသည်။

ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲအတွက် တည်ဆောက် ပြီးစီးသွားသည့် Morodok Techo ဘောလုံးကွင်းတွင် ပြုလုပ်ရန် လျှောက်ထားခြင်းဖြစ်ပြီး ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှာလည်း အိမ်ရှင်အဖြစ် မကြာခဏ ကျင်းပနေသောကြောင့် ထပ်မံကျင်းပခွင့်ရရန် လျှောက်ထားခြင်းဖြစ်သည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ကျင်းပသည့်ပုံစံများ အကြိမ်ကြိမ် ပြောင်းလဲခဲ့ပြီး ၁၉၉၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်ပြိုင်ပွဲအထိ ပွဲစဉ်အားလုံးကို အိမ်ရှင်တစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံတွင်သာ ကျင်းပခဲ့ရာ ၂၀၀၂ ခုနှစ် ၂၀၁၆ ခုနှစ်အထိ အုပ်စုနှစ်ခုကို အိမ်ရှင်နှစ်နိုင်ငံ ရွေးချယ်ကာ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုမူ တက်ရောက်သည့် အသင်းများ၏ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင်မူ ပုံစံထပ်မံပြောင်းလဲကာ အိမ်ရှင်နိုင်ငံ ရွေးချယ်ခြင်းမရှိတော့ဘဲ ပြိုင်ပွဲဝင်အသင်းတစ်သင်း အနေဖြင့် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲ၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို ယခင်အတိုင်း အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

ယခုနှစ်တွင်မူ ကပ်ရောဂါအခြေအနေကြောင့် ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း မကျင်းပနိုင်ဘဲ အိမ်ရှင်နိုင်ငံ ရွေးချယ်၍ ကျင်းပရမည်ဖြစ်သည်။ စက်တင်ဘာ ၂၁ ရက်က ပြုလုပ်သည့် အုပ်စုမဲခွဲပွဲတွင် အိမ်ရှင်နိုင်ငံကို အတည်ပြုရန် စီစဉ်ထားသော်လည်း အာဆီယံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အတည်ပြုခဲ့ခြင်း မရှိဘဲ အောက်တိုဘာနှင့် နိုဝင်ဘာမှသာ အတည်ပြုမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) တွင် ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ခြေစစ်ပွဲအောင်အသင်း (တီမော/ဘရူနိုင်း)၊ အုပ်စု (B) တွင် ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုတို့ ပါဝင်နေသည်။

**ရဲရင့်လွင်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မွှာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | မွှာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၁၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ပြည်ထဲရေးဝန်ကြီးဌာန
# မီးသတ်ဦးစီးဌာန
# ကရင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ မတ်လထိ)ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းများအားဝယ်ယူရန် ပြည်တွင်း/ပြည်ပကုမ္ပဏီများ အား တင်ဒါခေါ်ယူရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တည်ဆောက်ရေးလုပ်ငန်းများ**
- (၁) ဘားအံခရိုင်ရုံး (၆၀'x၃၀') RC ၂ ထပ် လူပျိုဆောင် (ရေသန့်၊ လျှပ်စစ်ပါ)
- (၂) ဘားအံခရိုင်ရုံး(၁၂'x၈'x၄၂')လေ့ကျင့်ရေးမျှော်စင်နှင့် (၄၀'x၁၆'x၈')ရေစင်(RC)
- (၃) ပြည်နယ်မီးသတ်ဦးစီးမှူးရုံး(အကြီးစားပြင်ဆင်ခြင်း)လုပ်ငန်း
- (၄) ဖာပွန်မြို့နယ်မီးသတ်စခန်း(၅၀'x၄၀'x ၃၄')RC ၂ ခန်းတွဲ ၃ ထပ် (ရေသန့်၊ လျှပ်စစ်ပါ)

(ခ) **ဝယ်ယူရေးလုပ်ငန်းများ**
- (၁) မီးငြိမ်းသတ်ယာဉ် (၂)စီး
- (၂) မီးသတ်ရေသယ်ယာဉ်ဂါလန်(၁၆၀၀)ဆံ့ (၁) စီး
- (၃) အမြှုပ်မီးသတ်ယာဉ် Foam Tender (၁)စီး

၂။ တင်ဒါလျှောက်လွှာများကို ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ဘားအံမြို့တွင် အောက်ပါအတိုင်း တင်သွင်းရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-

(က) **တင်ဒါလျှောက်လွှာယူရန်** - ၂၃-၉-၂၀၂၁ ရက်နေ့မှစတင်၍ ဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** - ၁၁-၁၀-၂၀၂၁ရက်မှ ၂၂-၁၀-၂၀၂၁ ရက်အထိ

၃။ အသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး(ဘားအံ)မြို့သို့ ဖုန်း- ၀၅၈-၂၂၆၀၆အား ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂၉)၊ ၃၄ လမ်း၊ ၆၂x၆၃ လမ်းကြားနေ ဦးမောင်မောင်သိန်း(ဘ)ဦးမောင်မောင် ၅/ကလတ(နိုင်)၀၀၇၇၃၀၊ ECCENTRIC TRADING COMPANY LIMITED ၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။




**ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ်(၅၄၅/၂၀၂၁)**

ECCENTRIC TRADING COMPANY LIMITED သည် အထက်ဖော်ပြပါ ''Chandelle''အမည် ကုန်အမှတ်တံဆိပ်ဖြင့် အလှကုန်ပစ္စည်းအမျိုးမျိုးကို ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ''Chandelle''အမည်ရှိ အမှတ်တံဆိပ်သည် ECCENTRIC TRADING COMPANY LIMITED မှုပိုင်အမှတ်တံဆိပ်ဖြစ်ကြောင်း ၂၈-၁-၂၀၂၁ရက်က မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သွင်းကြေညာခြင်းစာချုပ်အမှတ် ၅၄၅/၂၀၂၁ ဖြင့် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးနောက် ယင်းကုန်အမှတ်တံဆိပ်ဖြင့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အခြားသူတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ အများကသော်လည်းကောင်း၊ အဆိုပါ ''Chandelle''အမည်ရှိသော ကုန်အမှတ်တံဆိပ်ဖြင့် အလှကုန်ပစ္စည်းအမျိုးမျိုး၏အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တုပပြုလုပ် သုံးစွဲလုပ်ကိုင်ခြင်း မပြုကြရန်နှင့် သုံးစွဲလုပ်ကိုင်ဆောင်ရွက်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်သိန်း(Director)**
**ECCENTRIC TRADING COMPANY LIMITED ၏လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| ဦးလှိုင်မင်း | ဦးဖြိုးသက်အောင် | ဦးသက်နောင်မြင့် |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၁၁၄၄) | (စဉ်-၁၃၄၂၇) | (စဉ်-၁၅၇၆၈) |

| | |
|---|---|
| ဒေါ်မိုးမိုးကျော် | ဒေါ်နန်းမြအောင် |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၉၅၇၆) | (စဉ်-၄၈၉၀၃) |

(က-၁/၅၇)မြို့သစ်(၅)၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြား၊ ၇၂ လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၄၀၂၅၃၇၁၉၃၊ ၀၉-၄၀၂၅၅၂၈၄

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်(၂၆)၊ လူနေရပ်ကွက် မြို့ဦးရိပ်မွန်၊ မြေကွက်အမှတ်-၈၃၃ အားဦးမျိုးမြင့် ၁၂/မဂတ(နိုင်)၀၃၁၉၅၃ မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဖခင်ဖြစ်သူ ကွယ်လွန်ပြီးနောက် သားဖြစ်သူ ဦးဝဏ္ဏငွေ ၁၂/မဂတ(နိုင်)၀၈၅၃၆၀ နှင့် သမီးဖြစ်သူ ဒေါ်တင်မမမျိုး ၁၂/တမန(နိုင်)၁၁၀၈၀၁တို့မှ အဆိုပါမြေကွက်ပေါ်ရှိ ဦးမျိုးမြင့်အမည်ဖြင့် ဆောက်လုပ်ခွင့်ပြုထားသော (၆)ထပ်ခွဲ အဆောက်အဦတွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်မည်ဖြစ်ပါသောကြောင့် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

**ဒေါ်ခင်နှင်းအေး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၈၇/၂၀၁၇)**
**အမှတ်(၁၀၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၇၉၅၇၃၇၂၉၉**

## အများပြည်သူများသိရှိစေရန်ကြေညာခြင်း

မော်လမြိုင်ကျွန်းမြို့၊ (၁)ရပ်ကွက်၊ (၃)လမ်း၊ အိမ်အမှတ်(၃)တွင် ဖွင့်လှစ်ထားသော မင်းသရဖူအသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက် အနေဖြင့် လုပ်ငန်းကျွမ်းကျင်သော ဝန်ထမ်းများနည်းပါးခြင်းတို့ကြောင့် မိမိကုမ္ပဏီလီမိတက်၏ ငွေရေးကြေးရေးလုပ်ငန်းများအား ပိတ်သိမ်းမည် ဖြစ်ပါသဖြင့် ရရန်/ပေးရန်ရှိသူများအနေဖြင့် ကြော်ငြာပါရှိသည့်ရက်မှ ၁၀ရက်အတွင်း ကုမ္ပဏီတည်ရှိရာနေရာတွင် ဆက်သွယ်ဆောင်ရွက်ကြပါရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသန့်**
**မန်နေဂျင်းဒါရိုက်တာ**
**မော်လမြိုင်ကျွန်းမြို့**

## မိခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ သမ္ဘရာတိုင်း အုပ်စုကျောင်း(ခွဲ)၊ အထကဝဲကြီး Grade-10မှ (ဘ)ဦးအောင်မြင့်ထွန်း၏ သား မောင်သာထက်အောင်၏မိခင် အမည်မှန်မှာ ဒေါ်ခင်မာသန်း ၁၄/ဟသတ(နိုင်)၁၈၅၇၀၈ ဖြစ်ပါသည်။

## မိခင်အမည်မှန်

ဟသ်ာတမြို့၊ အမှတ်(၃)၊ အထက ဒသမတန်းမှ(ဘ) ဦးစိုးပိုင်၏ သား မောင်ခန့်ရာဇာ၏ မိခင်အမည်မှန်မှာ ဒေါ်စိုး ၁၄/ဟသတ(နိုင်)၀၄၅၄၇၄ ဖြစ်ပါသည်။ **ဒေါ်စိုး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/2169၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကော့ကရိတ်)**

## အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ပုလဲကွန်ဒို၊ တိုက်-(F)၊ အခန်း(၀၇-၂)၊ (အလွှာ-၇၊ အခန်း-၂)၊ ဧရိယာ ၁၅၆၆ စတုရန်းပေအကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်း အပါအဝင် ယင်းကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား တိုက်ခန်းအမည်ပေါက်ပိုင်ရှင် ဦးနိုင်အောင်ထွန်း(ဘ)ဦးတင်ထွန်း ၁၂/ရကန(နိုင်)၀၀၁၇၃၉၊ ပုလဲကွန်ဒို၊ တိုက်-(F)၊ အခန်း(၂)၊ (၇)လွှာ၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL) | ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| အမှတ်-၁၂၂၊ ၂ လမ်း၊ အရှေ့ကြို့ကုန်း | အမှတ်-၁၂၂၊ ၂ လမ်း၊ အရှေ့ကြို့ကုန်း |
| အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀ |

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်ဦး ၁၄/ကလန(နိုင်)၁၄၄၉၇၀၏ CDCစာအုပ်(၁၁၂၇၄၉) သည် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၃၇၅၈၄၃

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဖြိုးကျော်ကျော် ၁၂/အလန(နိုင်)၀၄၄၄၀၅၏CDCစာအုပ် (၁၁၁၈၂၆) နှင့် Passport စာအုပ် ME056916သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၃၇၅၈၄၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၂ /မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၂၈၆+၂၈၇+၃၂၀+၃၂၁)၊ ဧရိယာ ၀ ဒသမ ၂၁၅ ဧကရှိမြေအား ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ မြဘုံသာ(၁) လမ်းနေ ဦးသိန်းကြည် ၁၄/ပတန(နိုင်)၀၁၆၈၄၈ မှ မြေငှားဂရန် အသစ်ရရှိရေးအတွက် မြေပေးမိန့်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆိုယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဖယ/၃၂၀၄၅ ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်း ၁၀/ပမန(နိုင်)၁၆၆၃၉၀က ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/1584,Kan Aung KN1, Pickup(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်လင်း ၈/ပခက(နိုင်)၁၈၉၁၇၄ က ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၁၀၉၁)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူ ဒေါ်မြစိန် ၁၂/ဥကတ(နိုင်)၀၅၀၈၇၁ ထံမှ ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးတင့်ကျော် ၈/ပခက(နိုင်)၁၈၇၉၄၃ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်နိုင်ငြိမ်းဆွေ (LL.B) | ဒေါ်မေဝင်းမော် (LL.B) |
| စဉ်-၁၁၄၄၅/၂၀၁၆ | စဉ်-၁၃၇၂၈/၂၀၁၇ |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၄၀၅၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၄၄၈၀၂၀၀၄၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၄)၊ လူနေရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ်(၂၅၈/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ရှိ ဦးတင်အောင်(ISN-088376)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးကျော်မျိုး ၁၄/ဟသတ(နိုင်) ၂၀၃၇၀၂ မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုထွေး ၁၄/ဝခမ(နိုင်)၁၇၄၆၄၅ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို)ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ် စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်းကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဝေဝေအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၄၃၀)**
**အမှတ်(၃၉၁/က)၊ ရန်ကြီးအောင်(၃)လမ်း၊**
**၁၁ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၂၄၁၆၃၀၉၊ ၀၉-၇၇၇၂၉၁၇၇၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဖယ/၉၈၈၃၀ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင်ဦး ၁၀/မဒန(နိုင်)၂၆၈၅၂က ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/42683, ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတိုး ၁၄/ကပန(နိုင်)၀၀၀၆၃၁က ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၃-၂)၊ ဦးပိုင် အမှတ်(၁)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက်ကို မူလက ဦးထွန်းသိန်းအမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ၃၀-၈-၂၀၁၀ ရက်တွင် ဦးထွန်းသိန်းထံမှ ဒေါ်ခေါင်နောကလည်းကောင်း၊ ၂၂-၉-၂၀၂၀ ရက်တွင် ဒေါ်ခေါင်နောထံမှ ဦးထွန်းမြင့်အောင်ကြည်ဦးကလည်းကောင်း နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးထွန်းမြင့်အောင်ကြည်ဦး ၉/ပမန(နိုင်)၁၃၁၆၀၇ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် ၃-၆-၂၀၂၁ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၁၂/၂၀၂၁)ကို ၇-၆-၂၀၂၁ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၁၁၂/၂၀၂၁)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## သွားနုတ္တသားအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော်၏ သားဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ အမှတ်(၅၁)နေ ဦးဇော်ထိုက်အောင် ၁၀/မလမ(နိုင်)၁၈၇၂၀၈ သည် ဖခင်ဖြစ်သူ၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် ဖခင်ဖြစ်သူအပေါ် ရန်သူသဖွယ် အကြိမ်ကြိမ်ဆက်ဆံခဲ့သောကြောင့် ဤကြေညာစာ သတင်းစာတွင် ပါသည့်ရက်မှစ၍ သွားနုတ္တသားအဖြစ် ကြေညာ၍ အမွေပြတ်စွန့်လွှတ် ကြောင်း ဦးဇော်ထိုက်အောင်နှင့် အများသိစေရန် ကြေညာလိုက်သည်။

**ဦးချိန်ရီ**
**၁၀/မလမ(နိုင်)၀၂၈၇၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့၊ ဥပ္ပံုစုရပ်ကွက်၊ အမှတ်(၇)၊ မြဝတီ၊ ဂျိုးဖြူကန်လမ်းဟုခေါ်တွင်သော ကွင်းအမှတ်(၇)၊ ကွင်းအမည်-တိုက်ကြီးရှမ်းစုမြောက်ကွင်း၊ ဦးပိုင်အမှတ်-( ဃ/ ၁၁/၄၁)၊ ဧရိယာ - ဒသမ ၀၈၄ ၊ မြေလုပ်ကိုင်သူအမည်-ဒေါ်တင်တင်မူအမည်ပေါက် ဒေါ်တင်တင်မူ ပိုင်ဆိုင်သော (အရှေ့မျက်နှာစာပေ၄၃x အရှေ့မှ အနောက် ပေ၉၀)မြေကွက်၏ ခြေရင်းဘက်(၂၅ပေx၉၀ပေ) အားဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရောင်းချသူ-
ဒေါ်တင်တင်မူ
၁၂/တကန(နိုင်)၁၁၉၄၅၁

**ဦးအောင်ဇာနည်ထွန်း**
**၁၂/တကန(နိုင်)၁၄၉၂၆၈**
**အမှတ်- ဂျီဝမ်းစီ-၁၉၇၊ သရဖီလမ်း၊ ဥပ္ပံုစုရပ်ကွက်၊ တိုက်ကြီးမြို့၊**
**ဖုန်း-၀၉-၄၅၀၀၂၃၇၀၈**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆-ဂျေ၊ မြေကွက်အမှတ်(၁၁၄ အင်န်/၂ အေ+လမ်း)၊ မြေဧရိယာ ၀ ဒသမ၂၂၃ ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၁/က-၁နှင့် ၁၁/က-၂၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အဦများအပါအဝင်ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ပိုင်ရှင် ဒေါ်စန်းကြည်နှင့် ခင်ပွန်း ဦးလှမြင့်တို့၏သားသမီးများဖြစ်ကြပြီး၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးကျော်ဦးမြင့် ၇/ပခန(နိုင်)၀၆၂၈၁၅၊ (၂) ဒေါ်သီတာမြင့် ၁၂/မဂဒ(နိုင်)၀၁၂၅၄၈ ၊ (၃) ဒေါ်သူဇာမြင့် ၇/ပခန(နိုင်)၀၆၂၉၂၆နှင့် (၄)ဦးအောင်ထူးမြင့် ၁၂/သဃက (နိုင်) ၀၄၆၇၅၅တို့(၄)ဦးတို့ထံမှဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦအား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL) | ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| အမှတ်-၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း၊ | အမှတ်-၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း၊ |
| အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀ |

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ထားဝယ်ခရိုင်၊ ကလိန်အောင်မြို့၊ အမှတ် (၄)ရပ်ကွက်နေ (ဦးအုန်းဝင်း)-ဒေါ်ခင်မိုးကြည် တို့၏သမီးဖြစ်သူ မကေသီဝင်း ၆/ရဖန(နိုင်)၀၅၇၄၅၂သည် မိဘမောင်နှမများ၏ ဆုံးမမှုကို မနာခံဘဲ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ကျူးလွန်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝ(လုံးဝ)တာဝန် မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်ခင်မိုးကြည် ၆/ရဖန(နိုင်)၀၀၀၂၆၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့နယ်၊ ကောင်းကြဲ(ပိတ်)ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၀၂၊ ဆုံကွယ်ကွင်း)၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ ၀ ဒသမ ၈၉၀အား ဒေါ်မီမီဝင်း ၁၃/လရန(နိုင်)၁၃၆၁၅၀ နှင့် ဒေါ်ခင်ဖြိုးဝေ ၁၃/လရန(နိုင်)၁၃၅၉၉၅ အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အမိန့်အမှတ်(၄/၂၀၂၁)ဖြင့် ဒေါ်မီမီဝင်းနှင့် ဒေါ်ခင်ဖြိုးဝေအား အခြားနည်းဖြင့် အသုံးပြုခွင့် ခွင့်ပြုပြီးဖြစ်သဖြင့် စက်မှု/စီးပွား မြေငှားဂရန်ရရှိရေး သတ်မှတ်စာရွက်စာတမ်းများဖြင့် လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ်(၅၀/ခိုလောင်းရပ်)၊ ဦးပိုင်အမှတ်(၂၈/ဃ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၆၄ ဧကရှိ အမှုတွဲအမှတ် ၁၈၄-၅/၂၀၀၂-၂၀၀၃ (အေ)ဖြင့် ဒေါ်အလောက် ၁၃/ကခန(နိုင်)၀၂၀၀၄၉ အမည်ပေါက် ပိုင်ဆိုင်သည့်မြေကွက်အား ၎င်း၏အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူမအေးမွန်း ၁၃/သနန(နိုင်)၀၂၆၆၇၄မှ စာချုပ်အမှတ် ၃၂၇၊/၂၀၂၀ ဖြင့် ဦးလီကျင်းရှန် ၁၃/ကလတ(နိုင်)၀၃၁၅၃၇ထံသို့ ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဦးလီကျင်းရှန်မှ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက် နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/2699၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်သူဟိန်း ၁၄/ညတန(နိုင်)၂၂၀၄၂၇ ၏ CDCစာအုပ် (၁၁၃၂၁၆) သည် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၃၇၅၈၄၃

## ဥတုရာသီ တောကိုမှီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ မြို့နယ်များအား မိမိနေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်မှ ပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
အမိန့်အမှတ်၊ ၄၂၉/၂၀၂၁
၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များမှ ရောဂါကူးစက်မှုများပြားသော မြို့နယ်များအတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း အမိန့်များထုတ်ပြန်ကြေညာခဲ့ပါသည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ◆

## အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြပြီး လက်လုပ်မိုင်းများ ပြုလုပ်ဖောက်ခွဲခဲ့သူများအား ဖမ်းဆီးရမိ





တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ဖြဟ္မစိုရ်လမ်းနှင့် ပင်းယလမ်းထိပ်၌ ဖမ်းဆီးရမိသည့် လက်လုပ်ဗုံးများနှင့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၅**

စက်တင်ဘာ ၅ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ဖြဟ္မစိုရ်လမ်းနှင့် ပင်းယလမ်းထိပ်၌ ယာဉ်မောင်း **ကျော်ကိုလင်း (ခ) AJ (၃၄)နှစ် မောင်းနှင်ပြီး စိုင်းပိုင်စိုးနောင်(ခ) မာဝီ(၃၀)နှစ်** လိုက်ပါလာသည့် CRV (အဖြူရောင်) ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းအတွင်းမှ အပြာရောင် PVC ပိုက်၊ Keypad ဖုန်းတို့ဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်း လေးလုံးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

တရားခံ ကျော်ကိုလင်း၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၈ ရက်တွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် မစိုးရိမ်လမ်း အိမ်အမှတ် (၃၁–အေ)အား ဝင်ရောက်ရှာဖွေခဲ့ရာ **ဝင်းကိုအောင်(၂၉)နှစ်၊ ထင်ကျော်(၅၇)နှစ် နှင့် အိဖြူ (၃၀)နှစ်**တို့ကို ၉ မမ ကျည် ခုနစ်တောင့်၊ ပွိုင့်–၂၂ ကျည် ခုနစ်တောင့်၊ လက်ပစ်ဗုံးဖြူ(စ်) တစ်ခု၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

## ဖာနန်ဒက်စ်ပယ်နယ်တီ လွဲချော်မှုကြောင့် မန်ယူတို့ ပထမဆုံး ရှုံးပွဲကြုံ

ပရီမီယာလိဂ် ပွဲစဉ်(၆)၏ အစောဆုံးပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်ကို အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ အက်စ်တွန်ဗီလာ အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အက်စ်တွန်ဗီလာအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ဟော့စ်က ခေါင်းတိုက်သွင်းယူပေးနိုင်ခဲ့သည်။

မန်ယူအသင်းသည် ယနေ့ပွဲစဉ်တွင် ဂရင်းဝုဒ်၊ ဖာနန်ဒက်စ်၊ ပေါ့ဂ်ဘာ၊ စီရော်နယ်ဒိုတို့

*စာမျက်နှာ ၂၇ ကော်လံ ၁* ●



အက်စ်တွန်ဗီလာအသင်းက မန်ယူအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

ယနေ့ သတင်းအညွှန်း

သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချမှုအစီအစဉ်
ပြည်တွင်းသတင်း စာ – ၁၁

ဆီးရီးယားနိုင်ငံ၌ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ပဋိပက္ခကြောင့် သေဆုံးသူ သုံးသိန်းခွဲကျော်ရှိလာ
နိုင်ငံတကာသတင်း စာ – ၁၃

အနုဝဏ္ဏနာနိ ကမ္မာနိ
ဆောင်းပါး စာ – ၂၀